

TSM
PUBLISHING CENTER
ချစ်ခြင်းပြိုင် ဘယ်သူနိုင်
လင်း

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၂၀၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၃၄၀၅၀၉
**ထုတ်ဝေခြင်း**
၂၀၀၉ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်
**ထုတ်ဝေသူ**
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း (၁)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**
ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်
အမှတ်(၁၀၆)၊ တာမွေလမ်း။
တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ** - ရန်နိုင်ဦး
**ကွန်ပျူတာ** - ပန်းအိစံ
**ပြန်ဆိုရေး** - မြတ်မာမာမင်း၊ မင်းလေး၊ အေးအေးအောင်
**အတွင်းဖလင်** - ကိုအောင်ကျော်
**စာအုပ်ချုပ်** - သစ္စာမွန်
သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

၈၉၅ . ၈၃
သျှင်မ
ချစ်ခြင်းပြိုင်ဘယ်သူနိုင် / သျှင်မ ။ - ရန်ကုန်
ရဲအောင်စာပေ၊ ၂၀၀၉။
၂၅၇ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၀) ချစ်ခြင်းပြိုင်ဘယ်သူနိုင်

**သျှင်မ**

# ချစ်ခြင်းပြိုင် ဘယ်သူနိုင်

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# အခန်း(၁)

*တို့တွေမြူးမယ်... ဒီသင်္ကြန်ပွဲ...*
*... မြူးကိုမြူးမယ်... ဒီလိုအချိန်အခါပွဲ...*
*... ဟိုမှာ ဒီမှာဟော့... မဏ္ဍပ်စုံအောင် လျှောက်လည်မယ်...*
*... ဟိုမှာ ဒီမှာဟော့... အချောအလှတွေပေါ်တယ်...*
*... လှတွေတစ်ယောက်ပြီး တစ်ယောက် ပြီး တစ်ယောက်... မေးမယ်... ကြိုက်တဲ့သူတွေ့ရင်... ဖုန်းနံပါတ် နဲ့ address တောင်း... နှုတ်ဆိုခွက်နဲ့ ရေထပ်လောင်း... အမှတ်တရလက်ဆောင်လည်း တောင်း...*

သစ္စာမွန်စာပေ

နားထဲမှာ တီးသံဆိုသံတွေ ဆူညံပွက်ထနေသည်။

ဒေါ်ခင်ခင်ထက် အိပ်ရာထဲမှာ တစောင်းလှဲ၍ ပုတီးစိပ်ရင်း ဟိုဘက်ကို လှည့်စောင်းလိုက်ရသည်။

သကြိန်ကလည်း သကြိန်

ကဲကြတဲ့ကလေးတွေကလည်း လွန်ပါသည်။

အဲဒီထဲမှာပဲ ကိုယ့်သမီးက အဆိုးဆုံးဖြစ်နေသည်။

*… မင်းလေး မိအောင်ဖမ်းလိုက်စမ်းပါ ရေသူမ…*

*… မင်းလေး မိအောင်ဖမ်းလိုက်စမ်းပါ ဝါးဟား… ဟား*

*… ရေမှာဆို ငါတို့ သိပ်ကိုကျွမ်း…*

ကြည့်စမ်း… နောက်တစ်ပုဒ် ဖြစ်သွားပြန်ပြီ။

တစ်ပုဒ်ထဆိုလိုက်လို့ ဒီတစ်ပုဒ်ပြီးရင် ပြီးပြီထင်ရဲ့လို့ မှတ်ပါသည်။

တစ်ပုဒ်ပြီးတစ်ပုဒ် ပြီးနိုင်ပါဦးမည်လား။

ဒေါ်ခင်ခင်ထက် ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ အိပ်ရာပေါ်ကနေ ဆဟ်ခနဲထလိုက်သည်။

*… မင်းလေး မိအောင်ဖမ်းလိုက်စမ်းပါ ရေသူမ…*

*… မင်းလေး မိအောင်ဖမ်းလိုက်စမ်းပါ ဝါးဟား… ဟား…*

*… ရေမှာဆို ငါတို့သိပ်ကို ကျွမ်း…*

"စီးစီး"





"ရှင်…"

နောက်က ခေါ်သံကြောင့် သီချင်းနဲ့ရောကာ အာခေါင်ခြစ်ထူးပစ်လိုက်ပြီးမှ စီးစီး မျက်လုံးပြူးကာ ဟယ်ခနဲ ပါးစပ်ပြန်ပိတ်ပြီး…

"အေး… ကျွမ်းကျင်လေ၊ သိပ်ကိုကျွမ်းတာ၊ အမေသိတာပေါ့၊ ကဲ…"

ဒေါက်ခနဲ ဒေါက်ခနဲမြည်ကာ ဦးခေါင်းထိပ်မှာ ပူဆင်းသွားပြီး…

"မေမေ"

"ဘာမေမေလဲ… ညကြီးမိုးချုပ် အခါကြီးရက်ကြီးမှာ သက်ကြီးရွယ်အိုတွေ ဥပုသ်စောင့်ကြ၊ တရားထိုင်ကြ၊ ဒါကို နားမလည်ဘူးလား၊ ကက်ဆက်က ဖွင့်ထားသေး၊ ဂစ်တာက ထပ်တီးသေး၊ ပတ်ဝန်းကျင်ကို နည်းနည်းပါးပါးမှ အားမနာဘူး၊ မိမဆုံးမ ဖမဆုံးမ သားသမီးဆိုရင် မအေငုတ်တုတ်ကြီးက ခွေးလုံးလုံး ဖြစ်ရဦးမယ်၊ ဟဲ့… ဟိုဘက်က သဇင်ခိုင်တို့၊ အာကာလွင်တို့"

"ရှင်…"

"ဗျာ…"

"သွားကြတော့၊ ပြန်အိပ်ချေကြ"

"ဟုတ်…"

ဖြိုင်တူထရပ်ကာ အားလုံး ဖက်လေးတွေ ပုဝင်သွားကြသည်။

စီးစီးက နာကျင်နေသဲ ခေါင်းလေးကိုပွတ်လျက် ကုလားထိုင်ပေါ်မှာ ဆောင့်ခနဲ ထိုင်ချလိုက်၏။

"သွားလေ… ဘာလုပ်နေတာလဲ၊ အိပ်တော့"

"မေမေ"

"ဘာလဲ"

စီးစီးက နှုတ်ခမ်းစူ လက်ပိုက်လျက်မှ မော့မကြည့်ဘဲ…

"ရှစ်ပါးသီလထဲမှာ ဒေါသမထွက်ရဘူးလို့ မပါဘူးလား"

"ပါတော့ ဘာဖြစ်လဲ"

"မေမေ တစ်ပါးကျိုးပြီ၊ ခုနစ်ပါးပဲ ရမယ်"

"သားသမီး မလိမ္မာတာလေ၊ အဲဒါ ညည်းမှာလည်း အပြစ်ရှိတယ်"

"ဒါဆို မေမေ နေ့လယ်က ပုတီးစိပ်ရင်း မှိန်းနေတာလေ၊ ပါးပေါ်မှာ ခြင်ကိုက်နေတာကို "ခြင်ကိုက်နေပြီ၊ မေမေ့ပါးပေါ်မှာ" လို့ စီးစီး ပြောတော့ မေမေက ဖတ်ခနဲ ရိုက်သတ်ပစ်လိုက်တာလေ၊ တစ်ပါးကျိုးပြီ"





"ဟင်…"

ဒေါ်ခင်ခင်ထက် မလုံမလဲဖြစ်သွားသည်။

လက်ထဲက စိပ်ပုတီးကို ဟိုလက်ပြောင်း ဒီလက်ပြောင်း။

"ဒါကတော့ ကျုပ်တို့က ပါရမီအထုံရှိခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေမှ မဟုတ်တာ၊ သတိလက်လွတ်ဆိုတာ ရှိတာပေါ့"

"ဒါဖြင့် မေမေ အိပ်ရာကထတော့၊ အိပ်ရာထဲမှာ ကျန်ခဲ့တဲ့ ခရေပန်းကုံးလေး ပြန်ကောက်ပြီး ဆံထုံးကြားထဲ ပတ်ထည့်လိုက်တာရော၊ ဥပုသ်သည် ပန်းမပန်ရဘူး"

"ဒီပန်းက သီလမယူခင်ကတည်းက ပန်ထားတဲ့ ပန်းပဲ"

ဒေါ်ခင်ခင်ထက် မျက်နှာမှာ နီမြန်းခြင်းသို့ ပြောင်းလဲလာပြီဖြစ်၏။

စီးစီးက အလိုက်ကမ်းဆိုးမသိ။

"မေမေရယ်… မနက်က ပန်တဲ့ ပန်းက ပြုတ်ကျသွားပြီးပြီလေ၊ ပြန်ကောက်ပန်တာ အဲဒါ အသစ်ပဲ၊ အဲယားကွန်းဘတ်စ်ကားစီးတာတောင် နှစ်ဆယ်ပေးထားတယ်ဆို ပြီး ကားပေါ်က ပြေးဆင်း ပြေးတက်လုပ်လို့ မရဘူး၊ တစ်မှတ်တိုင်ပဲစီးစီး၊ ကားပေါ်ကဆင်းပြီးလို့ ပြန်တက်ရင် နှစ်ဆယ်ထပ်ပေးရတာပဲ၊

ဂိတ်မဆုံးသေးလို့ ပြန်တက်တာပါ ပြောလို့ရသလား"

စီးစီးက လက်ခုပ်လေး ဖတ်ခနဲတီးကာ ခိုးခိုးခစ်ခစ် ရယ်ရင်း ပြောတော့ ဒေါ်ခင်ခင်ထက် မျက်နှာကြီး နီလည်းနီ၊ သမီးကို ချစ်စနိုးကြည့်၍လည်း ပြုံးမိနှင့်…

"လှချင်လို့ မဟုတ်ဘူး၊ မွေးတော့ နမြောတာနဲ့ ခေါင်းပေါ်ကောက်တင်လိုက်တာ"

ဟု ကာကွယ်လိုက်သေးသည်။

"ဘာကြောင့်ဖြစ်ဖြစ် မေမေ ခေါင်းပေါ်ကောက်တင်လိုက်တာပဲ၊ ကျိုးပြီ တစ်ပါး"

"စီးစီးနော်"

"တွေ့လား၊ ကျိုးနေပြီဟာကိုး၊ မကျိုးဘူးလို့ ညာပြန်ပြီ၊ တစ်ပါးကျိုးပြီ၊ အဲဒါ မုသာဝါဒပဲ"

ဒေါ်ခင်ခင်ထက် ရယ်ချင်ပေမယ့် မရယ်ဘဲ ထိန်းချုပ်နေရသည်။ ဒီကလေးကို ဦးစားပေးလို့ မဖြစ်ပေ။

ဖတဆိုးလေးမို့ အလိုလိုက်ထားခဲ့သလောက် ဆိုးမှဆိုးတဲ့ဟာလေး။

"ရှစ်ပါးသီလ အပါးတွေ အကုန်ကျိုးကုန်ပြီ၊ မနက်ဖြန် မေမေ ဥပုသ်မစောင့်နဲ့တော့"

"အံမယ်… ဘာဖြစ်လို့လဲ"





"စောင့်လည်း ရမှမရတဲ့ဥစ္စာ၊ မေမေ ဥပုသ်စောင့်နေတော့ စီးစီး သီချင်းအော်မဆိုရဘူး၊ ဂစ်တာမတီးရဘူး ဖြစ်ဦးမယ်"

"ကျ တင် မကာဘူး၊ ညည်းကိုပါ ဘုရားကို ခေါ်သွားဦးမယ်၊ မယုံမရှုံ့နဲ့၊ မနက်ဖြန် ရှစ်နာရီမထိုးခင် အဲဒီ ရှော့ပင်တွေ လည်ဟိုက်ဟိုက်တိုနံ့နံ့ တီရှပ်တွေ အားလုံးချွတ်၊ ယောဂီဝတ်စုံနဲ့ တဘက်စောင်နဲ့ အဆင်သင့်ဖြစ်နေရမယ်"

"ဟာ…"

"မဟာနဲ့၊ ဆံပင်ကိုလည်း နောက်မှ စုချည်ထားရမယ်"

"ဘယ်လိုလုပ်ရမလဲ၊ နားရွက်လောက်လေး ရှိတဲ့ဟာကို"

စီးစီးက နားရွက်လောက် နားမှာ ဖောင်းဖောင်းအိအိ၊ ပျော့တွဲနေသော ရွှေဝါရောင် ခပ်ဖျော့ဖျော့လေး မသိမသာ ဆေးဆိုးထားသည့် ဆံပင်တွေကို လှုပ်ခါပြသည်။

ထိုးဖွပြ၏။

"လုပ်မနေနဲ့ စီးစီး၊ ဆွဲချည်လိုက်လို့ ကြက်မြီးလောက်ပါရင် တော်ပြီ"

"မေမေကလည်း စီးစီးမှ ဥပုသ်မစောင့်ချင်တာ၊ စောင့်လည်း ကျိုးမှာပဲ၊ ကုသိုလ်မရတဲ့အပြင် ငရဲက ကြီးဦးမယ်"

"ကြီးမှာကြောက်ရင် ထိန်းသိမ်းစောင့်ပေါ့"

"မေမေတောင်မှ မစောင့်နိုင်ဘဲနဲ့"

"စီးစီးနော်… ညည်း အမေကို ဆရာမလုပ်ချင်နဲ့၊ ပြောတဲ့အတိုင်း ပြင်ဆင်ထားရမယ်၊ ဒါပဲ"

ဒေါ်ခင်ခင်ထက်က မျက်နှာကို တစ်ချက်မှ ပျော့ပျောင်းမှုမပြဘဲ ခပ်ပြတ်ပြတ်ပြော၍ လှည့်ထွက်သွားသည်။

မအေ ကျောခိုင်းသွားမှ စီးစီး လက်ခါခါ ခြေခါခါနှင့် နှုတ်ခမ်းမဲ့ နှာခေါင်းရှုံ့ မျိုးစုံဖြင့် ကျန်ခဲ့လေသည်။

စီးစီးကို ပြောတော့ ပြောမရ ဆိုမရ ဆိုးတယ်ချည်းပဲ။

အချိန်တန်တော့ စီးစီး လုပ်ချင်တာ ဘယ်မှာလုပ်ခွင့်ရလို့လဲ၊

မေမေပဲ ဆုံးဖြတ်၊ မေမေပဲ စီရင်ချက်ချ။

တရားသူကြီးဖြစ်လိုက်၊ ဒါရိုက်တာ လုပ်လိုက်။

စီးစီး စကားလုံးတွေ အသံမထွက်ခဲ့ဘဲ နှုတ်ခမ်းလေးနှစ်လွှာက ပွစိပွစိ အငြိမ်မနေ။

❑ ❑ ❑

ဘုရားက ပြန်ထွက်လာကြတော့ ကိုယ်ပိုင်ကားလေးတွေနဲ့ သွားလာနေကြသူတွေကို မကျေမနပ် လိုက်ကြည့်နေမိသည်။

ဒီနေ့ထိ စားဖို့ဝတ်ဖို့ဆိုတာ ဘာမှမပူပင်ခဲ့ရပေမယ့် ကိုယ်ပိုင်ကားလည်း မစီးနိုင်ခဲ့ပါ။

ရေဆာပြီဆို အေးစိမ့်နေတဲ့ ရေကိုမှ သောက်ချင်တတ်သည့် စီးစီးက နွေရာသီဆို မုန့်ဖိုးထက် ရေခဲရေဖိုးက ကုန်တတ်သူ။

"ဆီးအောင့်တတ်တယ် သမီး၊ ရေခဲရေ ဒီလောက်သောက်ရသလား"

မေမေက ဆူသည်။ ဒီတော့ ရေခဲသေတ္တာတစ်လုံး မလိုဘူးလား။ ဒါပေမယ့်…

"ရေခဲရေ မသောက်စေချင်ရင် မေမေ ရေခဲသေတ္တာ ဝယ်ထားပါလား"လို့တော့ ပြန်မပြောရက်ခဲ့ပါ။

မေမေက မုဆိုးမ မဟုတ်ပါ။

သုံးလတစ်ကြိမ် စာတိုက်ကနေ ငွေတွေရောက်ရောက် လာတတ်တာ ရှိသည်။

ဒါနဲ့ပဲ စားလို့လောက်သည်။

ဒါပေမယ့် မေမေက အိမ်ရှေ့မှာ ဆန်၊ ပဲ၊ ဆီ၊ ဘရုတ်၊ ကြက်သွန် စသည့် ကုန်ခြောက်ဆိုင်လေး ဖွင့်ထားသည်။

ရပ်ကွက်ထဲမှာမို့ အကြွေးရောင်းရတာက များသည်မို့ အရင်းနဲ့ အမြတ်လည်ကာ ငွေလုံးသိပ်မကိုင်ခဲ့ရပေ။

"မေမေက မုဆိုးမ၊ အလုပ်အကိုင် မရှိရင် လူထင်သေးမှာပေါ့"

ထိုင်စားလို့ရပေမယ့် မေမေက ထိုင်မစားပေ။

ထိုငွေ ဘယ်သူပို့တာလဲ မေးလျှင် မေမေက ဘယ်တော့မှ ရေရေရာရာ မဖြေပေ။

"မေမေတို့ကို ချစ်တဲ့ ကျေးဇူးရှင်တွေပေါ့"ဟု အမြဲပြောသည်။

ငွေပေးပို့ခြင်းမှာ မှတ်မှတ်ရရ စီးစီး လူမှန်းသိတတ်စကတည်းက ဖြစ်သည်။

ထို့ပြင် စီးစီး ငယ်စဉ်က ညှော့သည်နှစ်ယောက် အိမ်ကို အမြဲလိုလို လာသည်။





မိန်းမကြီးတစ်ယောက်၊ ခပ်ငယ်ငယ် ယောကျ်ားတစ်ယောက၊ မိန်းမကြီးက ကုလားထိုင်မှာ မေမေနဲ့ စကားအပြောတွင် ထိုယောကျ်ားက နောက်ပါးမှာ ရပ်၏။

ငယ်ငယ်က ဆိုပေမယ့် မြင်ကွင်းတစ်ခုကို ပုံသေမှတ်မိနေသည်။

နောက်တော့ ဘယ်သူမှ ရောက်မလာကြတော့ပေ။

အိမ်နီးပါးနီး အလည်လာကြတာလည်း သိပ်မရှိ။

ရပ်ကွက်ငယ်လေးထဲမှာ နေပေမယ့် မေမေက အနေတည်သည်။

ဟိုသွား ဒီသွား လည်ပတ် ရယ်မောတတ်တာ မရှိသလောက် ရှားသည်။ သူများအိမ်ကို မလည်တတ်သလို အိမ်ကို သူများအလည်လာပြီး ရောက်တတ်ရာရာ ပြောဆို ထိုင်နေတာမျိုးလည်း မကြိုက်ပေ။

ထို့ကြောင့် ရပ်ကွက်ထဲမှာ မေမေ့ကို ဘဝင်မြင့်တယ်၊ အခြေကြီးတယ် စသဖြင့် စေဖန်သည်။

ကွယ်ရာမှာ မေးငေါ့သည်။

သို့သော် ဆိုင်မှာတော့ ရောင်းချကောင်းနေသည်သာ။

မေမေက ပစ္စည်းတစ်ခုအပေါ် အမြတ်သိပ်မတင်ဘဲ ရောင်းသည်။ ကြွေးမို့လို့ ဒီပြင်ဆိုင်တွေက ဈေးတင်ရောင်းသည်။

မေမေက လက်ငင်းနဲ့ အကြွေး အတူတူပဲ ရောင်းခဲ့သည်။ အစစအရာရာ အမှန်ကန်ဆုံး လုပ်၏။

ထို့ကြောင့် ဆိုင်မှာ ရောင်းအားကျသွားသည် မရှိပါ။

မေမေ့ကို ခင်ခင်မင်မင် မရှိကြပေမယ့် မမုန်းကြပေ။

မရင်းနှီးသော်လည်း လေးစားကြ၏။

အခု စီးစီး အရွယ်ရောက်လာတော့မှ သူငယ်ချင်းတွေက များများ။ ဟိုသွား ဒီလာ။

အိမ်ကို သူငယ်ချင်းတွေ ခေါ်လာပြီး စားသောက်ကြ၊ စာကျက်ကြတာက မရှား။

ဒါကိုတော့ မေမေက ခွင့်ပြုထားသည်။

စားသောက်ဖို့ သွားရည်စာမျိုးစုံလုပ်၍ စီးစီး သူငယ်ချင်းတွေကို ကျွေးမွေးခဲ့သေးသ

"သမီး အပြင်မှာ မေ... ...နဲ့ ခိုးဝှက်ဖွဲ့ယူပြီး လျှောက်မလည်ရဘူး... သူငယ်ချင်းတွေနဲ့ မသွား မလာရဘူး"

ဒါကို တင်းတင်းကျပ်ကျပ် မှာသည်။

"သူငယ်ချင်းတွေနဲ့ အချိန်ပို ပျော်ရွှင်ချင်တယ်ဆိုရင် အိမ်ကိုခေါ်လာ"

မေမေက ကိုယ်တိုင်ခွင့်ပြုထားတာ ဖြစ်သည်။





အိမ်မှာ တီဗီတစ်လုံးရှိသည်။ အောက်စက် ရှိသည်။ စီဒီစက် ဝယ်မပေးခဲ့ပေ။

"သီချင်းဆိုတာ မေမေ မကြိုက်ဘူး"တဲ့။

စီးစီးက မလိမ္မာဘူးဆိုပေမယ့် မေမေ့ကိုတော့ ဘယ်တော့မှ ဆန့်ကျင်ခြင်းမပြုခဲ့ပါ။

တစ်ခါတလေ သီချင်းဆိုချင်လျှင် မေမေ့ကို ပြော၍ စီးစီး သွားဆိုသည်။

မေမေ ခွင့်ပြုတဲ့အချိန်ကိုပဲ ဖြုန်းရသည်။

အားလုံးက မေမေ့သဘော တစ်ခုသာ။

ဒီနေ့ ဥပုသ်စောင့်လိုက်ရတာလည်း မေမေ့ကြောင့်။

"အဲ..."

ကျောထဲမှာ စိမ့်ခနဲဖြစ်သွားသဖြင့် ပခုံးလေးကျုံ့ကာ နောက်လှည့်ကြည့်လိုက်မိ...

ကြည့်စမ်း... ...ဘူးအနဲ့ သကြန်ဦးထုပ်နဲ့ ရုပ်ကပေါ်ဖြဲဖြဲ။

"အမာ... ရုပ်က ကိုင်ပေါက်ထားတဲ့ ဩဇာသီး လှည်းနင်းထားတဲ့အတိုင်း"

"သေပါပြီကွာ၊ လှည်းမနင်းဘဲ ထားလည်း လုံလောက်ပြီ"

"ဟင်… နင် ဗုဒ္ဓဘာသာမဟုတ်ဘူးလား၊ ဥပုသ်သည် မှန်းမသိလောက်အောင် ကန်းနေသလား"

"မကန်းပါဘူး၊ မြင်သားပဲ၊ သိပ်လှတာပဲ"

မေမေက ရှေ့ကိုရောက်နေပြီးမှ နောက်လှည့်ကြည့်နေသည်။

စီးစီးက ထမင်းချိုင့်ပါသည့် ဆွဲခြင်းကို ဆောင့်ခနဲ ချ၍ ခါးထောက်သည်။

"ဟဲ့… သမီး၊ တော်ပြီ၊ လာပြီ"

"မဟုတ်ဘူး မေမေ၊ စီးစီးကို သူ မလေးမစား ပြောနေတာ ပါးဆွဲရိုက်မလို့"

"အား… မလုပ်ပါနဲ့၊ ကြောက်လို့ပါ။ သွားမယ်နော်၊ ဟဲ… ဟဲ…"

"ကြည့်စမ်း"

ဒေါသဖြစ်လောက်ဖွယ် တွန့်ကာ ကျောခိုင်းသွားသည်ကို စီးစီး နောက်ကနေ ကုပ်ပိုးစကို ဖျတ်ခနဲ လှမ်းဆွဲသည်။

"သမီး"

"ဟဲ့… ဟဲ့…"

ကုပ်ပိုးစကို စီးစီး အတင်းဆွဲထားတော့ ရေပက်သည့် ကောင်လေး ရှေ့တိုးမရဘဲ ဖြစ်နေသည်။





"လွှတ်လိုက်စမ်း သမီး"

မေမေ အနားရောက်လာတော့ စီးစီးလက်ကို အတင်းဖြုတ်ချသည်။

အနားက လူတွေ ရယ်ကြည့်နေကြ၏။

မေမေ့မျက်နှာ တင်းနေတော့ စီးစီး လွှတ်ပေးလိုက်သည်။ ကောင်လေးက တစ်ချိုးတည်း လစ်သွားတော့သည်။

"သမီးနော်… ညည်း မေမေ့ကို အရှက်ခွဲတယ်ပေါ့၊ ဟင်…"

"သူက စီးစီးကို မလေးမစားပြောတာ မေမေ"

"ညည်းက ဘာဖြစ်လို့ ရန်သွားဖြစ်နေသလဲ"

"သူက ရေလာပက်တာကိုး၊ စီးစီးက ဥပုသ်သည်ဥစ္စာ"

ဥပုသ်မစောင့်စဖူး စောင့်ပြီး စီးစီးက မာန်တွေတက်နေသည်။

ရေပက်ခံတာ ခံတာပဲ။

ဥပုသ်ရထားပြီဆိုတော့ သူများထက် ထူးဆန်းလေးစားသမို့ ခံယူချင်သည်။

မေမေ ဆူနေသမျှ ခေါင်းငုံ့နေရပေမယ့် ကားမှတ်တိုင်ရောက်လာတဲ့အထိ နှုတ်ခမ်းက စူနေဆဲ…

သို့သော် မျက်လုံးက ဟိုဒီဝေ့ကြည့်ရင်း ကတ္တီပါသည်းကြီး

အနက်နှင့် နီတွတ်နေဖတ်နေသည့် ခြေထောက်အစုံကို မျက်လုံး ရောက်လေသည်။

ခြေထောက်က လှလိုက်တာဟု စိတ်က မြင်မိ၏။

ခြေဖမိုးပေါ်မှာ နက်ပေမယ့် အခြေလေးတွေ စိမ်းမြနေသော မွေးညင်းတွေလည်း ရှိနေသည်။

စီးစီး ခြေအစုံပိုင်ရှင်ကို ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

အသားညိုညို၊ မျက်ခုံးထူထူနှင့် ရှပ်အင်္ကျီလက်ရှည် ကော်လံကတုံးကို ကြယ်သီးအစုံတပ်ထားလျက် လက်ထဲမှာ ပလက်စတစ် အကြည်အိတ်အထူစားနှင့် စာအုပ်တွေကို လက်တစ်ဖက်က ကိုင်၍ ပေါင်မှာကပ်ထားသည်။

စီးစီးတို့လိုပဲ ကားစောင့်နေတာ ဖြစ်မည်။

မေမေ့ကိုကြည့်တော့ ဘုရားက အတူပါလာသည့် ဥပုသ်သည် ဒေါ်ကြီးတစ်ယောက်နဲ့ စကားပြောနေတာ စီးစီးကို ကျောခိုင်းလျက်···

ဆွဲခြင်းထဲက ရေသန့်ဘူးကို ယူထုတ်လိုက်၏။

အထဲမှာ ရေလက်တစ်ဝါးခန့် ရှိသေးသည်။

စီးစီး မြန်သည်။ အဖုံးကိုဖွင့်ပြီး ထိုသူ့ကုပ်ကို ရောက်သွားပြီ ဖြစ်၏။





"ဟာ···"

လက်နှစ်ဖက် ကားခနဲဖြစ်လျက် ချက်ချင်း နောက်လှည့်ကြည့်သည်။

စီးစီးက နှုတ်ခမ်းလေးစေ့၍ ပြုံးပြကာ လှည့်ထွက်လာခဲ့၏။

"ဟိတ်···"

"ဘာလဲ"

"မင်း ဘယ်လိုလုပ်သွားတာလဲ"

"ရေပက်တာလေ"

"မင်း ဥပုသ်သည် မဟုတ်ဘူးပေါ့"

"ဥပုသ်သည် ရေမပက်ရဘူးလို့ ဘယ်သူပြောလဲ"

"တောက်···"

သူက ဒေါသကြီးပြတော့ စီးစီးက မဲ့ပြသည်။

"လုပ်မနေနဲ့၊ ဒီမှာ ရေတွေပိုနေတာ သွန်ပစ်ရမယ့်အတူတူ မြေကြီးပေါ် လောင်းမချချင်လို့ ခင်ဗျားကို လောင်းလိုက်တာ"

"ဘာ···"

"တကယ် ဘုရားမှာ ရေသပ္ပာယ်လာတာ၊ တစ်ခွက်စာလိုသွားတာကို ခုမှ သတိရလို့၊ ခစ်···· ခစ်···"

လူတွေ ရယ်ကုန်ကြတဲ့အထဲမှာ ရှုံ့ရှုံ့ရှားရှားဖြစ်သွား-

သည့် သူ့ကို ကျောခိုင်းပစ်ကာ ကားလာတော့ မေမေ့လက်ကို ဆွဲ၍ ပြေးတက်လိုက်သည်။

ဆူမှာစိုး၍ မျက်နှာချင်းမဆိုင်မိအောင် တိမ်းရှောင်ကောင်းလေသော စီးစီးကို တကြည့်ကြည့်နဲ့ပဲ ဒေါ်ခင်ခင်ထက် အိမ်ကို ပြန်ရောက်လာတဲ့အထိ မဆူဖြစ်ခဲ့။

ဒီသမီးတစ်ယောက်နဲ့ ဆူရလွန်းလို့လည်း ရေသာဆိုခန်းလို့ ကုန်ပြီ။

❑ ❑ ❑

"ဟေး… မှတ်ထားကွ၊ အဲဒါ လျှပ်စီးလင်း"

စီးစီးက လက်သီးလက်မောင်းတန်း၍ ထခုန်သည်။

သူငယ်ချင်းတွေက စီးစီးကို ဝိုင်းဖက်၍ ဂုဏ်ပြုကြ၏။

တစ်အုပ်စုလုံး အောင်သည်။

ထိုအထဲမှာ ဂုဏ်ထူးသုံးခုနဲ့ အောင်သည်။

အိမ်ပြန်ရောက်တော့ သမီးရဲ့ အောင်မြင်မှုအတွက် ဒေါ်ခင်ခင်ထက် မျက်ရည်ကျ၏။

"ဝမ်းသာလိုက်တာ သမီးရယ်၊ မေမေကလေ မေမေ့သမီး မိန်းမဆိုး မိန်းမကဲလေးမို့ ဒီလောက်ထိ ဖြစ်လာမှာ မဟုတ်ဘူးလို့ ထင်ခဲ့တာ"

"မေမေကလည်း ကိုယ့်သမီးကို ဒီလောက်ပဲ အထ… သေးရလားလို့"

သူငယ်ချင်းတွေထဲမှာ ဂုဏ်ထူးတစ်ဘာသာ ပါတာ တစ်ယောက်ရှိသည်။ ဒါပေမယ့် အားလုံးအောင်ကြသည့်မို့ ပျော်ရွှင်နေကြသည်သာ။

တစ်အိမ်နဲ့တစ်အိမ် မုန့်တွေလုပ်ကြ၊ ပို့ကြ၊ သယ်ကြ၊ စားကြနှင့် အိမ်နီးနားချင်းတွေကိုလည်း ဝေသည်။

ဂစ်တာတီး သီချင်းဆို ကတဲ့သူက က။

မေမေ မဆူသည့်အပြင် မြီးရှည်လုပ်ကျွေးလိုက်၊ မုန့်တီ လုပ်ကျွေးလိုက်။

ရခိုင်မုန့်တီဆိုတာ ရန်ကုန်မှာတော့ ခေတ်စားသော စားသောက်ဖွယ်ပါ။

ဟင်းခါးကျဲကျဲ၊ ငါးများများနှင့် မုန့်ဟင်းခါးဖတ် သေး သေးလေးတွေနဲ့ အချဉ်အစပ် စုံအောင်ထည့်၍ ပူပူဆူဆူ သောက် ရတာမျိုး။ မေမေ ဘာပဲလုပ်ကျွေးကျွေး အားလုံးက ကြိုက်ကြ သည်။

စီးစီး ပျော်လိုက်သည်မှာ အရမ်း။

တစ်ညမှာတော့ စီးစီး အိပ်ရာထက်မှာ မှောက်ခုံကြီးလှဲ ၍ ကာတွန်းစာအုပ်ဖတ်နေစဉ် မေမေက ဝင်လာထိုင်၍…

"မေမေ ပြောစရာရှိတယ် သမီး၊ ခဏ ထထိုင်စမ်း" စကားစလာသည်။





စီးစီး ချက်ချင်းထလိုက်ပြီး မေမေ့ပခုံးကို ရင်ဘတ်နဲ့ ကပ်မှီလိုက်၏။

"ဘာပြောမလို့လဲ မေမေ၊ စီးစီး ဆယ်တန်း ခုမှအောင် တာနော်၊ ယောကျ်ားယူဖို့တော့ မပြောနဲ့၊ ဟဲ… ဟဲ…"

"မပြောလို့မရဘူး သမီး၊ မေမေ အဲဒါကိုပဲ ပြောမှာ"

"အယ်…"

ရယ်နေသည့် နှုတ်ခမ်းလေးက ပြန်မစေ့ဖြစ်ဘဲ မဲ့မဲ့ရွဲ့ ရွဲ့ကြီး ဖြစ်သွားသည်။ မေမေ့ကို ပြန်ကြည့်တော့လည်း မျက်နှာ က တည်ကြည်တဲ့တဲ့မို့…

"မေမေ စီးစီးက မဖြစ်နိုင်တာကို တမင်နောက်ပြော လိုက်တာ၊ မေမေ တကယ်ပြောနေတာလားဟင်"

"တကယ်ပြောတာ သမီး"

ဒေါ်ခင်ခင်ထက်က သမီး မျက်နှာလေးကို ကြင်နာစွာ နဲ့ ကြည့်၍…

"မေမေက ဒီကိစ္စမျိုးကို ရည်ရွယ်ချက်မရှိဘဲ စပြောစရာ လား သမီးရယ်"

"ဟာ… မဟုတ်သေးပါဘူး မေမေရယ်၊ စီးစီး ခုမှ ဆယ်တန်းအောင်တဲ့ဟာ၊ ဘာအချက်တွေကြောင့် အိမ်ထောင်ပြု ဖို့ အရေးကြီးရတာလဲ၊ မေမေ့မှာ ဒီလို ရည်ရွယ်ချက်တွေရှိခဲ့

တာရော စီးစီးဖြင့် ဘာမှကို မသိခဲ့ရပါလား”

“နေဦး... သမီး၊ မေမေ ပြောဦးမယ်၊ ပြောတာကို ရှင်းအောင်နားထောင်၊ သမီးကို ခုချက်ချင်း လက်ထပ်ပေးမှာ မဟုတ်ဘူး၊ သမီး အခု ဆေးပဲဖြစ်ဖြစ် စက်မှုပဲဖြစ်ဖြစ် အမှတ် ဝင်တဲ့အတန်းမှာ တက်ရမယ်၊ ပညာစုံမှ လက်ထပ်ရမှာ၊ ဒါကို ခုကတည်းက ဘာဖြစ်လို့ ပြောထားရတာလဲဆိုတော့ အထကမှာ တော့ မေမေက သမီးကို ရင်အုပ်မကွာ ကြည့်ရှုစောင့်ရှောက် လို့ရသေးတယ်၊ သမီးရဲ့စိတ်က ပြောင်းလဲမှုလည်း သိပ်မဖြစ် သေးဘူး၊ အခု တက္ကသိုလ်ကို တက်ရတော့မယ်၊ အဓိကကတော့ သမီးကို ချစ်သူထားမိမှာစိုးလို့ မေမေ တားမြစ်ရတာပဲ”

ဒေါ်ခင်ခင်ထက် မျက်နှာမှာ တည်ငြိမ်ရင့်ကျက်မှုတွေ ရှိလာသည်။ ပြတ်သားသော အမိန့်ဆန်သည့် လေသံက တင်းမာ သယောင် ဖြစ်လာ၏။

“မေမေ အခုပြောတဲ့ သမီးရဲ့ အိမ်ထောင်ရေးဟာ အများသူငါလို သီးချိန်တန် သီးဖို့ ပွင့်ချိန်တန် ပွင့်ဖို့ မိဘဝတ္တရား ရှိတဲ့အတိုင်း ပြောပြနားချနေတာ မဟုတ်ဘူး၊ သမီးဟာ အရွယ် ရောက်လာတဲ့တစ်နေ့ တစ်ယောက်သောသူနဲ့သာ မလွဲမသွေ လက်ထပ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ကို မေမေနဲ့အတူ နာခံခဲ့ရ တာ သမီးရဲ့တစ်သက်ပဲ”





“ဘယ်လို မေမေ၊ သတ်မှတ်ချက် ဟုတ်လား၊ ဘာကို နာခံခဲ့ရတာလဲ၊ စီးစီး မရှင်းဘူး”

“ဟုတ်တယ်၊ သမီး သေချာနားထောင်၊ အခု မေမေ့ကို အမြဲ ငွေပို့ပြီး ထောက်ပံ့ခဲ့ကြတဲ့သူတွေဟာ မေမေနဲ့ ဘာမှ မတော်စပ်ဘူး၊ ဒါပေမယ့် သွေးထက်ရင်းနှီးတယ်၊ သမီးကို မွေးလာကတည်းက သူတို့ လာတောင်းတာ၊ သမီး ကြီးလာရင် သူတို့သားနဲ့ လက်ထပ်ပေးဖို့”

စီးစီး ဘာမှမမေးမိတော့ဘဲ မေမေ့ကိုပဲ ငေးကြည့်နေမိ သည်။

“သူတို့က အရမ်းချမ်းသာတယ်၊ ချမ်းသာပါတယ်ဆိုတဲ့ လူတွေအားလုံးထက် သူတို့ ချမ်းသာတယ်၊ ဒါကြောင့် သူတို့ရဲ့ သားကို ဘယ်လောက်အဖိုးတန်တဲ့ မိန်းမနဲ့ဖြစ်ဖြစ်၊ တခြား တစ်မိသားဆိုတဲ့ အဖြစ်ကို မလိုချင်ဘူး၊ မိဘမျိုးရိုး အသိုင်းအဝိုင်း၊ စိတ်ဓာတ်၊ အဆင့်အတန်း၊ အဓိကက ဖိုဆို ယင်ဖိုတောင် မသန်း ရသေးတဲ့ မိန်းကလေးမျိုးပေါ့၊ ဒါကို လိုချင်တာ၊ မျက်စိအောက် မှာ ရင်သန့်ကြီးထွားလာတဲ့ မိန်းကလေးကိုသာ ယုံကြည်ထိုက် တယ်လို့ ခံယူထားတဲ့သူတွေ၊ သူတို့ ထောက်ပံ့နေကြတာ မေမေ့ ကို မဟုတ်ဘူး၊ သမီးအတွက်ပဲ”

“ဒါဆိုလည်း သမီးကို ငယ်ငယ်ကတည်းက သူတို့

အပိုင်မွေးစားထားလိုက်ပါလား မေမေ၊ သမီးကို သူဌေးသမီးလို တိုက်နဲ့ကားနဲ့ ဒီမှာ ထားပေးပါလား၊ မဖြစ်စလောက် ငွေလေးနဲ့ ထောက်ပံ့ပြီး ဘဝတစ်ခုကို ချုပ်ကိုင်ဖို့ ကြိုးစားနေတာ ကောင်းလား"

စီးစီးက နံ့အအမိန်းကလေး မဟုတ်ပေ။

စိတ်ထဲရှိတာ ဒေါက်ခနဲ ထပြောတတ်သည့်သူ။

ဒေါ်ခင်ခင်ထက်က ပြုံး၍…

"ဒါဟာ စေးကပ်ခြော်မြင်လို့ မဟုတ်ဘူး သမီး၊ နောက်တော့ သမီး နားလည်လာမှာပါကွယ်၊ နှစ်ပေါင်းများစွာ ရည်ရွယ်စုဆောင်းလာခဲ့ကြတဲ့ မျှော်လင့်ချက်တွေထဲမှာ သူဝို့ရဲ့ သားအတွက်ဆိုတဲ့ ရယူလိုမှုတွေ အများအပြားရှိရင် ရှိနေလိမ့်မယ်၊ ဒါပေမယ့် သားနဲ့ပတ်သက်ပြီး သမီး ဖြစ်လာမယ့် သမီးအတွက်ကိုရော စေတနာမွဲနိုင်ပါ့မလားကွယ်၊ အိမ်ထောင်ဖက်ဆိုတာ အေးအတူ ပူအမျှ ကြင်ဖော်ကြင်ဖက်ပဲ"

ဒေါ်ခင်ခင်ထက်က မကျေနပ်သေးပုံရသည့် စီးစီး မျက်နှာလေးကို စိုက်ကြည့်သည်။

"သူတို့က သမီးကို သိပ်ချစ်တယ်၊ မွေးလာကတည်းက ကို လက်ပေါ်က မချတာ၊ ဒါပေမယ့် ဒီလို ဘယ်သူမှမထင်မှတ်တဲ့ ခပ်နုပ်နုပ်နေရာလေးမှာ အတန်အသင့်ဘဝမျိုးလေးနဲ့ သမီးကို





ကြီးပြင်းလာအောင် မွေးမြူစေခဲ့တာက သူတို့မိသားစုထဲမှာ အမွေကိစ္စတွေ အရှမ်းရှုပ်ထွေးနေလို့ပဲ၊ ခုချိန်မှာတော့ ဒီလောက်ပဲ သိထားပါ သမီးရယ်၊ သမီး မေမေ့ကိုရော သူတို့ကိုရော ဘယ်လိုမှ အထင်မမှားပါနဲ့၊ မေမေက သူတို့ လက်ညှိုးထိုးနိုင်းသလို နာခံခဲ့တယ်၊ ငွေနဲ့ဖိစီးခံခဲ့ရလို့ မဟုတ်ဘူး၊ သူတို့နဲ့ မေမေ့ကြားမှာ ဘာချုပ်ကိုင်မှုမှ မရှိဘူး၊ အမိကကတော့ မေမေ့သမီးကို မေမေ ကောင်းစားစေချင်တယ်၊ နောက်တစ်ချက်က လေးစားထိုက်တဲ့သူတွေမို့လို့ မေမေ သူတို့ကို လေးစားတယ်၊ ချစ်တယ်၊ မေတ္တာစိတ်နဲ့ သူတို့ဆန္ဒအတိုင်း နာခံခဲ့တယ်၊ ဒါပဲ"

"စီးစီးဘက်က ကြည့်တော့ တစ်မျိုးပုံစံကြီး ဖြစ်မသွားဘူးလား မေမေ၊ ပြောပါဦး… သူတို့က ဘယ်ကလဲ၊ စီးစီးနဲ့ ထက်ထပ်ရမယ့်သူ ဘယ်သူလဲ"

ဒေါ်ခင်ခင်ထက်က ခေါင်းကို ခပ်လေးလေး ခါယမ်း၍…

"ဒါကို သမီး မသိချင်ပါနဲ့ဦး၊ လောလောဆယ် သမီး မေမေ့စေတနာကို နားလည်တယ်ဆိုရင် ရှေ့ဆက်ပြီး ခုလိုပဲ ဖြူဖြူစင်စင် ရိုးရိုးသားသား ကြိုးစားသွားပါ၊ ချစ်သူ လုံးဝမထားပါနဲ့၊ အနေအထိုင် မပေါ့ရမ်းပါနဲ့၊ ကလေးဆန်တာ ပွင့်လင်းတာဘာ ချစ်စရာကောင်းပေမယ့် ပေါ့ရမ်းတာ ပေါ့ပျက်တာက

သိက္ခာမဲ့တာပဲ၊ ဒါ အကျင့်စာရိတ္တနဲ့ ဆိုင်တယ်၊ သမီးရဲ့ ရိုးသားမှုဟာ မေမေ့ရိုးသားမှုပဲ၊ သမီး ပျက်စီးရင် မေမေပါ ပျက်စီးမှာပဲ၊ မေမေတို့ရဲ့ အနှစ်နှစ်အလလ ယုံကြည်မျှော်လင့်ခဲ့မှုတွေကို သမီးဘက်က လူငယ်ပီပီ လိုရာဆွဲတွေးမိတဲ့ တစ်ယူသန် တစ်ချက်တည်းနဲ့ မဖျက်ဆီးပစ်ချင်ပါနဲ့"

"သူ ဘယ်သူဆိုတာလောက်တော့ သမီး သိထားချင်တယ် မေမေ"

"ပြောလို့ မဖြစ်သေးဘူး သမီး၊ သမီး ပညာရေးတွေအများကြီးရှိသေးတယ်၊ တစ်ခု သမီး သိထားရမှာက သမီးအိမ်ထောင်ရေးကို မေမေ ဘောင်ခတ်ပေးတဲ့အထဲမှာ စက်ဆုပ်ရွံရှာစရာ စိတ်ပျက်ငြီးငွေ့စရာ ဒီအတွက်ကြောင့်နဲ့ မေမေ့အပေါ် သမီး နာကြည်းအထင်လွဲစရာ ဘာဆိုတာမှ ဖြစ်လာမှာမဟုတ်ဘူးဆိုတာ မေမေ တာဝန်ယူတယ်၊ သမီးဟာ သမီးရဲ့အိမ်ထောင်ဖက်အပေါ် လက်ခံနှစ်သက်နိုင်တဲ့စိတ် ဖြစ်လာရမယ်ဆိုတာ မေမေ ယုံကြည်တယ်၊ သမီးလည်း မေမေ့ကို ယုံရင် မေမေ့လိုပဲ ယုံကြည်လိုက်ပါ"

မေမေ့ရဲ့ ပြောစရာဆိုတာ ဒါပဲဖြစ်သည်။

စီးစီးအတွက်ကတော့ ရေရာတာ ဘာတစ်ခုမှ မကျန်ခဲ့ပါ။





သိဖို့မလိုဘူးဆိုတော့လည်း မမေးဘဲနေရုံပါပဲ။

နဂိုကတည်းက အချစ်ရေး၊ အိမ်ထောင်ရေးကို ဝတ္ထုဖတ်ရန်ပင် စိတ်ကူးမယဉ်ခဲ့ဖူးသော အစွန်းအထင်းမဲ့ခဲ့သည့် နှလုံးသားက ဒီကိစ္စတွေအတွက် ကြာရှည်လက်ခံ ခံစားဖို့ကို စိတ်မရှည်။

သူမ ဆေးတက္ကသိုလ် တက်ခဲ့ရင်ပဲ ပညာသင်နှစ်တွေ အများကြီး ကျော်ဖြတ်ရဦးမည်။

ဒီနှစ်တွေထဲမှာ ထိုကိစ္စတွေကို ခေါင်းထဲက ထုတ်ထားလို့ ရနေတာပဲ။

ဖြစ်လာတော့မှ ခေါင်းညိတ်ဖို့ ခေါင်းခါဖို့က တစ်ပိုင်း၊ စီးစီး အိပ်ရာပေါ် ပြန်လှဲလိုက်သည်နှင့် အိပ်ပျော်သွားခဲ့လေသည်။

□ □ □

"ဆေးကို မီပေမယ့် ငါက ဆေးမှဝါသနာမပါတာ"

"ဒါနဲ့ နင်ပဲ ခွဲတာစိတ်တာ ဝါသနာပါတယ်ဆို၊ ဘယ်သူ့အနာပေါက်ပေါက်၊ အကျိတ်ထွက်ထွက် နင်ပဲ ညှစ်မယ်၊ ဖောက်မယ် တကဲကဲ၊ သိပ် ဆရာလုပ်ချင်တာ"

အနာလေး ပြုံမိပါတယ်။

ဆိုးဆိုးဆတ်ဆတ် ကိုင်၍ ဆွဲဖျစ်ညစ်လိုက်သောကြောင့် ငယ်သံပါအောင် အော်ခဲ့ရသည့် စိမ့်သက်သူက မျက်စောင်းပါထိုး၍ ပြောသည်။

"ဒါက သူများခံနေရတာကို မကြည့်ရက်လို့လေ၊ ပြီးတော့ ငါ့ကြောင့် နာလို့အော်တဲ့အသံကို ကြားရင်လည်း ပျော်လို့၊ ဟဲ... ဟဲ..."

"ကောင်စုတ်.. လုပ်စားမနေနဲ့ ဆရာဝန်"

"လုပ်မစားဘူး သေချာတယ်၊ ဆရာဝန်အဖြစ်ကို လိုချင်ပေမယ့် စာကျက်ရမှာ လုံးဝပျင်းတယ်"





"ဒါဆို ဘာလုပ်မှာလဲ"

"စက်မှုတက်မယ်"

"အဲဒါက စာမကျက်ရလို့လား"

"ဘာဖြစ်ဖြစ် သက်သာမှာပါ၊ သေချာတယ်ဟာ... ဆရာဝန် မလုပ်ဘူး"

"နင့်အမေက သဘောတူပါ့မလား၊ ဆရာဝန်လုပ်လို့ရနေတဲ့ အခွင့်အရေးကြီးကို"

"အေးလေ... ငါတို့တွေဆို အိပ်မက်တောင် မမက်လိုက်ရတဲ့ဟာ"

"မေမေက ငါ့သဘောပါ"

လေငွေ့နွေးနွေးနှင့် ကမ်းနားက သစ်ပင်ကြီးအောက်မှာ ထိုင်ရင်း ဦးပိန်တံတားကြီးကို ငေးကြည့်နေရသည့် အရသာက ရိုးအီသွားသည် မရှိခဲ့။

ငယ်စဉ်ကတည်းက ပျော်ပွဲရွှင်ပွဲတွေ ဘာကြောင့်ဖြစ်ဖြစ် အုပ်စုလိုက် အပြင်ထွက်ခွင့်ရတဲ့နေ့တွေမှာ ဒီတံတားကြီးပေါ်မှာ ပြေးကြ၊ ဆော့ကြ။

တံတားရဲ့ ဟိုဘက် ဒီဘက် ထိပ်နှစ်ဖက်ကို ခြေလှမ်းရေတွက်၍ အလယ်တည့်တည့်မှာ ဆုံမိအောင် မရမကကြိုးစားခဲ့ဖူးကြတာ မေ့နိုင်စရာတွေမှ မဟုတ်ဘဲ။

စီးစီးက တံတားကြီးကို ငေးကြည့်ရင်း…

"မေမေက ငါ့ကို ရန်ကုန်မှာ ကျောင်းသွားတက်ခိုင်းမှာ"

မျက်နှာသေလေးနဲ့ ပြောနေတော့…

"ဟင်… ဟုတ်လား၊ ရန်ကုန်မှာသွားတက်မယ်၊ နင်ငါတို့နဲ့ ကွဲပြီပေါ့၊ ဟိုမှာ ဆွေမျိုးရှိလို့လားဟယ်"

"ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်း ဒေသစိမ်းမှာ အားငယ်မှာပေါ့၊ နင် ဝမ်းနည်းနေလားဟင်"

စီးစီးက လူသေကောင်လို မျက်နှာလေးမှ ချက်ချင်းဟားခနဲ ရယ်ချလိုက်ကာ…

"ဘယ်ကလာ ဝမ်းနည်းရမှာလဲ၊ ပျော်လွန်းလို့ ညကအိပ်လို့တောင် မပျော်ဘူး"

"မိန်းမ… ကဲဟာ… ဟဲဟာ… အဲဒါ ပျော်ဦး"

သူငယ်ချင်းတွေ ဝိုင်းထုတော့ စီးစီး ဟက်ဟက်ပက်ပက်လေး ရယ်လေသည်။

❑ ❑ ❑

"ဒီစာတစ်စောင်နဲ့ လုံလောက်လို့လား မေမေ၊ မေမေ့စာက သုံးကြောင်းတည်း၊

*အခု ရောက်လာတာ ကျွန်မ သမီးပါ၊ ပညာရေးကိစ္စအဝဝအတွက် ကျွန်မကိုယ်စား ကူညီပေးစေလိုပါတယ်၊ မကြာခင် ကျွန်မ လာခဲ့ပါဦးမယ်။*

*ခင်ခင်ထက်*

တဲ့။ လက်မှတ်နဲ့မှ လေးကြောင်းတည်း၊ မေမေ့ဆွေမျိုးတွေ ဆိုပေမယ့် ရွှေရှိမှ မျိုးတော်ချင်ကြတာ မေမေရဲ့၊ စီးစီးတို့ကဆင်းရဲတော့ သူတို့က ပျူပျူငှာငှာရှိပါ့မလား၊ မေမေကလည်းကိုယ်တိုင်လိုက်ခဲ့ ပြီးရော"

စာကို မြန်မြန်ဖတ်၍ စီးစီးက ခေါင်းကုတ်သည်။

"တစ်နယ်တစ်ကျေးကို တစ်ယောက်တည်းလွှတ်တဲ့ကိစ္စကို မေမေက ဟိုမှာ မယုံကြည်ရဘဲ သမီးကို ရဲရဲတင်းတင်းလွှတ်ပါ့မလားကွယ်၊ အစကတော့ သမီးကို မေမေက အဆောင်

ရှာ လိုက်အပ်ပေးမလို့ပါ၊ ဒီကနေ လှမ်းပြောကြည့်လိုက်တော့ မမတို့က ဝမ်းပန်းတသာနဲ့ လက်ခံကြတယ်၊ သမီးကို မမတို့က ကိုယ်တိုင်လာကြိုမှာပါ”

“မေမေနဲ့ ဘယ်နှဝမ်းကွဲလောက် တော်မလဲ”

“ဆွေနီးမျိုးစပ်လောက်ပဲ၊ ဒါပေမယ့် သမီး ဘာမှမပူနဲ့၊ ဘာလဲ··· သမီးက ရန်ကုန်ကို တစ်ယောက်တည်းမသွားရဲဘူးလား”

“အိုး··· ဘာလို့မသွားရဲရမှာလဲ၊ ဒါပဲနော် မေမေ၊ ဟို ရောက်လို့ သူတို့ပုံစံ အချိုးမပြေရင်တော့ စီးစီးက အဆောင်ရှာ ပြောင်းနေမှာ”

“အင်းပါ··· ဒါပေမယ့် မေမေ့ကိုတော့ ဖုန်းဆက်တိုင်ပင်ပါ၊ သမီးကို မမက စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မထားပါဘူး”

“မေမေ့ကိုလည်း စီးစီး စိတ်မချဘူး မေမေ၊ အိမ်မှာ တစ်ယောက်တည်း၊ မေမေ ဘာဖြစ်လို့ စီးစီးကို ရန်ကုန်လွှတ်ရတာလဲ”

“သမီးက မသွားချင်လို့လား”

“သွားချင်တယ်၊ ရန်ကုန်ဆိုတာကို စိတ်ဝင်စားနေတာ ကြာပြီဥစ္စာ၊ ဒါပေမယ့် မေမေက စီးစီးနဲ့ ဘယ်တုန်းက ခွဲဖူးလို့လဲ”

“အခုက သမီး ကျောင်းပိတ်တိုင်း ပြန်လာလို့ရတာပဲ၊





နောက်ဆို တစ်သက်လုံးတောင် ခွဲရဦးမှာ၊ သမီးကို ပိုင်မယ့်သူ ပေါ်လာရင် မေမေက ဆိုင်ရဲပဲ ဆိုင်တော့မှာ၊ ပြီးတော့···”

ဒေါ်ခင်ခင်ထက်က စကားကို ရပ်ထားသဖြင့်···

“ပြီးတော့ ဘာဖြစ်လဲ၊ ပြောလေ မေမေ”

“သူတို့ သမီးကို ဆက်သွယ်လာလိမ့်မယ်”

“ဘယ်သူတို့လဲ မေမေ”

“သမီးကို လိုချင်တဲ့ မိသားစုပေါ့၊ သမီးကို သူတို့ တစ်နည်းနည်းနဲ့တော့ ဆက်သွယ်ကြမှာပါ”

“ဒါနဲ့ မေမေပြောတော့ ကျောင်းပြီးမှ သိရမှာဆို၊ အခု သိဖို့မလိုသေးဘူးဆို စီးစီးလည်း မသိချင်ဘူး၊ ခေါင်းထဲမှာ ဘာမှမထားဘဲ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်”

“လွတ်လပ်မှာပါ၊ သူတို့ကလည်း သမီး သိသာအောင် ကိုယ်ယောင်ပြဦးမယ်လို့ မေမေ မထင်ဘူး၊ သမီး မေမေ့အတွက်လည်း မပူနဲ့၊ မေမေက ရောဂါသည်လည်း မဟုတ်ဘူး၊ အသက်ကြီးတဲ့အဘွားကြီးလည်း မဟုတ်ဘူး၊ ပြီးတော့ ဆင်းရဲချို့တဲ့နေတာမှ မဟုတ်တာ၊ သမီး မေမေ့ကို နောက်ဆံတင်းဖို့ မလိုဘူး၊ မေမေ့ကို သတိရတိုင်း ပညာကို ကြိုးစားပါ၊ မေမေ ဖြစ်စေချင်သလို လွတ်လပ်ပွင့်လင်းသူနဲ့ ရောချပြီး သိက္ခာပဝါကို ဆုတ်ဖြဲ မပစ်မိဖို့ သတိထားပါ”

"စီးစီး မေးပါရစေ မေမေ၊ သူတို့က စီးစီး မသိတဲ့ အနောက်ကနေ အမြဲရှိနေပြီး Check လုပ်နေမှာလား၊ ဒါတော့ စီးစီး လုံးဝသည်းမခံဘူးနော်"

"သည်းမခံနိုင်တာက သမီးသိမှ ဖြစ်လာမှာပါ၊ သမီး အဖြူလား အနီလားမသိတဲ့ ကာလတစ်ခုခုကို ဘယ်မှာရှာပြီး ဒေါသဖြစ်ရမှာလဲ၊ ကိုယ့်စိတ်ကို လွတ်လွတ်လပ်လပ် ထားပစ်လိုက်ပါ၊ ခုချိန်မှာ သူတို့ သမီးနဲ့ အဝေးကြီးရှိပါသေးတယ်၊ သမီး ခေါင်းထဲထည့်ထားရမှာက မေမေနဲ့ မေမေ့ဆန္ဒကိုပဲ"

"ဘာထူးလဲ၊ မေမေလည်း သူတို့လူပဲဥစ္စာ"

စီးစီး အဝတ်တွေထည့်ရင်း တစ်ဖက်လှည့်၍ ပွစိပွစိ ပြောနေတော့ ဒေါ်ခင်ခင်ထက်က ပြုံးသည်။

သို့သော် သမီးလေးနဲ့ မခွဲစဖူး ခွဲရမှာမို့ သူမ မျက်ဝန်းမှာ မျက်ရည်ရောင်တွေ လက်နေလျက်။

❑ ❑ ❑

၄

"သူက ကျော့တဲ့ အဝတ်လျှော်တယ်၊ ကြမ်းတိုက်တယ်၊ သူက မမြင့်၊ မီးဖိုချောင်တာဝန်လေ၊ စားဖို့မှူးပေါ့၊ အပြင်မှာ ဒရိုင်ဘာရယ်၊ ခြံစောင့်ရယ်၊ မာလီရယ်၊ အဲဒါ သမီးမြင်ခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒါ ဒီအိမ်က အလုပ်သမား အားလုံးပဲ၊ မိသားစုကတော့ ညစာထမင်းဝိုင်းကျမှ စုံမှာ၊ အိမ်မှာ အစ်ကိုကြီးနှစ်ယောက်ရယ်၊ မမနဲ့ အန်တီရယ် မိသားစု လေးယောက်ရှိတယ်၊ အန်တီ ကလွဲရင် အားလုံး အလုပ်တွေလုပ်ကြတော့ ညကျမှ ပြန်ရောက်ကြတယ်လေ၊ အစ်ကိုအကြီးဆုံးက ဦးနေဟန်ကြည်၊ အငယ်က ဦးလရောင်ကြည်၊ မမက ဒေါ်မြတ်မြင့်မိုရ်၊ အန်တီက ဒေါ်ရွှေမြင့်မိုရ်ဖူး၊ ခင်ခင်က ပြောပြလိုက်ရဲ့လား"

"ပြောပြလိုက်ပါတယ်၊ ဒါပေမယ့် မေမေက အန်တီတို့နဲ့ ဘယ်လိုတော်စပ်တယ်ဆိုတာတော့ မပြောလိုက်ပါဘူး"

စိုးစိုးက သူမ သိချင်နေတာကို သိသိသာသာလေး ပြောချလိုက်တော့ ဒေါ်ရွှေမြင့်မိုရ်ဖူးက ပြုံးသည်။

"တကယ်တမ်း အသက်ပေးရဲတဲ့အထိ ချစ်ခဲ့ကြတဲ့သူတွေ အတော်များများ သမီး လိုက်ကြည့်စမ်း၊ ဆွေမျိုးတော်လို့ ချစ်ခင်ကြတာ ဟုတ်ရဲ့လား"

"ဒါဆို ဘာမှမတော်ဘူးလားဟင်"

"ဆွေမျိုးတော်ဖို့ မတော်ဖို့ထက် သမီး ဒီအိမ်မှာ မိသားစုလို အကျွမ်းတဝင် ရင်းရင်းနှီးနှီး နေခွင့်ရဖို့က အဓိကမဟုတ်ဘူးလား၊ ဆွေမျိုးတို့ပဲဖြစ်ဖြစ် စပ်နိုင်မှတော်တဲ့ ဆွေမျိုးတော်တာလောက်ပဲဖြစ်ဖြစ် အန်တီတို့က ဒါကို အဓိကမထားဘူး၊ အဲဒီတော့ သမီးလည်း မမေးနဲ့ ဟုတ်လား၊ ဒီမှာ သမီး သူတို့အားလုံးကို လိုအပ်တာ အားလုံးခိုင်း၊ လွတ်လွတ်လပ်လပ်နေ၊ တစ်ခုတော့ရှိတယ်၊ မိသားစုတစ်စုမှာ မူတစ်ခုတော့ ရှိတာပေါ့လေ၊ ဒီအိမ်မှာ စည်းကမ်းတင်းကျပ်မှုတချို့ ရှိလိမ့်မယ်၊ အဲဒါ သမီး နာခံနိုင်ဖို့ပဲ"

စိုးစိုးက နန်းတော်ကြီးသဖွယ် ခမ်းနားကြီးကျယ်နေသည့် တိုက်ကြီးရဲ့ အဆင်အပြင်ကို မသိမသာကြည့်ရုံနဲ့ အားမရဘဲ ပြောင်ပြောင်တင်းတင်း လိုက်ကြည့်နေတော့သည်။

ဟိုရှေးရှေးဘုရင်တွေ ရှိခဲ့တုန်းကတော့ ဘယ်လိုလဲ မသိ။





ခုလက်ရှိကတော့ ဒီအိမ်ကြီးဟာ မန္တလေးနန်းတော်ထက် သာနေသည်။

ကြမ်းတိုက်တဲ့အလုပ်သမားက ဘယ်နေရာကို သွားတိုက်ပါသနည်း။ ကြမ်းဆိုလို့ လက်တစ်လုံးမျှ မမြင်ရဘဲ ရွှေအိုရောင်ရင့်ရင့်မြွေပွေးကွက်ကော်ဇောက ကြမ်းခင်းအပြည့်ရှိကာ မွေးပွလေးတွေ အရောင်လက်နေပုံက ရေပွက်တွေထနေသလို တလက်လက် ဖြစ်နေသည်။

ခြေဖဝါးအောက်မှာ နူးညံ့အိစက်နေ၏။

အပေါ်ထပ် တစ်ထပ်လုံးမှာ ဝရန်တာပတ်လည်ကို သခြမ်းပုံ ထုတ်ထားကာ ညာဘက်ခပ်စောင်းစောင်းမှာ ရှစ်ပေ၊ ဆယ်ပေခန့်ကျယ်သော လှေကားရှည်ကြီးက ကြွရွလှပသော နဂါးအဆင်းပွတ်လုံး ရုပ်ကြွလက်တန်းနှစ်ဖက်နှင့် နန်းဆန်ခန့်ညားနေသည်။

ဝါနုသော ဆေးရောင်ရှိသည့် နံရံတွေမှာ အပေါ်ဘက် ဘန်းကျနေသည့် ကန့်လန့်ကာရှည်ကြီးများက နံရံနှင့်ခွဲမရနိုင်အောင် ဝါနုနုအိစက်နေသည်။

အပြင်ဘက်မှာ နက်ပြာရောင်စတေကာမှန်တွေ အပြည့်။ မော့ကြည့်လိုက်တော့ ခေါင်းပေါ်မှာ လှပသော မီးဆိုင်းတွဲကြီးက အဏုမြူတွေလို တလက်လက်တောက်နေ၏။

လိုက်ငေးကြည့်နေရင်း စီးစီး သတိရကာ ဒေါ်ရွှေမြင့်မိုရ်ဖူး ဘက်ကို ဆတ်ခနဲ လှည့်ကြည့်၍···

"အခု စီးစီး ဒီမှာလာနေမှာကို ဟို အန်တီဂို သိရဲ့လား ဟင်"

စိုးရိမ်သံလေးနှင့် မေး၏။

"သိတာပေါ့ကွယ်၊ အန်တီက အငယ်ဆုံးပဲဟာ၊ ကြီးတဲ့သူတွေ မသိအောင် ဘာမှမလုပ်ဘူး၊ ဒီအိမ်မှာ အဲဒါဟာလည်း အဓိကစည်းကမ်းပဲ၊ ကြီးတဲ့သူက ဒါဆို ဒါပဲ၊ ငယ်တဲ့သူက ပြန်မပြောရဘူး၊ ကိုယ့်ဘာသာကိုယ် ဘာမှမလုပ်ရဘူး၊ ကြီးသူကို ငယ်သူက ကြောက်ရတယ်၊ ငယ်သူကို ကြီးတဲ့သူက လေးစားရတယ်၊ အန်တီတစ်ယောက်ပဲ အိမ်ထောင်မရှိတာ၊ အကြီးသုံးယောက်မှာ အိမ်ထောင်တွေရှိတယ်၊ သားသမီးတွေ ရှိတယ်၊ အားလုံး မိသားစု စုံပေမယ့် မမကတော့ အိမ်ထောင်မရှိတော့ဘူး၊ ဆုံးသွားတာ ကြာပါပြီ၊ ကဲ··· ကဲ··· သမီးလည်း နားတော့"

ဒေါ်ရွှေမြင့်မိုရ်ဖူးက ကျော့ဘက်ကို လှည့်၍···

"သူ့အတွက် အပေါ်ထပ်က ငါပြောတဲ့ အခန်းကို ပြင်ပြီးပြီပေါ့"

"ဟုတ်ကဲ့ မမလေး"

"အေး··· အားလုံးပဲ ခုနပြောထားတဲ့အတိုင်းနော်၊ ဒါ





ငါတို့ရဲ့ မိသားစုပဲ၊ သူ့ကို တလေးတစားဆက်ဆံရမယ်၊ လိုအပ်သမျှ တာဝန်ကျေပါစေ"

"ဟုတ်ကဲ့ပါ"

ပြိုင်တူ ခေါင်းငုံ့ပြောကြသည်။

"လိုက်သွား သမီး၊ အပေါ်ထပ်မှာ အားလုံးအစုံရှိတယ်၊ ရေမိုးချိုးပြီး အေးဆေးနားလိုက်၊ အဲဒီအခန်းက ဝရန်တာကို ထွက်ကြည့်ရင် တောင်ဘက်ခြံတစ်ခြမ်း အားလုံးကို မြင်ရတယ်၊ ပြီးတော့ သံလှေကားက ဆင်းသွားရင် ခြံထဲကို ဒီဘက်က လာဆင်းနေဖို့ မလိုတော့ဘူး၊ ဒါပေမယ့် လောလောဆယ်တော့ မဆင်းပါနဲ့ဦး၊ ဘာဖြစ်လို့လဲဆိုတော့ ခွေးလွှတ်ချိန်တွေနဲ့တိုးရင် သမီး ခွေးကိုက်ခံရလိမ့်မယ်၊ ခွေးနှစ်ကောင်က တစ်ကောင် တစ်ကောင်ကို နွားပေါက်လောက်နီးနီး ရှိတယ်"

ဘုရား··· ဘုရား···

ခွေးဆို အသေကြောက်သည့် စီးစီး ပခုံးလေးနှစ်ဖက် ဝင့်တက်ကာ မျက်လုံးပြူးသွားလေသည်။

အဲဒီခွေးကြီးတွေနဲ့ ဘယ်လိုတည့်အောင်ပေါင်းရပါ့မလဲ။

သေချာတာတစ်ခုက စီးစီး ခြံထဲကိုဆင်းဖို့ ဘယ်တော့မှ စိတ်ကူးတော့မည် မဟုတ်တာပင်။

❑ ❑ ❑

"သူက ဧည့်သည်ပေမယ့် တစ်ရက်၊ နှစ်ရက်နဲ့ ပြန်သွားမယ့်သူမှ မဟုတ်တာ"

"ပြန်ပြန် မပြန်ပြန် ဧည့်သည်က ဧည့်သည်ပဲ၊ မိုးနှင်းစက်မှာ ဒီလောက်ထိ နေရာပေးထားဖို့ မလိုပါဘူး၊ ခုတော့ အပေါ်ထပ်မှာ ဒီမိန်းကလေးကို တင်ထားသတဲ့၊ ဒါ မဖြစ်သင့်တဲ့ကိစ္စ"

"မြတ်ကိုယ်တိုင် အဲဒီမှာထားဖို့ မှာခဲ့လို့ ဖုးက ထားတာပါ"

"နေပါဦး… အဲဒီမိန်းကလေးက ဘယ်သူမို့လို့ ဒီလောက်အခွင့်အရေးတွေ ရနေတာလဲ"

"မြတ် သိပ်ချစ်တဲ့ သူငယ်ချင်းရဲ့သမီးပါ ကိုကြီး၊ အမေတစ်ခု သမီးတစ်ခုပါ၊ ဘာမှလည်း ဖယ်ားရှပ်ဖို့ မရှိဘူး"

"ဖယ်ားရှပ်တာ မရှုပ်တာက ဘာကိုပြောတာလဲ၊ ကိုကြီးပြောတာက ဒီအိမ်မှာ မိသားစုတွေ များတယ်၊ နဂိုကတည်းက





တိုယ့်စည်း ကိုယ့်ကမ်းနဲ့ သီးသီးသန့်သန့် နေခဲ့ကြတယ်၊ လူစိမ်းဝင်လာတာကို လုံးဝမကြိုက်ဘူး၊ ဒီကိစ္စ ညီရော သိလား"

ဒေါ်မြတ်မြင့်မိုရ်က မျက်နှာခပ်ပြေပြေနှင့် မော့ကြည့်၍ သက်ပြင်းချသည်။

"သိပါတယ်"

"သူက သဘောတူသလား"

"အိမ်မှာ ဧည့်သည်တစ်ယောက် လက်ခံဖို့အတွက် ဒီလောက်ထိ လိုအပ်သလား ကိုကြီး"

"ဟ… လိုအပ်တာပေါ့၊ 'မိုးနှင်းစက်'က သံလာယံဇရပ်မှ မဟုတ်ဘဲ"

"သံလာယံဇရပ်မဟုတ်လို့ သူက ယုံယုံကြည်ကြည် ရောက်လာခိုနားတာပါ ကိုကြီးရယ်၊ ဒီအတွက် ဘာပြဿနာမှ ရှိပါဘူး၊ မြတ် ဧည့်သည်အတွက် မြတ် တာဝန်ယူတယ်"

ဦးနေဟန်ကြည်က မကျေနပ်။

ကျယ်ပြန့်သော နဖူးပြင်က တွန့်ရှုံ့ကာ မျက်ခုံးထူထူကြီးအောက တွန့်ကုတ်ကွေးကျနေသည်။

"အေးပေါ့လေ… ငယ်စဉ်တုန်းကတော့ ကိုကြီးက ကိုယ့်ညီမလေးတွေကို ချိုပိုးထိန်းကျောင်းရင်း ချစ်ခဲ့ အလိုလိုက်ခဲ့ဘော၊ ခြေရာချင်းတူတော့ တိုင်းကြပြီပေါ့၊ ဒါပေမယ့် ကိုကြီးက

ပိုရင်နာတယ်၊ အချိန်တန်တော့လည်း သွေးက စကားပြောကြတာပဲလို့ တွေးပြီး ကြေကွဲတယ်”

“ဒီကိစ္စလောက်နဲ့ ကိုကြီး ဒီစကားတွေ မပြောပါနဲ့ ကိုကြီးရယ်”

“မပြောလို့ မရတော့လို့ ပြောတာ မြတ်၊ ညည်းတို့ညီအစ်မချင်း စည်းလုံးနေကြတယ်၊ ဘာလုပ်လုပ် ဘာကြံကြံ ကိုကြီးတို့ညီအစ်ကို ဘာမှမသိရဘူး၊ လုပ်ချင်ရာ လုပ်ပြီးမှ တိုင်ပင်တာမဲ့ မဟုတ်ဘဲ၊ ဒါတွေဟာ သူတို့က ငါတို့နဲ့ သွေးတော်တာမှ မဟုတ်ဘဲဆိုတဲ့ ပြကွက်တွေပဲ၊ ဟုတ်ပါတယ်၊ ကိုကြီးတို့က မွေးစားသားတွေပဲ”

“ကိုကြီး ပြောသလို တစ်ခုမှမဟုတ်ဘူး၊ အိမ်မှာ ဘာမှအရေးမပါလောက်တဲ့ကိစ္စကို အရေးမပါသလို လုပ်သွားတာ၊ ကိုကြီး ပြောတာတွေနဲ့ ဘာမှမဆိုင်ဘူး”

ဒေါ်ဖူးက အကြီးနှစ်ယောက် ပြောနေကြသည့် စကားထဲကို ဘယ်လိုမှဝင်မပါဘဲ ပါးစပ်ပိတ် ထိုင်နေသည်။

“ဒါဆို အရေးမပါလောက်တဲ့ကိစ္စလို့ပဲ ကိုကြီးက သဘောထားလိုက်ပါ့မယ်၊ တစ်ခုတော့ ရှိတယ်၊ ဒီညှော်သည်နဲ့ ပတ်သက်လို့ ကိုကြီးတို့ဘက်က ဝတ္တရားကျေဆိုတာမျိုး မရှိခဲ့ရင်သာ ညည်းတို့ တစ်မျိုးမဖြစ်ကြပါနဲ့”





ဦးနေဟန်ကြည်က လက်ဖက်ရည်ဝိုင်းမှထကာ သူ့အိတ်ကိုဆွဲ၍ ထွက်သွားသည်။

တအောင့်လောက်ကြာတော့ နေရိပ်ချိုနဲ့ လရိပ်ချိုတို့ နှစ်ယောက် ရှေ့နောက်တန်း၍ ဝင်လာသည်၊၊

မျက်နှာတွေက ခပ်တည်တည် မှန်မှန်။

သူတို့မျက်နှာချင်းဆိုင် ဝင်ထိုင်ပြီးနောက် စားသောက်ခြင်းကို လက်စသတ်၍ ဒေါ်မြတ်နှင့် ဒေါ်ဖူးတို့ နေရာမှ ထလိုက်ကြသည်။

ထမင်းစားခန်း တံခါးဝရောက်တော့ ဒေါ်အဲလင်းနဲ့ ဒေါ်ချိုမိသိမ်းတို့နဲ့ မျက်နှာချင်းဆိုင်မိသည်။

“ကိုကို သွားပြီလား မြတ်”

“အင်း…”

အဲလင်းက နီရဲရဲဆိုးထားသည့် နှုတ်ခမ်းနှစ်လွှာကို လှပစွာ တွန့်ပြုံးလိုက်ပြီး…

“မြတ်ရော ဒီနေ့ အပြင်မသွားသေးဘူးပေါ့”

“သွားမယ်၊ ကိုးနာရီလောက်ကျမှ…”

အပေါ်ယံပြုံးနေသည့် နှုတ်ခမ်းတို့ကို မျက်နှာလွှဲ၍ ဒေါ်မြတ် ရှောင်ကွင်းထွက်လာခဲ့သည်။

သူတို့နှစ်ယောက်ရဲ့ ကျောပြင်ကို ကြည့်၍ ဒေါ်အဲလင်း

၏ ပြုံးနေသည့်နှုတ်ခမ်းက မဲ့ခနဲဖြစ်၏။

"ညီအစ်မနှစ်ယောက် ပြုံးစိစိနဲ့ လည်သားနော် ချို"

"ဟင်…"

နှစ်ယောက်လုံး စားပွဲမှာထိုင်ကြတော့ နေရိပ်ချိုက အချို ပန်းကန်လုံးတွေကို လှန်၍ လက်ဖက်ရည်ထည့်ပေးသည်။

"အန်တီမြတ်နဲ့ အန်တီဖူးက မျက်နှာကို တင်းနေတာပဲ နော် မာမီ"

ဒေါ်ချိုမီသိမ်းက ပေါင်မုန့်ကြော်တစ်ချပ်ကို ခက်ရင်းနဲ့ လှမ်းဖွဲ့၍…

"သူတို့ ဘယ်လောက်ပဲတင်းတင်း လည်လည် ကိုနေ့ကို တော့ ဘယ်တော့မှ ကျော်လို့မရပါဘူး၊ ငယ်ငယ်ကတည်းက ငယ် ကြောက်လေ၊ ပြီးတော့ လုပ်ငန်းအားလုံးကို သူတို့ ဘာနားလည် လို့လဲ၊ တို့တွေမရှိလို့ ဖြစ်မလား"

"ကဲ… ဒီလိုမပြောနဲ့ သိမ်းရေ၊ မြတ်ကို လျှော့မတွက် နဲ့နော်၊ သူ့ဝင်ငွေက တစ်နေ့ကို ကိုယ်တို့နှစ်ယောက် တစ်ပိုင်း ထိုင်ပစ်သလောက် ရှိနေတာ၊ ရတနာစိန်ကျောက်ဆို မြတ်မြင့်မိုရ် မပါရင် ပြီးတာမဟုတ်ဘူး၊ သူ့လက်ထဲရောက်မှ ဈေးငြိမ်တာ ရာဇဝင်ကောင်းနဲ့ သိလား၊ မနေ့ကဆို နာရီပိုင်းလောက် လှုပ်ရှား လိုက်တာ ခုနစ်ဆယ်လောက် ရလိုက်သတဲ့"





"ဟုတ်တယ် မာမီ၊ မာမီ တစ်ခါရှုံးပစ်လိုက်ရင် ဒယ်ဒီ ချက်လုံးပြူးအောင် ရှာရတာ၊ အန်တီမြတ်ဆို စီးကရက်သောက် ပေမယ့် ထိုင်ရာမထဘဲ ခြောက်ဆယ် ခုနစ်ဆယ် ဝင်နေတာ၊ အဲဒါမျိုးကျတော့ ဒယ်ဒီ ဘယ်လိုမီအောင်လိုက်မလဲ"

ဒေါ်ချိုမီသိမ်း မျက်နှာတင်းလျက် လက်ဖက်ရည်ကို နှုတ်ခမ်းကမခွာဘဲ တကျိုက်ကျိုက် မော့ပစ်လိုက်သည်။

ထို့နောက် ပန်းကန်လုံးကို အသံမြည်အောင် ခပ်ဖိဖိချ တာ…

"ဒါတင် ဘယ်ကမလဲ၊ ဟိုတလောက လေလံပွဲမှာ သည်း ကိုနေ့ကို မောင်နှမချင်းမျက်နှာမှ မထောက်ဘဲ အနိုင်နဲ့ပိုင်း ပြီး ဖြတ်ချသွားတာ၊ အဲဒီတုန်းက ကိုနေက သူ့လို လက်ထဲမှာ ငွေကိုင် မထားနိုင်တော့ ရှုံးသွားတာပေါ့၊ သူ သိပ်ကို လည်နေ တာ၊ ဒါကြောင့် ဘဝင်တွေအရမ်းမြင့်နေတာ၊ လုပ်ငန်းချဲ့မယ်၊ ရှည်းတင်မယ်ဆိုတာကျတော့ ဘာမှထုတ်မပေးတဲ့ အပြင် လုပ်ငန်းတွေကိုတောင် ရပ်ပစ်ချင်တယ်တဲ့၊ မနိုင်မနင်း မလုပ်ချင် တော့ဘူးတဲ့"

"အဲဒါလည်း သူ လည်တာပဲ သိမ်းရဲ့၊ တဖြည်းဖြည်း ကိုတွေ နေရာမရှိအောင် လုပ်ချင်တာ၊ ပြီးတော့ ဟိုကောင်လေး ကိုးနဲ့လေ"

"သျှန်းကို သူတို့ အားကိုးလို့ မရပါဘူး၊ သျှန်းက စီးပွားရေးကို စိတ်ဝင်စားတာမှ မဟုတ်တာ၊ အခုပဲ နိုင်ငံခြားကို ပညာတော်သင် ထွက်သွားပြီ၊ ဘွဲ့တွေတစ်ခုပြီးတစ်ခု ယူဖို့ပဲ သူက စိတ်ဝင်စားတာ"

"ကိုသျှန်းက အရမ်းတော်တာပဲနော် မာမိ၊ ပြန်လာရင် နိုင်ငံခြားပြန်ပါရဂူကြီး ဖြစ်ပြီ"

သမီးဖြစ်သူကို ဒေါ်ချိုမိသိမ်းက ခပ်ရုးရုးလှမ်းကြည့်သည်။

ဒီသမီးနှစ်ယောက်ကို မွေးခဲ့တုန်းက မျှော်လင့်ချက်တွေနဲ့ ဝမ်းသာအားရ ဖြစ်လိုက်ရတာ။

အဲလင်းက ကလေးမမွေးနိုင်တဲ့ မိန်းမ။

လင်ညီအစ်မဆိုပေမယ့် ယောက်မတွေထက်ပို၍ ခင်မင်ကောင်းသည်။

သူမကိုလည်း ခင်ခင်မင်မင် ရှိသည်။

ကလေးမမွေးနိုင်ဘူးဆိုတော့ ပို၍အဆင်ပြေသွား၏။

ဒီအိမ်မှာ ကိုယ့်သမီးနှစ်ယောက်တည်း။

ဦးလရောင်ကြည်က ကလေး မရနိုင်တော့သလို ဒေါ်ရွှေမြင့်မိုရ်ဖူးက အပျိုကြီး၊ ဒေါ်မြတ်မြင့်မိုရ်မှာ သားရှိသည်





ကိုယ့်မှာ သမီးနှစ်ယောက်နဲ့ ဘယ်လောက်အဆင်ပြေသလဲ။

"ငါ့သမီးတွေ မွေးထားတာကိုက ငါတို့အတွက်ပဲကွ၊ သမီးတစ်ယောက်ယောက်နဲ့ သျှန်းနဲ့ လက်ထပ်ပေးလိုက်ရင် အားလုံး အေးချမ်းပြီ"

ဒီစကားကို ကိုနေပြောတော့ ရင်ထဲမှာ ဝမ်းသာလုံးဆို့မတတ်။

တကယ်ဆို ကိုယ့်ယောကျ်ားကို သူဌေးသားကင်၍ ယူခဲ့တာ၊ ယူပြီးမှ မွေးစားသားတွေမှန်း သိခဲ့ရသည်။

နေဟန်ကြည်နဲ့ လရောင်ကြည် အမြွာညီအစ်ကိုကို မွေးစားခဲ့ပြီးမှ ကလေးမရနိုင်တော့ဘူး ထင်ခဲ့ရသည့် ဒေါ်ရွှေရတနာထိုက်မှာ မြတ်မြင့်မိုရ်နဲ့ ရွှေမြင့်မိုရ်ဖူးကို အသက်ကြီးမှ နှစ်နှစ်စီခြား၍ ဆက်တိုက်မွေးဖွားခဲ့သည်တဲ့။

ဦးနေဟန်ကြည် လည်၍သာ ခုချိန်ထိ 'မိုးနှင်းစက်'မှာ အကြီးအကဲအဖြစ် ခေါင်းမော့နေနိုင်ခြင်း ဖြစ်သည်။ သမီးတွေကို မွေးပြီးတော့မှ စိုးထိတ်နေရတာတွေ လွင့်ပါးခဲ့ရသည်။

အရင်းအချာတွေ မဟုတ်ကြပေမယ့် မြတ်တို့ညီအစ်မကအစ်ကိုတွေကို ရိုသေမှုရှိကြသည်။

"ငါ့သမီးတစ်ယောက်နဲ့ သျှန်းနဲ့ လက်ထပ်ပေးရအောင်"

ဟု စကားစလိုက်ရုံနဲ့ ပြီးသည်သာ။

ပြီးတော့ ဘာမှမတော်စပ်ကြတာကို ကလေးတွေက သိထားသည်။

လက်ထပ်ပေးဖို့ရည်ရွယ်ထားကြောင်းလည်း အသိပေးထား၏။

သမီးနှစ်ယောက်ကလည်း သျှန်းကို ချစ်ကြပြီးသား။

မချစ်တာက သျှန်းပဲဖြစ်သည်။

မြတ်တို့က လက်ထပ်ဖို့ကို ခေါင်းမခါခဲ့ပေမယ့် ခေါင်းမညိတ်ခဲ့သလို သျှန်းကလည်း အနေတည်သည်။

တစ်အိမ်ထဲနေသည်း တစ်မိုးတည်း နေကြပေမယ့် ရင်းနှီးပတ်သက်ချင်ပုံ မဖြစ်ပေါ်ခဲ့သဖြင့် မကျေနပ်စိတ်တွေ ကြိတ်ဖြစ်ခဲ့ရသည်။ ကိုယ့်သမီးတွေလည်း လှကြတာပဲ။

သျှန်းက အဘယ်ကြောင့် မတုန့်လှုပ်ခဲ့တာလဲ။

ဒါဟာ သူ့အမေနဲ့ အဒေါ်ရဲ့ စနက်ပဲဆိုတာ သိသည်။

ဒါကြောင့်ပဲ မကျေနပ်တာ ဖြစ်သည်။

ထို့ပြင် အခု အတော်ချောမောလှပသော နုနယ်ငယ်ရွယ်သည့် မိန်းကလေးတစ်ယောက်ကို အိမ်ပေါ်တင် နေရာပေးလာတာ ဘာသဘောလဲ။

ရင်ထဲမှာ မကျေနပ်ခြင်းတွေ ပလုံစီနေသည်။





မျိုသိပ်နေရသမျှ ကျပ်ခဲနေ၏။

ဒါပေမယ့် မြတ်ကို ရှိန်နေ၍ တော်ရုံကို မပြောဖြစ်ခဲ့ပေ။

မပြောလို့တော့ မဖြစ်ပါချေ။

ကိုယ်ပြောလို့မသင့်တဲ့ စကားကို ပြောလို့သင့်တဲ့ လူနဲ့ အပြောခိုင်းရမည်။ အားလုံး စီစဉ်မျှော်လင့်ခဲ့ရတာတွေကို ရေစုန်မျှောတော့ မခံနိုင်။

❑ ❑ ❑

"နိုးလာပြီလား၊ ထိုင်လေ… ညီမလေး၊ ဘာစားတတ်လဲ"

မမြင့်က မေးတော့ စီးစီးက ခုံတစ်လုံးဆွဲထိုင်ကာ…

"စီးစီးက ဘာဖြစ်ဖြစ် စားပါတယ်"

"ဒါဆို လက်ဖက်ရည်နဲ့ မုန့်လား၊ ကော်ဖီသောက်မလား၊ မမြင့်က ညီမလေး မနက်စာ ဘာစားတတ်မှန်းမသိလို့ မစီစဉ်ထားတာ"

"ရပါတယ် မမြင့်ရဲ့၊ ထမင်းကြမ်းရှိလားဟင်"

"ဟင်… ထမင်းကြမ်းဆိုတာ ညက ကျန်တာကို ပြောတာလား"

"ဟုတ်တယ်လေ"

မမြင့်က ရယ်၍ ခေါင်းခါပြသည်။





"ဒီမှာက ထမင်းဟင်း အကျန်ကို အိုးထဲမှာမထားရဘူး၊ ကျန်တာအားလုံး သွန်ပစ်ရတယ် ညီမလေးရဲ့၊ ညီမလေးက ထမင်းကြမ်း စားတတ်လို့လား"

"အင်း… ထမင်းကြမ်းကို ကြော်ပြီး ကြက်ဥနဲ့ဖြစ်ဖြစ် အသားတစ်ခုခုကိုဖြစ်ဖြစ် ကြော်စားတာပေါ့"

"ဒါဆို မမြင့် ထမင်းပူနဲ့ ကြော်ပေးမယ်လေ"

"အဲဒီလောက်ထိ အချိန်ပေးလို့မရဘူး မမြင့်၊ တို့အတွက် နွားနို့ကျိုပေးစမ်း"

ရုတ်တရက် နေရိပ်ချိုနဲ့ လရိပ်ချိုတို့ ဝင်လာကြသည်။

စီးစီးကို ပြင်းထန်စွာ တစ်ချက်ကြည့်၍ မျက်နှာလွှဲ၏။

"ပေါင်မုန့်ကို ကြက်ဥနဲ့နှစ်ပြီး မီးကင်၊ မြန်မြန်လုပ်"

"ဟုတ်၊ ခဏနော် ညီမလေး"

မမြင့်က ချက်ချင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကာ နွားနို့အိုးကိုကျိုရန် မီးဖိုပေါ်တင်၊ ပလပ်ပေါက်ပြေးတပ် မီးဖွင့် ပေါင်မုန့်ထုပ်ယူ။

ကြည့်နေရင်းမှာ ဆက်တိုက်လုပ်ချသွားသည်။

စီးစီး မေးလေးထောက်၍ အံ့တသြ ကြည့်နေမိ၏။

"သူက ထမင်းကြမ်းပဲ ကြိုက်တတ်ရင် နောက်နေ့ကျ တော့ မမြင့်တို့ စားသောက်ပြီး ကျန်တာတွေကို သွန်မပစ်နဲ့တော့၊ သူ့အတွက်ထားလိုက်၊ မနက်ကျတော့ ကျွေးလိုက်ပေါ့"

လရိပ်ချို မျက်နှာက ပြုံးရယ်ရယ်။

ကိုယ့်ကို မဲ့ပြီမှန်း စီးစီး သိလိုက်၏။

ရှိစေတော့။

ကိုယ်က ကာလံဒေသံ မဆင်ခြင်ဘဲ စကားများသွား လိုက်သည်ကိုး။

အပြုံးမပျက်ဘဲ နေပေးလိုက်လျက် စီးစီးက လရိပ်ချိုကို ဖော်ရွေသောအကြည့်နဲ့ တုံ့ပြန်ကြည့်သည်။

"မမက အရမ်းသဘောထားကောင်းတာပဲနော်၊ မမရဲ့ အမေကလည်း မမကို အရမ်းအလိုလိုက်တဲ့ပုံပဲ၊ မေမေဆို စီးစီး ကို အရမ်းရိုက်တာ သိလား၊ ဆဲတာဆိုတာမှ ကြမ်းတမ်းတာ မဟုတ်ဘူးတဲ့၊ တစ်ဖက်သား နားဝင်မချိုစေတဲ့ စကားကို ပြော တာလည်း ကြမ်းတမ်းတာပဲတဲ့၊ တစ်ခါကဆို ဘေးအိမ်က ကိုယ့် သူငယ်ချင်းမို့ ကိုယ်က ကျွေးချင်လို့

"ဟဲ့... ငါ့အိမ်မှာ ဟင်းတွေကျန်သေးတယ်၊ ဘယ်သူမှ မစားတော့ဘူး၊ စားမလားလို့ မေးပြီး နင်မှ မစားရင် သွန်ပစ်ရ တော့မှာနော်လို့" နောက်ပြောင်ပြောမိတာကိုလေ အမလေး...





ခေါင်းကိုခေါက်ချလိုက်တာ ဒေါက်ခနဲပဲ၊ နားရွက်ဆွဲ အိမ်ထဲခေါ် သွားပြီး စကားကို ဒီလောက် ကြမ်းကြမ်းတမ်းတမ်း နားဝင်ဆိုး အောင် ပြောရသလား၊ ရိုင်းစိုင်းရသလား မိမဆုံးမ ဖမဆုံးမ သားသမီးလို့ အပြောခံရရင် မိဘပဲ အရှက်ရတာ၊ ကိုယ်ကပေးရ တာပဲဆိုပြီး စကားကို အထက်က မပြောနဲ့၊ ပိုလျှံလို့ သွန်ပစ်ရ တယ်ဆိုကတည်းက အဲဒီအိမ်မှာရှိတဲ့ မိန်းကလေး ဘယ်လောက် စည်းစနစ်ရှိတယ် မရှိဘူးဆိုတာ ပညာရှိတဲ့လူက သိတယ်၊ ညည်း မရှက်ဘူးလား၊ ပေးတာချင်းအတူတူ ခွေးပေး ဝက်ပေး ပေးတော့ ရော့လည်းကြီး၊ သိက္ခာလည်းကျ၊ ကိုယ်အထိန်းအသိမ်းမတတ်တာ ကို ကြော်ငြာနေသေးတယ်၊ အမလေး... စုံလို့၊ စုံလို့၊ မေမေ ဆူသလောက် စီးစီး မပြောတတ်လို့"

စီးစီးက မောသွားသလို အသက်ကို တဝကြီးရှူသွင်း၍ မျက်ခုံးပင့်၊ မျက်လုံးဝင့်၊ လက်ခါ၊ နှုတ်ခမ်းမဲ့၊ တစ်ယောက် တည်းနဲ့ စကားကို တိုးမပေါက်အောင် ပြောချသွားကာ...

"ကျန်လို့ကျန်တယ်ပြောတာကိုပဲ အပြစ်တဲ့ သိလား၊ မိန်းကလေးဖြစ်ပြီး သွန်ပစ်ရတယ်၊ လွှင့်ပစ်ရတယ်လို့ ပြောတာ ကို ရှက်စရာမှန်း မသိဘူးလား ဘာညာ ပါးစပ်တင်မကဘူး၊ လက်က ပါသေးတယ်၊ စီးစီးဆို အရမ်းအရိုက်ခံရတာ၊ မမတို့

ကျတော့ အေးချမ်းတာပေါ့နော်၊ မိဘက အလိုလိုက်ထားတာကိုး"

လရိပ်ချို့ မျက်နှာ နီတီတီဖြစ်လာသည်။

စီးစီးကို ဘားမတတ် ဝါးမတတ်ကြည့်ကာ…

"အဲဒါ ရပ်ကွက်ကြို့ ရပ်ကွက်ကြားက ထမင်းနပ်မမှန်တဲ့ လူတွေ ဖြစ်မှာပေါ့၊ အဲဒီ reason တွေ ဒီမှာ မေ့ပစ်လိုက်တော့၊ ဒါ ရွှေတောင်ကြား"

"ဟင်…ဟုတ်လား၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီတစ်ခါ ရွှေတောင်ကြားမှာဆို ထမင်းနပ်မှန်ကြတော့ အမြဲပိုလျှံပြီး သွန်ပစ်ကြတာပဲလို့ မေမေ့ကို ပြန်ပြောဖို့ မှတ်ထားရမယ်၊ ဒါပေမယ့် မမ ပြောသလိုတော့ မပြောရဲဘူး၊ ကြီးသူကို ရိုသေ၊ ငယ်သူကို လေးစား၊ ဆင်းရဲသား သနားညှာတာ ဘာညာနဲ့ ဒီလောက် ရင့်ရင့်သီးသီး ပြောရသလား၊ အမိယုတ်တော့ နှုတ်ကြမ်းတယ်၊ အဖယုတ်တော့ ဘာဖြစ်တယ် ညာဖြစ်တယ်တွေ ပါလာပြီး စီးစီး အခေါက်ခံရဦးမှာ၊ မေမေဆိုတာ စကားများရင် ခေါက်မယ်၊ ထစ်မယ်ဆိုတာချည်းပဲ"

နေရိပ်ချို့ စားပွဲကို ဖျန်းခနဲ ပုတ်ပစ်လိုက်၏။

လျှပ်စီးလင်း ဆိုတာကို သိထားသည်။





ပြောသွားလိုက်တာ မျက်နှာရော စကားသံရော လျှပ်စီးလက်သွားတဲ့အတိုင်း။

သူမ ဘယ်လိုမှ ဆက်လက်သည်းမခံနိုင်တော့ပေ။

"လျှပ်စီးလင်း"

"ရှင်…"

"ညည်းက မနေ့ တစ်နေ့ကမှ ရောက်လာပြီး အိမ်ရှင်ကို စော်ကားဖို့ ကြိုးစားနေတာလား"

"အို… မဟုတ်တာ၊ ဒီမလာခင် မေမေက အကုန်လုံး သင်လိုက်ပါတယ်၊ အိမ်ရှင်ကို မျက်နှာကြည့်နေရမယ်တဲ့"

လရိပ်ချိုက နှုတ်ခမ်းစေ့၍ တွန့်ခနဲ ပြုံးသည်။

"အိမ်ရှင်ကို မစော်ကားရဘူး၊ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကိုလည်း တလေးတစား ဆက်ဆံတတ်ရမယ်၊ ကျောင်းတက်တဲ့အခါ အသုံးနဲ့အဖြုန်းကို ခွဲခြားသိ၊ လူလိမ္မာရဲ့ ကျက်သရေက ဘယ်လို၊ လူယုတ်မာရဲ့ သဘောတရားက ဘာညာ၊ အားလုံးပဲ၊ ဘာကယ်ပါ မမရယ်၊ စီးစီး မေမေ ထုရိုက်ဆုံးမထားတာတွေကို မေ့မပစ်ရဲပါဘူး၊ မမတို့ မေမေ မမတို့ကို အလိုလိုက်ထားတာကို အားကျလို့ ပြောမိတာပါ၊ တစ်မျိုးသဘောရောက်သွားရင် ခွင့်လွှတ်ပါ "

ဘယ်လိုပဲ လှည့်ပြောပြော စကားက ဒီသဘောပဲမို့ လရိပ်ချိုတို့ မခံမရပ်နိုင် ဖြစ်နေကြသည်။

ပြောလိုက်တာက တစ်ခွန်း၊ နှစ်ခွန်း။

ပြန်ထွက်လာတာတွေက မဆုံးနိုင်၊ မကယ်နိုင်။

ကိုယ်ကပဲ မိမဆုံးမ ဖမဆုံးမ သားသမီး ဖြစ်သွားရပြန်ပြီ။

ပြောချသွားလိုက်တာ တစ်ကိုယ်လုံး စုတ်ပြတ်သတ်သွား၏။

"လျှပ်စီးလင်း ညည်း ဒီအိမ်မှာနေပြီး ပညာကောင်းကောင်းသင်ချင်တယ်ဆိုရင် ပါးစပ်ပိတ်ထားတတ်ဖို့တော့ လိုတယ်၊ အန်တီမြတ်နဲ့တကွ ဒီအိမ်မှာရှိသမျှလူအားလုံးကို ညည်း လေးစားတတ်အောင်ကျင့်ကြံပါ"

"ဟုတ်ကဲ့… အစကတည်းက အဆောင်ရှာနေဖြစ်ဖို့ပါ၊ အန်တီမြတ်က လာကြိုပါ့မယ်လို့ အတန်တန်မှာလို့ မေမေက ဒီကိုလွှတ်လိုက်တာလေ၊ စီးစီးက နေရာတကာ ခေါင်းငုံ့မခံတတ်တဲ့အကျင့်ရှိတာ သိလို့ မေမေက လုံးဝကို စိတ်မချတာ၊ ပြဿနာတော့ မရှိပါဘူး၊ စီးစီးကို မမတို့ သဘောမကျတာရှိရင် ချက်ချင်းပြောပါ၊ စီးစီးအနေနဲ့က ဘယ်မှာပဲဖြစ်ဖြစ် နေတတ်တယ်"





ကိုက်နေတဲ့ဟာ အဖျားသွေးမရှိဘူး ပြောနေသေးတယ်၊ သွား… အိပ်တော့မယ်"

"အိပ်လို့ ဘယ်ရမလဲ၊ ဆေးသောက်ရဦးမယ်"

"မသောက်ချင်ဘူး၊ စီးစီး ဒီလိုပဲ ခဏခဏ ကိုယ်ပူတတ်တယ်၊ မနက် အိပ်ရာထရင် ပျောက်ရော"

"ကြဲကြဲဖန်ဖန်ကွာ… ဖျားနေတာပဲ၊ အိပ်တာနဲ့ ပျောက်ရတယ်လို့"

"အဲဒါ ခဏထားစမ်းပါ၊ စီးစီး ဗိုက်ဆာလို့ မုန့်တစ်ခုလောက် ယူပေးပါလားဟင်"

အစာစားပြီးမှ ဆေးသောက်သင့်သည်မို့ သျှန်က ခေါင်းညိတ်၍ နေရာမှထသည်။

သူ ထွက်သွားသည်နှင့် စီးစီး စောင်ကိုဖယ်၍ ကြက်သွန်ဥကို အသည်းအသန်ရှာသည်။

ချိုင်းထဲက တစ်လုံးကိုထုတ်၍ မွေ့ရာခင်းအောက်မှာ ဝှက်လိုက်ပြီး ပျောက်နေသည့် တစ်လုံးကတော့ ရှာမတွေ့ပေ။

စောင်ထူထူကြီးကို စိတ်တိုလာကာ ဆတ်ခနဲ ဆွဲမလိုက်တော့မှ ထွက်ကျလာပါတော့သည်။

သို့သော် ကျေးဇူးရှင်က မွေ့ရာအောက်သို့ ခုန်ချပြေးဆင်းသွားရာ…

"အယ်… အဲ့…"

တဒေါက်ဒေါက် လိမ့်ဆင်းသွားရာ တံခါးဝနားကျ ရပ်တော်မူ၏။

စီးစီး မျက်လုံးပြူးနေမိဆဲ တံခါးက ပွင့်သွားသည်။

မုန့်ပုံးပိုက်၍ အခန်းထဲဝင်လာသည့် သျှန်က ခြေထောက် ရှေ့ထိ လိမ့်ဆင်းလာသည့် ကြက်သွန်ကို ငုံ့ကြည့်၍ ဖျတ်ခန မော့၏။

စီးစီးက မျက်လုံးလေးဝိုင်းနေ၏။

သို့သော် ချက်ချင်း မျက်နှာလွှဲပစ်ကာ အိပ်ရာထဲ ပြန်လှဲ လိုက်၏။

"ဟိတ်… ဘာလုပ်နေတာလဲ၊ မုန့်စားမလို့ဆို"

"မစားတော့ဘူး၊ ခေါင်းတွေ တအားကိုက်နေလို့ အိပ် တော့မယ်"

"အိပ်လို့ ဘယ်ရမလဲ၊ ကိုယ်တွေပူနေတယ်၊ ခေါင်းကိုက် တယ်၊ ဆေးထိုးမှ ပျောက်မှာပေါ့"

"မလိုဘူးလို့ ပြောနေတာပဲ၊ ကိုယ့်ကိုယ်ကို သိတယ်"

"ကိုယ့်ကိုယ်ကို သိပေမယ့် ကိုယ့်ရောဂါကိုယ် မကုတတ် ကြလို့ ဆရာဝန်ဆိုတာ ဖြစ်လာတာပေါ့၊ စကားမများနဲ့ကွာ ထ… ဆေးထိုးမယ်"



"အဲဒီအတွက် စီးစီးကို ခွင့်လွှတ်ပါ အန်တီ၊ စီးစီး အကျင့်ကိုက သူများပြောတာကို မဟုတ်တာဆို ငြိမ်ခံမနေတတ် တဲ့ အကျင့်မို့လို့ပါ၊ စီးစီး ပြောတာ ရှိင်းသွားတယ်ထင်ပါတယ်၊ အဲဒါကြောင့်…"

"အန်တီ အားလုံးသိပြီးပါပြီ၊ မမြင့်ကို မေးကြည့်လိုက် တော့ ဒီကိစ္စမှာ သမီးက ငယ်သူပဲ၊ တစ်ဦးရဲ့ ရိုးသားမှုကို တစ်ဦးက စော်ကားတာ၊ စော်ကားတဲ့လူက လွန်တာပဲလို့ အန်တီ သတ်မှတ်တယ်၊ သမီးကို မမှားဘူး ထောက်ခံပေးတဲ့အတွက် အခွင့်အရေးယူပြီး မထီလေးစားစော်ကားဖို့ချည်း ကြိုးစားနေမယ့် မိန်းကလေးမျိုး မဟုတ်ဘူးလို့လည်း အန်တီတို့ ယုံကြည်တယ်"

ဒေါ်မြတ်က တည်ငြိမ်သောမျက်နှာနှင့် ဝရန်တာမှနေ၍ ခြံထဲကို လှမ်းငေးနေသည်။

"သမီး ဒီအိမ်မှာ မိသားစုလိုပဲနေပါ၊ ဒီမိသားစုအရေး ကို ဝင်ရောက်စွက်ဖက်ခွင့်မရှိပေမယ့် ကိုယ်ကိုယ်တိုင်နဲ့ ပတ်သက် လာရင် သမီးဘက်က ပြောရေးဆိုခွင့်ရှိတဲ့အတိုင်း ရဲရဲတင်းတင်း

လွတ်လွတ်လပ်လပ် ပြောဆိုနိုင်တယ်၊ ကာကွယ်နိုင်တယ်၊ အန်တီ ခွင့်ပြုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီးက အန်တီ့ချွေးသည်၊ သမီး ဒီမှာ မျက်နှာငယ်နေဖို့ မလိုဘူး”

ညဘက် အိပ်ခါနီးမှ ဒေါ်မြတ် ဝင်လာသဖြင့် ဝရန်တာ ဘက်ထွက်လာ၍ စကားပြောမိကြခြင်း ဖြစ်သည်။

“အခု သမီးကို ကျောင်းတက်ဖို့ကိစ္စတွေအားလုံး ပြည့်စုံ အောင် အန်တီ စီစဉ်နေတယ်၊ သမီး ကျောင်းတက်တဲ့အခါ သူတို့ဆီက ဒီစကား ဒီလေသံမျိုးတွေ ထွက်လာဦးမှာပဲ၊ ဒါကို ဂရုမစိုက်နဲ့၊ အန်တီနဲ့ ညီမလေးဖူးတို့ ပါးစပ်က မလိုလားတော့ ပါဘူးလို့ မပြောသရွေ့ ဘယ်သူ့စကား ဘယ်လိုထွက်ထွက် မျက်နှာငယ် ညှိုးသိမ်ဖို့ မလိုဘူး”

ကကြိုးပုံစံ မဟာနဖူးကျယ်ကျယ် စင်ရော်တောင်မျက်ခုံး နှင့် ဒေါ်မြတ်ရဲ့ မျက်နှာပြည့်ပြည့်က ဆံထုံးခပ်မြင့်မြင့် ထုံးထား ၍ ရင့်ကျက်ခန့်တည်နေပေမယ့် နုပျိုလှပဆဲ လက္ခဏာများက အထင်အရှား ရှိနေသေးသည်။

လက်သန်းခန့် အပြားရှိသော ရွှေဖြူဆွဲကြိုးက ချက်များ လောက်ထိရှည်၍ လှပ်ခါနေကာ တစ်ကိုယ်လုံး လက်စွပ် လက်ကောက် ဆံထိုးက ဘီးနဲ့ ဆံထိုးကအစ အားလုံး ရွှေဖြူတွေ ချည်း ဖြစ်သည်။ ဘယ်လိုကြည့်ကြည့် ယဉ်နေသည်။





ကျက်သရေရှိသည်။

ဦးနေ၊ ဦးလတို့ မျက်နှာများလို ခပ်ညိုညို စူတင်းတင်း နှင့် ပူလောင်ခြင်းတို့ရှိမနေဘဲ တည်တည်နေပေမယ့် အေးချမ်းမှု ရှိနေသည်။

ဒေါ်ဖူးရော ဒေါ်မြတ်ပါ ဦးနေ ဦးလတို့နှင့် စရိုက်သွင် ပြင် လုံးဝမတူညီကြပါချေ။

အနေအထားအားလုံးကို ခြုံငုံကြည့်မည်ဆိုလျှင် မွေးစား သားမို့ မဆိုင်သည့်ဘဝနှင့် ဘေးရောက်သွားမှာစိုးကာ သမီးအရင်း တွေအပေါ် မနာလိုကြုံစည်ချင်နေသော ဦးနေ၊ ဦးလတို့၏ စိတ်ရင်း တွေက သိသာလှ၏။

ဘာပဲဖြစ်ဖြစ် စီးစီး နေတတ်အောင် နေသည်။

မနက်တိုင်း ဒေါ်မြတ်ရယ်၊ ဒေါ်ဖူးရယ်၊ ဦးနေ၊ ဦးလ ယ် ကော်ဖီတစ်ဝိုင်း သောက်သည်။

ပြီးတော့ ဒေါ်အဲလင်းနဲ့ ဒေါ်ချိုမီသိမ်းတို့သားအမိ၊ အစ တော့ ဒေါ်မြတ်တို့ ထသွားကြသည်နှင့် စီးစီး ကော်ဖီဝိုင်းမှာ ဝိုင်ဖြစ်သည်။

နောက်တော့ လရိပ်ချိုတို့ ညီအစ်မ သားအမိတွေနဲ့ မဆုံ အောင် အားလုံးပြီးမှပဲ တစ်ယောက်တည်း စားသောက်ခဲ့

သည်။ အိမ်ရှင် မျက်နှာသာပေးတိုင်း ကိုယ်က နေရာမယူသင့်ဘူးဆိုတာ နားလည်ရမည်။ အဓိကက ကျောင်းတက်ဖို့၊ ကိုယ်က ညှိသည်။

စီးစီး မတင်မကျ ခံစားနေရတာ တစ်ခုပဲရှိသည်။

ဒေါ်မြတ်တို့နဲ့ သူမက ဘယ်လိုတော်စပ်၍ ဤသို့ ဤအိမ်မှာ မကျေနပ်သူများနဲ့ အတိုက်အခံလုပ်၍ ဘာကြောင့် နေခွင့်ရနေခဲ့ပါသလဲ။

ဒါကို သူမ သိချင်သည်။

ဒေါ်မြတ်တို့က သူမဘက်မှာ နွေးထွေးစွာ ကမ်းလှမ်းခဲ့ခြင်းအပေါ် ကျေနပ်ခဲ့ပေမယ့် တိတိပပ မခံစားနိုင်။

ထို့ကြောင့် မေမေ ဘယ်တော့ လိုက်လာမလဲဆိုတာကိုပဲ မျှော်နေမိတော့သည်။

❑ ❑ ❑

"အန်တီဖူး"

"ဟော… သမီး ပြန်လာပြီလား၊ ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"

"ပြေတယ် အန်တီဖူး၊ ကျောင်းစတက်တာနဲ့ သူငယ်ချင်းတွေ ချက်ချင်းရတာပဲ၊ ပျော်တယ်"

ဒေါ်ဖူးက ဗွန်ပန်းလေးတွေ ခူးနေရင်း ပြုံးသည်။

"ရမှာပေါ့၊ သမီးက ချစ်စရာလေးပဲ၊ ချစ်သူခင်သူ ပေါမှာပေါ့၊ မဟုတ်ဘူးလား"

"အန်တီဖူးကလည်း၊ ဟုတ်တာတွေ ပြောနေပြန်ပြီ"

စီးစီးက တခစ်ခစ်ရယ်၍ ပန်းတွေ ဝိုင်းခူးပေးသည်။

"ခြံထဲကို အရမ်း အရမ်းမဆင်းနဲ့ သမီးရဲ့၊ ဒေါ်လာနဲ့ မန်းနီးက အရမ်းဆိုးတာ၊ စိမ်းတာဆို ခွေးကလေး ကြောင်ကလေးတောင် အလွတ်မပေးဘူး၊ အတင်းလိုက်ကိုက်တာ"

"သူတို့ကို ညကိုးနာရီကစပြီး မနက် ငါးနာရီအထိ လွှတ်တယ်၊ ညနေ လေးနာရီကနေ ခြောက်နာရီအထိ လွှတ်

တယ်၊ အဲဒါ စီးစီး သိပါတယ် အန်တီဖူးရဲ့၊ သူတို့ရှိရင် ဘယ်ဆင်းမလဲ"

"ဟုတ်တယ် စီးစီးရဲ့၊ အဲဒီကောင်တွေက သားလေးမွေးထားတာ၊ သားလေးနဲ့ မမရယ်၊ ပြီးတော့ သူ့ကိုကျောင်းတဲ့ မာလီမောင်အေးရယ်၊ ဒါပဲ ကပ်လို့ရတာ၊ ဘယ်သူ့ကိုမှ မခင်ဘူး၊ အတော်ဆိုးတာ"

သားလေးဆိုတာကို ကြားကာ တစ်ခုခုမေးဖို့ ကြံလိုက်ပြီးမှ တစ်မျိုးတစ်မည် ထင်သွားမည်စိုး၍ စီးစီး မမေးဘဲနေလိုက်သည်။

အိမ်မှာကျန်တဲ့လူတွေကလွဲလျှင် ဒေါ်မြတ်နဲ့ ဒေါ်ဖူးတို့နဲ့တော့ စီးစီး တရင်းတနှီး ခင်မင်နေပြီဖြစ်၏။

မနက်အစောကြီး ဘုရားဆွမ်းတော်ကပ်လည်းပါ ညဘက်စာကြည့်ခန်းထဲ ဝင်တဲ့အထိ ပါ၍ စာအုပ်ကူရှာပေး ဟိုမေးဒီမေးနှင့် ဒေါ်မြတ် အပြင်သွားဖို့ ထွက်လာပြီဆို ခဏ ခဏ ဟုဆိုကာ လက်ကိုင်အိတ် အရောင်ရွေးပေး ပန်းပြေးခူး ပန်ခိုင်းနှင့် နေရာတကာ သွက်လက်လွန်းသည့် စီးစီးကို သူတို့ မလိုလားစွာ ရှိတတ်ကြပေမယ့် ဒေါ်မြတ်နဲ့ ဒေါ်ဖူးကတော့ ချစ်သည်သာ။

"အဟမ်း..."

နောက်က ချောင်းဟန့်သံကြောင့် လှည့်ကြည့်တော့





ဦးလရောင်ကြည် မျက်နှာက တည်တည်၊ နှုတ်ခမ်းအစုံကို ခပ်ဖိဖိစေ့ထား၏။

စီးစီးကို အဖက်မတန်သလို တစ်ချက်ကြည့်၍ ဒေါ်ဖူးဘက်ကို လျှောက်သွားသဖြင့် စီးစီး နေရာမှ လှည့်ထွက်လာခဲ့လေသည်။

ဒါကို ဒေါ်ဖူးက မသိသလိုလုပ်ကာ ပန်းခူးမပျက်နေ၏။

"ဖူး ကိုလေးတို့ စကားပြောရအောင်"

"ပြောလေ ကိုလေး၊ ဘာပြောမလို့လဲ"

ဒေါ်ဖူးက ပြောရင်း လှည့်ကြည့်လိုက်၏။

ဦးလရောင်ကြည်က ခဏငြိမ်နေပြီးမှ....

"ဟိုကောင်မလေး ကျောင်းတက်ဖို့ကို ကိုမောင်ဆီက စုပါဆလွန်း ပြန်ယူလိုက်တယ်ဆို"

"ဟုတ်တယ် ကိုလေး၊ သူလည်း ငွေမချေနိုင်သေးဘူး၊ ယူပါ့မယ်လို့လည်း မပြောသေးဘူးလေ၊ အဲဒါကြောင့် မရောင်းတော့ဘူးဆိုပြီး ပြန်ယူလိုက်တာ"

"အဲဒါကို ညည်းတို့ပဲ ရောင်းပေးပါဆိုလို့ ကိုလေးက သေချာပြောဆိုပေးထားတာ၊ ပြန်ယူတော့ ကိုလေးကို ဘာ[illegible]မပြောတာလဲ"

"ကိုလေးနဲ့ မဆုံဖြစ်လို့ပါ၊ ပြီးတော့ ကားကို သူတို့လက်

ထဲ ထည့်ပေးထားတာပဲ တစ်လကျော်သွားပြီ၊ ပြန်ယူဖို့လည်း စဉ်းစားထားတာပဲ၊ စီးစီးအတွက် ချက်ချင်းကြီး အစီအစဉ် ထဖြစ်တာတော့ မဟုတ်ပါဘူး”

“ကိုလေးကတော့ ဒီအတိုင်းပဲ မြင်တယ်၊ အဲဒါကြောင့် မေးချင်တာ၊ လရိပ်နဲ့ နေရိပ်တို့ရဲ့ မွေးနေ့ပွဲတွေ စာမေးပွဲအောင်ခဲ့တာတွေ အဲဒီလို ချီးမြှင့်သင့်ခဲ့တာကွ၊ ကိုယ့်ကျတော့ ကားတစ်စီး ထွက်မလာခဲ့ဘဲနဲ့ ဒီကောင်မလေးအတွက်ကျမှ ရက်ရက်ရောရော ထွက်လာတာ တွေးစရာပဲ”

ဒေါ်ဖူးက ပန်းခူးထားသည့် ဆန်ကာလေးကို ပိုက်၍ ဦးလကို တည့်တည့်ပြန်ကြည့်လိုက်သည်။

သူမကတော့ ဒီအိမ်မှာ အငယ်ဆုံးပီပီ နဂိုကတည်းက အလိုလိုက်ခံ ဆိုးနွဲ့ခဲ့သူမို့ ပြောစရာရှိရင် ဟိုအကြောင်း ဒီအကြောင်း သိပ်မတွေးဖြစ်ဘဲ ပြောချလိုက်တာ အကျင့်ပါနေပြီမို့ ထိန်းသိမ်းတာ သိပ်မရှိပေ။

“ကိုလေးက ဘယ်လိုများ ထင်လို့လဲ”

“မထင်တတ်ဘူး၊ အခွင့်အရေးပေးလွန်းတာကို သိတယ်၊ ဒီလောက်ထိ မဖြစ်သင့်ဘူးလို့ ထင်တယ်၊ ဘာကြောင့်ဆိုတာ မသိဘူး၊ ဒီကောင်မလေးနဲ့ ညည်းတို့ရဲ့ ပတ်သက်မှုက ပြောတာထက် ပိုနေမယ်ထင်တယ်၊ အဲဒါ ကိုလေး မသိရဘူးလား”





“မမ ပြောထားတဲ့အတိုင်းပါပဲ၊ သူ့အတွက် ကားစီစဉ်ပေးလိုက်တယ်ဆိုပေမယ့် ဒီအိမ်မှာရှိတဲ့ ကားပဲဥစ္စာ၊ ကိုလေးတို့ကိုက တယောင်တဆောင် လုပ်ပေးတယ် ထင်နေတာပါ၊ လရိပ်တို့အတွက်တုန်းကလည်း ကားမပေးခဲ့ပေမယ့် ထိုက်တန်တာတွေ ချီးမြှင့်ခဲ့ပါတယ်”

လရိပ်က ကားလိုချင်သည်ဟု ပြောဖူးသည်။

အဲဒီတုန်းက လရိပ်ရဲ့ နှစ်ဆယ့်ခြောက်နှစ်မြောက်မွေးနေ့။

ရူပါဆလွန်းက အိမ်ရောက်စ တလက်လက် တောက်နေတဲ့အချိန် ဒေါ်မြတ်က ကားကိုမပေးဘဲ စိန်လော့ကက်နဲ့ ရွှေဖြူကြိုးလေးတစ်ကုံးကိုသာ ပေးခဲ့သည်။

ဒါကို အခုအခံဖြစ်ခဲ့သည့်စိတ်က ခုလို ဘာမဟုတ်သည့် ဧည့်သည်မိန်းကလေးအတွက် ရူပါဆလွန်း အသစ်စက်စက်ကြီးကို လုံးဝထိုးပေးထားတော့ ဟန်မဆောင်နိုင်အောင်ဖြစ်ခဲ့လေသည်။

ထို့ထက်ပို၍ ဘာပဲလုပ်လုပ် သူတို့ မသိရဘဲ အရင်ကနဲ့ မတူ။

ခပ်မာမာ ရှုတင်းတင်းဖြစ်နေပုံက ခံရခက်နေစေ၏။

“ကိုကိုနော်… ကိုကို့ညီမတွေက သိပ်သိသာတာပဲ၊ ဟိုကောင်မလေးကို ဖေဘာပေးလိုက်တာ သားသမီးအရင်းထက်…

ဝိုနေသေးတယ်၊ လရိပ်တို့ ဘယ်လောက်မျက်နှာငယ်ရသလဲ"

"အန်ကယ်ရယ်... အန်တီမြတ်တို့က သိပ်ခွဲခြားတာပဲ"

တူမတွေကလည်း မျက်နှာချင်းဆိုင်တိုင်း တိုင်သည်။

ညီအစ်ကို မျက်နှာချင်းမဆိုင်ဖြစ်တာ များပေမယ့် သွားရင်းလာရင်း တွေ့တော့ စားသောက်ဆိုင်မှာ အလုပ်ခန်းမှာ ပြောဖြစ်ကြတာ ဒီကောင်မလေးအကြောင်းပဲ ဖြစ်သည်။

ဒေါ်ဖူးက ပင့်သက်ရှိုက်၍ ဖွန့်ဖန်းလေးတွေကို ဆက်ရှူးရင်း...

"ဒီ့ပြင် ဟိုဟိုဒီဒီ မထင်ပါနဲ့ ကိုလေးရယ်၊ မျက်နှာငယ်တဲ့သူကို သနားငဲ့ညှာတဲ့ သဘောပါ၊ ပြီးတော့ စီးစီးရဲ့ မိခင်ကို မမြတ်က အရမ်းချစ်ခဲ့တာ၊ ကလေးနဲ့ပတ်သက်ပြီး ကတိပေးခဲ့တာတွေလည်း ရှိတယ်"

"ဟင်... ဘာ... ဘာကတိလဲ"

ဦးလရောင်ကြည် ပျာပျာသလဲ ဖြစ်သွားသည်။

ရှေ့ကို ခြေတစ်လှမ်းတိုး၏။

ဒေါ်ဖူးက ခပ်စောင်းစောင်း လှည့်ကြည့်၍ ပြုံးလိုက်သည်။

"သူမရှိတဲ့အခါ ကလေးမလေးကို စောင့်ရှောက်ပေးဖို့လေ"





"သူ့အဖေက ဆုံးသွားပြီပေါ့"

"မဆုံးသေးပါဘူး၊ ဒါပေမယ့် ဆုံးမလိုဖြစ်ခဲ့တုန်းက ကတိပေးခဲ့တယ်လေ၊ အခု သူ မပြေလည်လို့ အကူအညီတောင်းတယ်၊ ဒါပါပဲ၊ ဘာမှ ဆန်းဆန်းပြားပြား မပါဘူး"

ဦးလရောင်ကြည် ခပ်ကြိတ်ကြိတ် သက်ပြင်းချ၍...

"ခု မဆန်းပေမယ့် နောက်ဆိုတာကို ဘယ်သူမှ ပြောလို့မရဘူး၊ ကိုလေး ရှင်းရှင်းပဲပြောမယ်၊ အခု သျှန်းလည်း ပြန်လာတော့မယ်၊ ဒီကောင်မလေးကို အပေါ်ထပ်မှာ သျှန်းအခန်းနဲ့ နီးနီးလေးထားတာ ကိုလေး မကြိုက်ဘူး၊ ပြီးတော့ ကောင်မလေးက သိပ်လှလွန်းတယ်၊ သျှန်းကို သမီးတစ်ယောက်ယောက်နဲ့ လက်ထပ်ပေးဖို့ အားလုံး သဘောတူ စီစဉ်ထားပြီးသား၊ ညည်းတို့ရဲ့ အရေးပေးမှုတွေက အဲဒီဘက်ကို တွန်းပို့သလိုဖြစ်သွားမှာ စိုးတယ်"

"ဒါတွေပြောဖို့က သိပ်စောလွန်းပါသေးတယ် ကိုလေးရယ်၊ ဒီကိစ္စအတွက် သဘောတူထားကြတယ်ဆိုပေမယ့် ဘယ်သူ့ဘက်ကမှ အဆင်သင့်မဖြစ်ကြသေးပါဘူး၊ ချော့သည်ကို ချော့သည်လိုပဲ ရိုးရိုးလေးမြင်လိုက်ပါ၊ ဖူးတို့စိတ်ထဲမှာတော့ ဒီအတိုင်းပဲ"

ဤသို့ ခေါင်းထဲမှာ မထားသလို ရှိခဲ့တာကိုလည်း

မကျေနပ်ပါ။ သူတို့ညီအစ်မ စည်းလုံးသလို ညီအစ်ကိုမို့ သူနဲ့ ကိုကြီးကလည်း သွေးကွဲလို့ မဖြစ်ပေ။

သူမှာ သားသမီးမရှိပေမယ့် ကိုကြီးရဲ့သမီး တစ်ယောက် ယောက်နဲ့ သျှန်း လက်ထပ်ဖြစ်လျှင် ရလာမည့် စည်းစိမ်ဥစ္စာတွေ က ညီအစ်ကိုနှစ်ယောက်တွက်ပဲဆိုတာ အားလုံး တိုင်ပင်ထားပြီး သား။

အမိကက မိဘဘိုးဘွားတွေနှင့်တကွ အားလုံးကို ပိုင်ဆိုင် မည့် သျှန်းအား မည်သည့်တစ်စုံတစ်ယောက်နဲ့မှ ငြိစွန်းမသွားဖို့ ဖြစ်သည်။

"ကိုကိုရေ… ဖုန်းလာနေတယ်"

အိမ်ထဲက အဲလင်းရဲ့ ခေါ်သံကြောင့် ဦးလရောင်ကြည် ထွက်သွားသည်။

ဒေါ်ဖူးက သူ့ကျောပြင်ကို နောက်ကနေကြည့်၍ ခေါင်း ခါ၏။

မလွယ်ပါလား။

❑ ❑ ❑



"ဟေး… ကိုသျှန်း"

"သျှန်းရေ"

လေယာဉ်ပေါ်က ဆင်းလာသည့် အားလုံးထဲမှာ အနက် ရောင် အနောက်တိုင်းဝတ်စုံနှင့် ဆံပင်တွေအားလုံး နောက်လှန်ဖြီး ထားသည့် သျှန်းက ထင်းနေသည်။

အားလုံးက လက်ပြနေသည့်အထဲမှာ လရိပ်က ခြေဖျား လေးထောက်၍ တဖျတ်ဖျတ်ခုန်ပြသည်။

သျှန်းက လက်ပြ၍ အားလုံးရှိရာ လျှောက်လာသည်။

"သား"

"မေမေ"

လေယာဉ်အဆောက်အအုံထဲမှာ သားအမိနှစ်ယောက် ပွေ့ဖက်စဉ် ဒေါ်မြတ်က သားရဲ့ပါးပြင်ကို မမိတမိ ခြေဖျား ထောက်နမ်း၍ သျှန်းက မျက်နှာငုံ့ပေး၏။

"ချောလာလိုက်တာ သားရယ်၊ ဖြူနုနေတာပဲ၊ အသား အရည်တောင် နီလာသလိုပဲ၊ မေမေ့သားကြီးကို မေမေ မြင်ရတာ ကြည်နူးလိုက်တာ"

"ဟုတ်တယ်၊ ကိုသျှန်း အရမ်းချောလာတာပဲ"

လရိပ်က သျှန်းလက်မောင်းကိုကိုင်၍ သေချာမော့ကြည့် ပြောသည်။

"ပြောမနေနဲ့၊ သျှန်းက တို့ကို မေ့နေတာပါ၊ စာရေးတာ တောင် ထည့်ရေးဖော်မရဘူး"

"သတိရပါတယ်၊ အားလုံးကို သတိရတယ်၊ စာရေး တော့ ထည့်မရေးဖြစ်တာက သပ်သပ်"

"ထားပါတော့၊ ဘာလက်ဆောင်ဝယ်လာသလဲ၊ ပြော"

"ဩော်… သမီးတို့ရယ်၊ သားလေး အိမ်တောင်မှ ပြန် မရောက်သေးဘူး၊ ခဏလောက်များ စောင့်ကြပါဦးတော့"

ဒေါ်ချိုမီသိမ်းက ပြုံးအီနေသောမျက်နှာနှင့် ဝင်ပြောသည်။

"ဩော်… သိမ်းကလည်း သမီးတွေက သူတို့ အစ်ကိုကို လွမ်းလို့ ဆိုးကြတာပါ၊ ဟင်း… ဟင်း… ကဲ… ကဲ… ပစ္စည်းတွေ ရောက်လာပြီ၊ သွားကြရအောင်"

သျှန်းက ဒေါ်မြတ် ပခုံးကို ဖွဖွဖက်၍ စကားတွေပြော လာသည်။





ကားပေါ်တက်ကြတော့ လရိပ်က သျှန်း ဘေးမှာ လာထိုင်၏။

ဒေါ်ဖူးက ရှေ့ခန်းမှာပဲ ထိုင်လိုက်ပါသည်။

ဒေါ်အဲလင်းနဲ့ ဒေါ်ချိုမီသိမ်းတို့ သားအမိက နောက် ကားတစ်စီးနှင့် အိမ်ရောက်တော့ ဦးနေဟန်ကြည် ပြန်ရောက်လာ ကာ လက်ဆောင်ပစ္စည်းကို ညီအစ်မနှစ်ယောက် လုကြ၊ ရန်တွေ့ ကြ၊ အားလုံး ရယ်မောဆူညံနေသည်။

"ကဲ… ကဲ… သား၊ ရေမိုးချိုး နားလိုက်ဦး"

"ကျွန်တော် ဆေးခန်းထိုင်ဖို့ကိစ္စတွေ ဟိုမှာကတည်းက စီစဉ်လာခဲ့ကြတယ် မေမေ၊ ဖုန်းလာရင် ကျွန်တော့်ကို ပြောနော်"

"အေးပါ သားရယ်"

"ကိုသျှန်း ရေကူးကန်မှာ ချိုးမှာလား၊ ရေချိုးခန်းမှာ ချိုးမှာလား"

"ရေချိုးခန်းမှာပဲ ချိုးတော့မယ်"

ကန်မှာဆို လရိပ် ရေလိုက်ကူးမှာကို သိ၍ သျှန်းက သွဲ့ပြောလိုက်သည်။ သို့သော်…

"ဒါဆို လရိပ် အင်္ကျီတွေ ထုတ်ထားပေးမယ်နော်"

ပြောပြောဆိုဆို နေရာမှ ထလိုက်သဖြင့် ဒေါ်ဖူးက အလျှင်အမြန် လိုက်ထ၍…

"နေပါစေ လရိပ်၊ သား အဝတ်အစားတွေကို အားလုံး သိမ်းထားတာ၊ ဒီအတိုင်းယူလို့ မရဘူး၊ အန်တီဖူးပဲ ထုတ်ပေး လိုက်တော့မယ်"

ပြောပြောဆိုဆို ရှေ့က ထွက်လာခဲ့လိုက်သည်။

လရိပ် နှုတ်ခမ်းစူသွား၏။

ဒေါ်ချိုမိသိမ်း မျက်ခုံးတွန့်ခနဲဖြစ်သွားသည်။

နေရိပ်က လှလှပပလေး ပြုံးကာ ထရပ်လိုက်ပြီး…

"စောစောက နေရိပ် ရေချိုးထားခဲ့တာ ကန်မလှယ်ခဲ့ ရသေးဘူး၊ နေရိပ် လုပ်ပေးမယ်"

သျှန်းက ရှေ့က ကျော်တက်ထွက်၏။

"နေပါစေ နေရိပ်၊ တို့ ကန်ထဲဆင်းမှာ မဟုတ်ဘူး၊ ပိုက်ဖွင့်ရုံပဲ"

သျှန်းက လက်မခံဘဲ မျက်[illegible]ကည်တည်နှင့် ကာဆီး သည်။

နေရိပ်က မျက်စောင်းထိုး၍…

"သျှန်းက တို့ကိုဆို နေတာထိုင်တာ အရမ်းစိမ်းတာပဲ၊ ဒီကတော့ သူ့အတွက်ကို အားလုံး အဆင်သင့်ဖြစ်စေချင်တဲ့ စေတနာနဲ့၊ သိပါတယ်၊ လက်ဆောင်လေး ဝယ်တာတောင် မကောင်းတတ်လို့ဆိုတာ"





နေရိပ်က ဆံပင်တွေ တင်ပါးထိရှည်နဲ့နေသည်။ ဒါပေမယ့် စကပ်အကွဲ၊ ကိုယ်ကျပ်တွေပဲ ဝတ်တာမို့ အရိုင်းတစ်ဝက်၊ အယဉ် တစ်ဝက်။

မျက်နှာမှာ မိတ်ကပ်၊ နှုတ်ခမ်းနီ အပြည့်ရှိ၏။

ဘယ်လောက်ပဲ လှနေလှနေ သျှန်း မျက်စိထဲမှာ မတိုး ဘူးလား။ သူမ မကျေနပ်ပါ။

သျှန်း နေရိပ်မျက်နှာကို ငုံ့ကြည့်၍…

"မကောင်းတတ်လို့ ဝယ်လာတာလည်း သတိရလို့ မဟုတ်ဘူးလား နေရိပ်၊ ဘာဖြစ်လို့ပဲ သတိရရ၊ သတိရဖို့ လိုတာ ပဲ မဟုတ်လား"

သျှန်း ပြောသွားပုံက စိတ်တိုရအခက်၊ ရယ်ရခက် ဒေါ်ချိုမိသိမ်းက ဒေါ်အဲလင်းကို မသိမသာ လှမ်းကြည့်သည်။ အခြေအနေက မြင်ချင်တဲ့အကိုင်းအတာသို့ မရောက်သေးပါလား။

❑ ❑ ❑

"ဒီအတိုင်းနေလို့ကတော့ လုံးဝမဖြစ်ဘူး ကိုကို"

"ဟုတ်တယ် ကိုနေ၊ ကလေးတွေ လက်ထပ်ဖို့ကိစ္စကို ကိုနေ ခုလို တအုံနွေးနွေး လုပ်မနေနဲ့၊ သျှန်းလည်း နိုင်ငံခြားက ပြန်လာပြီ၊ အသက်တွေလည်း မငယ်ကြတော့ဘူး၊ ဘာကို စောင့်ရဦးမှာလဲ၊ စိတ်မချစရာတွေ ဖြစ်လာပြီ"

ဦးနေဟန်ကြည်နဲ့ ဒေါ်ချိုမိသိမ်း

ဦးလရောင်ကြည်နဲ့ ဒေါ်အဲလင်း

တိုက်ကြီးရဲ့ တတိယဝဲဆောင့် ဝရန်တာမှာ စုဝေးထိုင်ရင်း ပြောဆိုဆွေးနွေးဖြစ်ကြသည်။

အမြဲတမ်းပြောဖြစ်ကြသည်က ဒီအကြောင်းပဲဖြစ်သည်။

"မင်းတို့က ပြောတော့ လွယ်တယ်၊ ကိုယ်က သမီးရှင်၊ ပြီးတော့ အမွေကိစ္စက ရှိသေးတယ်၊ နသားပါးရ အတင်းပြောတော့ အမွေမက်လို့ ဖြစ်သွားမှာပေါ့"





"အမွေမက်တယ် ထင်တာ ထင်ပေါ့၊ ကျားကိုက်ပါတယ် ဆိုမှ အပေါက်ဖြစ်မှာ ကြောက်လို့ရမလား၊ ဖိတ်ချင်းဖိတ် ကိုယ့်စိတ်ထဲဖိတ်ချင်တာ ပြောင်ပြောင်ပြောလိုက်ပေါ့၊ ငယ်ငယ်ကတည်းက အတူနေ ထိန်းကျောင်းလာခဲ့ကြတဲ့ မောင်နှမတွေပဲ၊ သားရှင် သမီးရှင် ခွဲနေ ရှက်နေဖို့ မလိုပါဘူး၊ ဒီထက် ရင်းနှီးစရာ ရှိသေးလို့လား "

"သူတို့ဘက်က မောင်နှမစိတ် ရှိမနေလို့ တစ်မျိုးမြင်ပြီး အခု လုပ်နေကြတဲ့ အချိုးကို ကြည့်လေ၊ ညီ 'လ' သူ့စီးပွားသူရှာပေမယ့် ငါက ဒီအိမ်က စီးပွားရေးအားလုံးကို အုပ်ချုပ်စီမံနေရတာ၊ ဒါတောင်မှ အခု တလေးတစားရှိတော့လို့လား၊ မြတ်က အရင်းစစ်တွေ ဘာတွေ ခေါ်၊ လုပ်ငန်းတွေကို တိုးမယ်ဖြုတ်မယ် ဘာညာနဲ့၊ ပါဝါပြလာတာ"

"ဒါပေမယ့် သူ ဘာမှလုပ်လို့ မရပါဘူး၊ ကိုနေ လုပ်ငန်းတစ်ခုကို နားလည်ဖို့ ဦးစီးဖို့ဆိုတာ လွယ်တာမှတ်လို့၊ သူ ဘာမှ မလုပ်နိုင်သေးခင် သျှန်းကို အပိုင်သိမ်းလိုက်ရုံပဲ၊ သျှန်းက လုပ်ငန်း စီးပွားရေး ဥစ္စာ ဘာကိုမှ စိတ်ဝင်စားတာ မဟုတ်ဘူး၊ အားလုံး ကိုယ့်ဖို့ချည်းပဲ"

"ဟုတ်တယ် ကိုကို၊ အမွေတွေက မနည်းမနော၊ ဒီတောင် ကိုကိုတို့ မသိတာတွေ ရှိချင် ရှိဦးမှာ"

"ဒါဆို တို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"တစ်အိမ်တည်းနေတာပဲ၊ အပိုင်ဖမ်းပစ်လိုက်ရင် ပြီးတာပဲ"

ဦးနေဟန်ကြည်က လက်ကာပြ၍ ခေါင်းခါသည်။

"သျှန်းကို လျှော့မတွက်နဲ့ သိမ့်၊ အလွယ်တကူ လှည့်စားလို့ရမယ့်ကောင် မဟုတ်ဘူး၊ သူ့စိတ်က ဒီဘက်မှာ ညွတ်နေရင် တစ်မျိုး၊ ခုက ဒီလိုဖြစ်သွားရင်တောင် သူနဲ့ သမီး ဘယ်လို အဆင်ပြေမှာမဟုတ်ဘူး၊ အမွေတွေကို မက်တာက မက်တာပဲ ကလေးတွေရဲ့ အိမ်ထောင်ရေးကို ထည့်မတွက်လို့ မဖြစ်ဘူး"

"ဒါကလည်း ညားသွားကြရင် ပြဿနာမရှိတော့ပါဘူး ရှင်၊ ရှင့်သမီးတွေက သျှန်းကို ချစ်နေကြတာပဲ၊ သူတို့ ကြိုးစားမှာပါ၊ ယောက်ျားနဲ့ မိန်းမ ဘာခံနိုင်မှာလဲ"

"လွယ်ပါ့မလား"

ဦးနေဟန်ကြည်က ခေါင်းမညိတ် ခေါင်းမခါ။ အကြာကြီး စဉ်းစားချင့်ချိန်ပြီးမှ...

"မင်းတို့ထင်သလို မလုပ်ကြနဲ့ဦး၊ ခဏတော့ သည်းခံကြည့်ရဦးမယ်၊ အားလုံး သိက္ခာရှိရှိ အေးအေးချမ်းချမ်းဖြစ်မြောက်သွားဖို့ ကို ကြိုးစားချင်တယ်"

□ □ □



"ဟော... သား၊ ဒေါ်လှကို ခေါ်ထုတ်လာတယ်"

"ဟုတ်တယ် မေမေ၊ ဒီကောင် ကျွန်တော့်ကို မြင်တာနဲ့ သူ့အိမ်ထဲမှာ ယောက်ယက်ခတ်နေတာ"

"ဟုတ်မှာပေါ့ သားရယ်၊ ဒေါ်လှက သားကို ပိုခင်တဲ့ ဥစ္စာ"

နီညိုညိုရောင်မကျတကျနှင့် နားရွက်ကုပ်ဖားဖားကြီး တွေက မျက်လုံးလက်လက်များကို အုပ်တော့မတတ် တွဲလွဲကျကာ ထွားကျိုင်းမြင့်မားသော ခွေးအရပ်က ပေါင်လယ်လောက်ခန့် ရှိသည်။

တကယ့် ရှားပါးသော ခွေးမျိုးဖြစ်၏။

သျှန်းက ဒေါ်လှခေါင်းကို ငုံ့၍ ပွတ်သပ်ပေးရင်း နှုတ်သီးကို လက်သီးနဲ့ ဖွဖွထိုးသည်။

"မင်းကို ငါ မိန်းမပေးစားမယ် သိလား၊ ဘာလဲ... သဘောကျသွားပြီလား"

ဒေါ်မြတ်က ခွေးကို စကားငုံ့ပြောနေသည့် သျှန်းမျက်နှာကို ချစ်စနိုးကြည့်၍ ပြုံးလိုက်သည်။

"သားက ခွေးကိုတော့ တာဝန်ကျေနေပြန်ပြီ၊ သားကိုယ်တိုင်ရော ဘယ်လိုလဲ၊ မိန်းမယူဖို့ မစဉ်းစားသေးဘူးလား"

သျှန်းက ခွေးကို ပွတ်သပ်နေရင်း မော့ကြည့်သည်။

ဒေါ်မြတ်က သျှန်းရှေ့မှာ ဝင်ထိုင်လိုက်၏။

သူမ လက်ထဲမှာ အအေးပုလင်းနှစ်လုံး ပါလာသည်။

သား ခြံထဲဆင်းသွားမှန်းသိ၍ ယူလာတာဖြစ်သည်။

"ပြောပါဦး သားရဲ့၊ သားကို မေမေက မိန်းမပေးစားချင်ပြီ"

သျှန်းက ဒေါ်လာ့ကိုပဲ ငုံ့ကြည့်နေလျက် ဘာမှပြန်မပြောဘဲနေ၏။

"သား… သားကို မေမေ မေးမယ်၊ နေရိပ်နဲ့ လရိပ်ကို သား သံယောဇဉ်ရှိလား"

"မောင်နှမလို နေခဲ့ကြတာပဲ မေမေ၊ သံယောဇဉ်တော့ ရှိတာပေါ့"

"မဟုတ်ဘူး… မေမေ ပြောချင်တာက တကယ်လို့ တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးတာဆိုရင်"

"ကျွန်တော် ပြောပြီးသားပဲ၊ သူတို့အပေါ် အတူနေခဲ့လို့





သံယောဇဉ်ရှိတဲ့အထဲမှာ ဘာအညစ်အနွမ်းမှ မပါဘူး"

ဒေါ်မြတ်က ခေါင်းညိတ်သည်။

"မေမေက ဒါကို လိုချင်လို့မေးတာ၊ သား ဘွဲ့ရခါစက မေးခဲ့ဖူးတာ မှန်တယ်၊ အခု ပြောင်းလဲသွားခဲ့သလားလို့ သိချင်တာ၊ ဒါကြောင့် ထပ်မေးတာ၊ သားကို မေမေ အရွယ်ရောက်စကတည်းက ပြောခဲ့တာ မှတ်မိသေးလား"

"ဘာလဲ မေမေ"

"သားအတွက် ဖူးစာရှင် မိန်းကလေးကို စိတ်တိုင်းကျ သတ်မှတ်ရွေးချယ်ပြီးသား ရှိတယ်ဆိုတာလေ"

သျှန်းက ငြိမ်၍နားထောင်နေသည်။

"လောဘသိပ်ကြီးတဲ့သူကို စည်းစိမ်ပြမိတာ အန္တရာယ်ပဲသား၊ အဲဒါကြောင့် လောဘကို ရှောင်၊ အဖြူရောင် နင်းခဲ့တာပဲ၊ မေမေ့သားအတွက် ဖူးစာရှင်ဟာ လောဘတွေနဲ့ ပူလောင်ပြင်းပြနေတဲ့ အသိုက်အဝန်းက သူလို ကိုယ်လို ရုပ်ရည်ရူပကာမျိုးနဲ့ မိန်းကလေး မဖြစ်စေချင်ဘူး၊ သူတို့အကြောင်းကို မေမေ နားလည်ခဲ့ပြီးတဲ့ အချိန်ကစပြီး အရာရာကို အမြဲသတိထားနေခဲ့တယ်၊ အထူးသဖြင့် သားအတွက်ပဲ"

ကြားတော့ ကြားခဲ့ပြီးသားတွေပါ။

ဦးနေ၊ ဦးလ ညီနောင်ရဲ့ ဖောက်ပြန်မှုများနဲ့ သူတို့ရဲ့

မျှော်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေ မိန်းမသားနှစ်ယောက်တည်း ကျန်ခဲ့သည့် ဒေါ်မြတ်တို့အပေါ် စီးပွားရေးအားလုံးကို ချုပ်ကိုင်၍ သျှန်းရဲ့အမွေတွေ အကုန်ပိုင်စိုးရေး။

"မေမေ ရည်ရွယ်ခဲ့တာဟာ သားကို အရွယ်ရောက်လို့ သင့်တော်တဲ့မိန်းကလေးမျိုးနဲ့ အိမ်ထောင်ချပေးလိုက်တာမျိုး ဘယ်တော့မှ မဖြစ်ရဘူးဆိုတာပဲ၊ အထူးသဖြင့် စိတ်ရင်းဓာတ်ခံ မကောင်းကြတဲ့ ဟိုသားအဖတွေ စရိုက်ထဲ လုံးဝအဝင်မခံနိုင်ဘူး၊ ဒီစကားတွေကို ပြောဖို့ သား ပြန်အလာကို မေမေ စောင့်နေတာ၊ သားကို မေမေကိုယ်တိုင် ရွေးချယ်ထားတဲ့ မိန်းကလေးနဲ့ပဲ လက်ထပ်ပေးမယ်၊ သားကို ချစ်သူမထားရဘူးလို့ တင်းတင်းကျပ်ကျပ် မှာမထားခဲ့ပေမယ့် လက်ထပ်တဲ့အခါမှာ မေမေ မျှော်လင့် မွေးမြူခဲ့တဲ့ မိန်းကလေးကိုပဲ လက်ထပ်ရမယ်ဆိုတာလည်း…"

"အဲဒါ မေမေ ပြောခဲ့ဖူးတာကို ကျွန်တော် သိတယ်၊ ဒါပေမယ့် ကြာပြီပဲ၊ ကျွန်တော့်ခေါင်းထဲမှာ ဘာမှမရှိတော့ဘူး"

"အခု ပြန်ထည့်လိုက်ပါ သား၊ သားကို မေမေ အဲဒီ မိန်းကလေးနဲ့ လက်ထပ်ပေးတော့မယ်"

"သူက ဘယ်သူလဲ မေမေ၊ ဘယ်မှာလဲ၊ မေမေ ပြောတုန်းက ကျွန်တော်က ဆယ်တန်း၊ မိန်းကလေးက ခုလောက်ဆို ပထမတန်းအောင်လောက်ရောပေါ့ဆို၊ အဲဒီတုန်းက မေမေ နောက်





ပြောနေတယ်မှတ်လို့၊ ကျွန်တော် ရယ်တောင် ရယ်ခဲ့သေးတယ်၊ ဒီလောက် အသက်ကွာနေတာကို ဘယ်လိုလုပ် လက်ထပ်မလဲ မေမေရယ်"

"ကွာရမယ် သား၊ မေမေ လိုချင်တာ အဲဒါပဲ၊ အဓိကက သားဟာ ကိုယ့်ရဲ့ အိမ်ထောင်ဖက်အပေါ် အမြဲတမ်း မြတ်နိုးနှစ်သက်နေမှုနဲ့ စိတ်ချမ်းသာဖို့ပဲ၊ သားနဲ့ လက်ထပ်မယ့် မိန်းကလေးဟာ မိန်းမတွေအားလုံးထက် ပိုလှရမယ်၊ နုငယ်ရမယ်၊ သွက်လက် ထက်မြက်ရမယ်၊ စာရိတ္တကောင်းရမယ်၊ ကိုယ့်စကားကို မကျော်လွှားနိုင်တဲ့ ကိုယ့်လက်ခုပ်ထဲက ပန်းတစ်ပွင့် ဖြစ်ရမယ်၊ ဒါပဲ"

"ကိုယ်က မြတ်နိုးပေမယ့် သူက မချစ်ရင် ဘယ်လိုလုပ် စိတ်ချမ်းသာမလဲ မေမေ"

"ဒါကတော့ သားက ရုပ်ဆိုးဆိုး၊ ခါးကုန်းကုန်းနဲ့ အညာရတစ်ယောက်မှ မဟုတ်တာ၊ သား အရည်အချင်းနဲ့ သိမ်းသွင်းနိုင်မှာပါ၊ ချစ်သူမရှိသေးဘဲ နုငယ်တဲ့ မိန်းကလေးတစ်ယောက်ကို သား မြတ်နိုးတတ်ရင် သူကလည်း အလားတူ တုံ့ပြန်လာမှာပဲ၊ မဟုတ်ဘူးလား၊ မေမေ လိုချင်တာက သားအတွက် ဇနီးဟာ နုငယ်လှပဖို့ပဲ၊ မေမေတို့မှာ စည်းစိမ်ချမ်းသာပါဖို့ မလိုပါဘူးကွာ၊ စိတ်ချမ်းသာကြည်နူးရဖို့ အဓိကပါ၊ ဒါကြောင့်

မေမေက သားအတွက် ရည်ရွယ်ချက်တွေထားပြီး စိတ်ကြိုက်
ရွေးချယ်ထားတာ"

"အဲဒါ ဘာဖြစ်လို့ ဒီနေ့ထိ ကျွန်တော် တွေ့ခွင့်မပြုရသေး
တာလဲ"

"တွေ့ရမှာပေါ့၊ အစကတော့ မိန်းကလေးအတွက် အချိန်
နည်းနည်းယူဖို့ပဲ၊ ဒါပေမယ့် သားက အရွယ်ရောက်နေပြီ၊ မိန်းကလေး
က သိပ်လှလွန်းတယ်၊ အဲဒါကြောင့် လက်ထပ်ဖို့ကို အမြန်ဆုံး
စီစဉ်ရတော့မယ်၊ သား ခေါင်းခါဖို့တော့ စိတ်မကူးနဲ့နော်"

"ကျွန်တော် တွေ့ချင်သေးတယ် မေမေ၊ ကျွန်တော့်ဘက်
က ကြည့်တော့ အသက်ချင်းက ကွာတယ်၊ ပြီးတော့ ကျွန်တော့်
အတွက် လျာထားပြီး ပြုစုကျွေးမွေးခဲ့တဲ့ မိန်းကလေး၊ တော်ကြာ
ချုပ်နှောင်တယ် သိမ်းပိုက်တယ်ဆိုတာတွေ ပါလာရင် ဘယ်လို
ရှင်းမလဲ"

"ဒါကို သူ့အမေက တာဝန်ယူပြီးသားပါ၊ သားနဲ့ လက်ထပ်
ဖို့ စီစဉ်တဲ့အချိန်မှာ သူကိုယ်တိုင် သိပြီး လက်ခံပြီး ဖြစ်ဖို့လေ"

သျှန်း ဘဝင်မကျပေ။

မြင်လည်း မမြင်ရ။ ပြောလည်း မပြောဖူး။

ပြီးတော့ မိန်းကလေးဟာ ကိုယ့်အတွက် သီးသန့်ရှင်သန်
လာခဲ့တဲ့ မိန်းကလေးတဲ့။





ဒါကို မိန်းကလေးက ကျေနပ်သတဲ့လား။

"ဝေါင်း… ဂါး…"

"အ ၊လေး… ဟဲ့… ဟဲ့ခွေး"

နားယဲမှာ ဂုန်းခနဲ ဆူညံသွားသဖြင့် သျှန်းရော ဒေါ်မြတ်
ပါ ဆတ်ခနဲ ထရပ်လိုက်မိကြသည်။

"သား… သားရဲ့မန်းနီးကို ပိတ်မထားခဲ့ဘူးလား"

ဘာမှပြန်မဖြေမနေတော့ဘဲ သျှန်း ပြေးထွက်လာခဲ့သည်။

"ဟဲ့ခွေး… အား…"

အသံက ရူးရူးဝါးဝါး။

မြင်လိုက်ရတာက လွှားခနဲ ပျံခနဲ။

မန်းနီးက နောက်က မမီတမီ ပြေးလိုက်နေသည်။

မိန်းကလေးတစ်ယောက်က မှန်တစ်ဝက်ချထားသည့်
သူ့ကားရဲ့တံခါးအမိုးကို လှမ်းကိုင် မှန်ပေါ်ကို ခြေတစ်ဖက်
လှမ်းထောက်၍ အမိုးပေါ်ကို တက်ပစ်လိုက်တာ လွှားခနဲ၊

မန်းနီးက ရိပ်ခနဲ ရိပ်ခနဲ ခုန်ဟပ်ကာ အမိုးပေါ် ထိုး
ဟောင်နေတာ သဲကြီးမဲကြီး။

"အား… ဟဲ့… သွား… အမလေး… အန်တီမြတ်ရေ၊
ကယ်ပါဦး၊ လာကြပါဦး၊ အမလေး…"

ခွေးက အမိုးပေါ်ကို ခုန်တက်မလို ဖြစ်နေသဖြင့် သူမမှာ

နေစရာမရှိ။ ဆုတ်ရှောင်လျက် မျက်လုံးတွေကို စုံမှိတ်၍ ဇွတ်အော်နေ၏။

"ဟဲ့… ဟဲ့… ဟိုမှာ လုပ်ပါဦး သားရဲ့"

နောက်ဟနေ ဒေါ်မြတ် လှမ်းအော်နေသည်။

သျှန်း ကားကို လှမ်းမြင်လိုက်ရသည်နှင့် မန်းနီးကို လှမ်းအော်လိုက်၏။

"ဟိတ်… မန်းနီး… မန်းနီး၊ လာ… လာ… ဒီကို လာစမ်း"

မန်းနီးက ချာခနဲ နောက်လှည့်ကြည့်ကာ သူ့ကိုတွေ့တော့ နောက်ပြန်ဆုတ်သည်။

ဒါပေမယ့် အဟောင်မရပ်ဘဲ မာန်ဖီနေဆဲ…

"ဟိတ်… ပြောနေတာ မကြားဘူးလား"

"ဟီး… ဟီး… ခွေးစုတ်ခွေးနာ၊ ခွေးဝဲစား၊ ကလေကချေ ပေါက်လွှတ်ပဲစားခွေး၊ ကားတိုက်လို့ သေပါစေ၊ စည်ပင်က အမဲတုံးစာ မိပါစေ"

"ဟိတ်… ဆဲလှချည်လား၊ ဒါ ပေါက်လွှတ်ပဲစားခွေး မဟုတ်ဘူးကွ၊ သိန်းနဲ့ချီပေးပြီး ဝယ်ထားရတာ"

မန်းနီးကို မောင်းထုတ်ပစ်လိုက်ပြီး သျှန်းက ဘယ်ကမှန်းမသိသော ကားအမိုးပေါ်က မိန်းကလေးကို သေချာကြည့်သည်။





ဂျင်းဘောင်းဘီ ဒူးကျတိုတိုနှင့် ခါးဖုံးရုံလေးသာရှိသော ချိုင်းပြတ် ဂျင်းရှပ်အထူလေးကို ဝတ်ထားသည်။

နားရွက်ထောက်သာသာ ကုပ်မရောက်တရောက် ဆံပင်လေးနှင့် မျက်ရည်စိုလူးနေသော မျက်နှာလေးမှာ ကျိန်ဆဲ ငိုယိုနေသည့်ကြားမှ ဘယ်ဘက်ပါးချိုင့်ကလေးတစ်ဖက်ကို လင်းခနဲ လက်ခနဲ မြင်နေရသည်။

အိမ်ထဲက ပြေးထွက်လာကြသည့် လရိပ်တို့ သားအမိလည်း အနားရောက်လာကြ၏။

"အို… ဘယ့်နှယ်ကားခေါင်မိုးပေါ် ရောက်နေတာလဲ"

"အေးလေ… ဟုတ်ပ၊ ခွေးလိုက်တာများ ကားအမိုးပေါ် တက်ပြေးရတယ်လို့၊ ကိုသျှန်းကားတော့ နာပါပြီ"

"ဘာ… ကားနာတယ်၊ ဟုတ်လား"

ချက်ချင်း အငိုရပ်ကာ လက်ခုံနဲ့ မျက်နှာကို ဆွဲပွတ်ပြီး…

"ဒီမှာ ဆက်ပြေးလို့ မလွတ်တော့တဲ့ဟာ၊ ခွေးကို ခေါင်းထိုးပေးရမှာလား"

"သမီး… သမီးကို ကိုက်လိုက်သေးလား၊ ဟင်…"

ဒေါ်မြတ်က ကားဘေးကနေ စိုးရိမ်တကြီး လှမ်းမေးသည်။

"ကိုက်မိတယ် အန်တီရဲ့၊ အဲဒါကို ကိုယ်ချင်းမစာမနာ

သိန်းချီတန်တယ်ပြောတဲ့သူက ပြော၊ ကားကို နမြောတဲ့သူက နမြော၊ စီးစီးကိုတော့ ဘယ်သူမှ မေးမြန်းဖော်မရကြဘူး၊ အဟင့်… ဟင့်…”

“အို… မသိလို့ပါ သမီးရယ်၊ သမီးကို ဂိုက်သွားမှန်း မသိလို့ပါ၊ အန်တီ စိတ်ပူလို့ မေးတာပဲ၊ လာ… ဆင်းခဲ့ သမီး၊ အနာကို ကြည့်ရအောင်”

ကားမိုးပေါ် အော်တိုမစ်တစ် ရောက်သွားလျက် ကြုံကြုံ ပါအောင် ငိုနေသည့် မိန်းကလေးကို စိုက်ကြည့်ရင်း သျှန်း ရယ်ချင်လာသည်။

ကလေးတစ်ယောက် မဟုတ်တော့တာ သေချာနေ၏။ ကလေးလို ငိုနေတာ ရှက်ရမှန်းလည်း မသိ။

သူ လှစ်ခနဲပြုံးလိုက်တာကို စီးစီး မြင်သွားကာ…

“ခင်ဗျားက ဘာပြုံးတာလဲ၊ ခင်ဗျားခွေးကြီး အနိုင်ကျင့်သွားတာကို ကျေနပ်နေတာပေါ့၊ ဟုတ်လား”

“စွာလှချေလားကွ၊ မင်းက ဘယ်သူလဲ၊ ဘယ်ကလဲ၊ မေမေ သူက ဘယ်သူလဲ”

“ဒီကို ကျောင်းတက်ဖို့လာနေတာ သား၊ မနေ့က သားနဲ့ မဆုံဖြစ်လို့ မသိကြတာ”

“ဆွဲခေါ်လိုက်ပါ သားရယ်၊ သူ ခြေထောက်နာမှာပေါ့”





“အို… ဘာလို့ခေါ်ရမှာလဲ၊ တက်တုန်းကတောင် တက်သေးတာ၊ ကိုယ့်ဟာကိုယ် ဆင်းပေါ့”

“ကိုက်တယ်သာ ပြောတယ်၊ ဘယ်မှာလဲ ဒဏ်ရာက”

နေရိပ်နဲ့ လရိပ်က သျှန်း တွဲခေါ်လိုက်မှာစိုး၍ ဆတ်ဆတ်ခါနေကြသည်။

စီးစီးကပဲ အနာတကယ်မရှိဘဲ ချွဲနေသလိုလို။

ကားအောက်မှာ ဝိုင်းဝိုင်းလည်နေကြသည့် မလိုလားစွာ ရှိနေကြသော မျက်နှာများကို စီးစီး ခပ်စိမ်းစိမ်းပြန်ကြည့်၍ တစ်ခွန်းမှမပြောဘဲ ကားပေါ်ကနေ တစ်ထစ်ချင်းမဆင်းဘဲ ဆွေ့ခနဲ ခုန်ချပစ်လိုက်သည်။

သူမ ရွဲ့လိုက်တာပေမယ့် ကားက ပရာဒိုအမြင့်စားကြီးမို့ အတန်ငယ်မြင့်သည်။

သို့သော် စီးစီးကိုယ်လေးကို သျှန်းက ဆီးပွေ့လိုက်သဖြင့် လှပ်ခနဲ ထိတ်သွားကာ မျက်လုံးပိတ်ထားလိုက်သော သူမတစ်ကိုယ်လုံး အိခနဲ ဖြစ်သွားလေသည်။

ပတ်ဝန်းကျင်က ရုတ်တရက် တိတ်ကျသွားသည်။

လရိပ်မျက်နှာ သွေးမရှိတော့ဘဲ ဖွေးဆွတ်သွားလေသည်။

သျှန်းက စီးစီးကို ပွေ့၍ အိမ်ပေါ်ထိ တောက်လျှောက် တက်သွားသည်။

ဒေါ်မြတ်က နောက်က ပြေးလိုက်လာ၏။

ဘယ်သူ့မျက်နှာ ဘယ်လိုပဲဖြစ်ကျန်ခဲ့ ကျန်ခဲ့ သူမ ပြန်လှည့်မကြည့်ဖြစ်တော့ပေ။

ဒဏ်ရာက တံခါးခွက်နားမှာ ဘောင်းဘီအနားစလေးပါ စုတ်ပြဲသွားတာ ဖြစ်သည်။

"အို… အနာက သေးမှမသေးဘဲ၊ ဖြစ်ရလေ သမီးရယ်၊ သား ဒေါ်လာ့ကို ထုတ်လာတော့ ဒီနေ့ သမီး ကျောင်းပိတ်တာကို အန်တီ လုံးဝသတိမရဘူး၊ ခွေးလွှတ်ချိန် မဟုတ်ဘူးဆိုပြီး သမီး ခြံထဲဆင်းလာတာ မဟုတ်လား"

စီးစီးက ဟင့်ခနဲရှိုက်၍ ခေါင်းညိတ်ပြသည်။

ထိုစဉ် ဖုန်းသံမြည်လာသည်။

အနားမှာ ဘယ်သူမှမရှိကြ၍ ဒေါ်မြတ်ပဲ ထသွားလိုက်၏။

ဖုန်းပြောပြီး ချက်ချင်းပြန်ရောက်လာကာ…

"မေမေ အလုပ်ကိစ္စရှိလို့ သွားဦးမယ် သားရေ၊ သမီးလေးကို ဂရုစိုက်လိုက်ပါကွယ်"

ဒေါ်မြတ်က စီးစီးရဲ့ ဒဏ်ရာကို နောက်တစ်ခါ ထပ်ငုံ့ကြည့်၍…

"သမီး သူက အန်တီ့သားလေး စည်းစိမ်သျှန်။ နိုင်ငံခြားမှာ ပါရဂူဘွဲ့ယူပြီး မနက်ကမှ ပြန်ရောက်လာတာ၊ သမီးကိုကို ပေါ့ကွယ်၊ ပြောစရာရှိရင် တရင်းတနှီးသာ ပြော၊ ကြားလား"

အပြင်မထွက်ခင် မိတ်ဆက်ပေးသွားသေးသည်။

"ချာတိတ်… လက်ဖယ်လေကွာ၊ ဆေးထည့်ရအောင်"

စီးစီးက ဒေါ်မြတ် ကားထွက်သွားတဲ့အထိ မသိမသာလေး လှမ်းကြည့်လိုက်ကာ…

"နေပေ့စေ… ဆန့်စေ့ဝါးပြီး အပေါ်ကအုံလိုက်ရင် ပျောက်သွားမှာ"

"ပေါက်ပေါက်ရှာရှာ၊ ဆန်တွေ ဝါးထည့်ရမလား၊ ဖယ်စမ်း"

"ခင်ဗျား လူကို မာန်လား မဲလား မလုပ်နဲ့နော်၊ ခင်ဗျား မွေးထားတဲ့သမီး မဟုတ်ဘူး"

ကားကို ဈေးတင်ကြ ခွေးကို ဈေးတင်ကြနှင့် လရိပ်နှင့် ထိုလူကို စီးစီး မုန်းမိလေသည်။

မျက်ရည်တွေ စိုလူး၍ ပူးကပ် ငြိတွယ်နေကြသော မျက်တောင်ပင်ရှည်လေးတွေကို သျှန်က အနီးကပ်စိုက်ကြည့်၏။

ကက်ကက်လန် စွာနေသော နှုတ်ခမ်းလေးကလည်း လှသည်။ လုံးစင်းသော နှာတံလေးကလည်း ချစ်စဖွယ်။

ရိတ်သင်ပြုပြင်ထားခြင်းမရှိသော မျက်ခုံးထူထူလေး

တွေကလည်း မည်းနက်ရွှန်းတောက်နေ၏။

နှုတ်ခမ်း လှုပ်ရှားလိုက်တိုင်း ခွက်ဝင်ပေါ်လွင်သွားတတ်သည့် ပါးချိုင့်လေးတစ်ဖက်ကို သဘောကျမိသလို ရှိကာ…

"မင်းနာမည် ဘယ်သူတဲ့လဲ"

"စီးစီး"

"သိတယ်၊ အရှည်ကို မေးတာ"

မပြောဖို့ ပါးစပ်ပိတ်လိုက်မိပြီးမှ အန်တီမြတ်ကို သတိရကာ…

"လှျပ်စီးလင်း"

"ဘယ်လို…"

သူ့မျက်နှာမှာ အံ့ဩဟန် ဖျတ်ခနဲဖြစ်သွားတာကိုပဲ ကိုယ့်ကို လှောင်လိုက်သည်ဟု ထင်ကာ စီးစီးက မျက်မှောင်ကုတ်ကြည့်သည်။ သူ့ကိုပဲ မကြည်မလင်ဖြစ်နေသည့် ကောင်မလေးကို သျှန်က ခပ်ပြုံးပြုံးကြည့်၍ အနာပေါ်မှာ အုပ်ထားသည့် လက်ကလေးကို ဆွဲဖယ်လိုက်သည်။

"ဟင့်အင်း… မထည့်ဘူး"

"မထည့်လို့ မရဘူး၊ ဆေးထည့်ပြီး ကာကွယ်ဆေးပါ ထိုးရဦးမှာ"

"ဟင်… ခင်ဗျားခွေးက အရူးကြီးလား"





"မရူးပေမယ့် ကာကွယ်ဆေးက ထိုးရမှာပဲ"

"ဒါဆို စီးစီးက ချက်မှာ ဆယ့်လေးလုံးပတ်ထိုးရမှာပေါ့"

"သေချာတာပေါ့"

"အား… ဟင့်… ဟင့်…"

ငိုချလိုက်တာ ချက်ချင်း။

"ဟ… ဘယ်လိုဖြစ်တာလဲ၊ ဆေးကစပ်လို့လား"

"စပ်တာပေါ့၊ ပြီးတော့ ချက်မှာ နာဦးမယ်၊ အဲဒါ ခင်ဗျားခွေးကြီးကြောင့်"

"အဲဒါကို ကိုယ် တောင်းပန်ပါတယ်"

စီးစီးက ငိုနေရင်း မျက်စောင်းထိုးသည်။

"အစကတည်းက အဆောင်မှာပဲနေလိုက်ရရင် အကောင်းသား၊ မနေဘူး၊ မနေဘူး၊ မေမေလာရင် အဆောင်ကို ပြောင်းနေတော့မယ်"

အငိုတိတ်အောင် မုန့်ကျွေးချော့လို့လည်း ကလေးမဟုတ်။

သျှန် ဘယ်လိုချော့ရမှန်းမသိဘဲ ဒီလောက်အငိုသန်တဲ့ဘာလေးနဲ့ ထားပစ်ခဲ့သည့် မေမေ့ကိုပဲ အပြစ်တင်မိတော့သည်။

□ □ □

"ဦးသျှန်"

"ပြော"

"တစ်လုံးပဲကျန်တော့တာကို မထိုးလို့ မရဘူးလားဟင်၊ ဗိုက်တစ်ပြင်လုံးမှာ အရှမ်းကိုနာနေပြီ"

ကားမောင်းရင်း သျှန်က လှည့်ကြည့်၏။

"မထိုးလို့မရတဲ့အပြင် ဒီနေ့ မထိုးဖြစ်ရင် တစ်ကနေ ပြန်စထိုးရမယ်၊ အဲဒါကျတော့ မကြားဖူးဘူးလား"

ဒီနေ့ ဆယ့်လေးရက်မြောက်။

သျှန်က အလုပ်မဝင်ဖြစ်သေးတာမို့ ညနေတိုင်း စီးစီးကို ဆေးခန်းလိုက်ပို့ပေးသည်။

သူငယ်ချင်းဆီမှာ စီးစီးကို ဆေးထိုးစေ၏။

"ဖိုးသျှန်... မင်းကိုယ်တိုင် ထိုးပေးလို့ရသားနဲ့၊ ဘာဖြစ်လို့ ဒီခေါ်လာတာလဲ"

"နားပူမခံချင်လို့"





"ဘာကွ"

"ငါ့ကိုဆို မေမေတို့လည်း ရှိနေတယ်၊ နာတယ် ကျင်တယ်နဲ့ တအားဆိုးမှာကွ၊ သူများဆိုတော့ ပြီးရော"

ဒေါက်တာအောင်မြတ်က ရယ်နေသည်။

"ဖိုးသျှန်"

"ဘာလဲ"

"သူလေးက ဘယ်သူလဲ၊ လှတာတော့ ဟဲဗီးဝိတ်ပဲ"

"ဟုတ်တယ်၊ အငိုသန်တာလည်း ဟဲဗီးပဲ"

အောင်မြတ်က သူ့ကို သေချာကြည့်ကာ...

"စိတ်ပျက်စရာလို့ ပြောတာလား"

"မင်း မြင်တဲ့အတိုင်းပဲလေ၊ ဆေးထိုးဖို့ကို ရှုံ့မဲ့ညည်းညူနေတာ၊ ဒီရောက်အောင် ဘယ်လောက်ချော့ခေါ်ခဲ့ရတယ် မှတ်လဲ"

"မင်းနဲ့ ဘယ်လိုပတ်သက်တာလဲ"

"အိမ်မှာ ကျောင်းတက်ဖို့ လာနေတာ၊ မေမေ့ညီသည်"

"မင်းညီသည် မဟုတ်ဘူးပေါ့"

"ဟိတ်ကောင်... စကားကောင်းကောင်းပြော"

"တကယ် မပြစ်မှားဘူးလား"

"ခုမှ ပထမနှစ်စတက်တာကွ၊ စိတ်က ကလေးသာသာရယ်၊ ဘာလေးမှန်းကို မသိဘူး"

"မင်း စိတ်ပျက်ပုံကြီးက မြတ်မြတ်နိုးနိုးကြီးပါကွာ၊ ကွယ်မနေစမ်းပါနဲ့"

"ဟုတ်ကောင်း… ကြားသွားမယ်"

သျှန်က အောင်မြတ် လက်မောင်းကို ခပ်ဆတ်ဆတ် လှမ်းထိုး၍ ကားထဲရောက်နေပြီဖြစ်သည့် စီးစီးကို လှမ်းကြည့်သည်။

အောင်မြတ်က တိုးတိုးရယ်လျက် ခေါင်းညိတ်နေသည်။

"ဖိုးသျှန်… ဖိုးသျှန်… မင်း ငါ့ဆီ ရောက်ရောက်လာတဲ့ ဆယ့်လေးရက်အတွင်းမှာ မင်း မျက်လုံးထဲက မြတ်နိုးမှုဆောင်းပါးတွေ ငါ ဖတ်ပြီးပါပြီကွာ၊ ဝန်ခံလိုက်စမ်းပါ"

"ဟာ… ဒီကောင်"

သူ အောင်မြတ်ကို ကျောခိုင်းထွက်လာခဲ့သည်။

ချစ်ရေးချစ်ရာကိစ္စဆို စတာနောက်တာပင် မကြိုက်ခဲ့သော ရင်ထဲက ခုတော့ ကြည်ဖြူ၍ နားထောင်နေခဲ့မိတာ ဘာကြောင့်လဲ။

မျက်ဝန်းထဲမှာ မေမေ့ကို ပြန်မြင်လာသည်။

စီးစီးဟာ မေမေ လက်ထပ်ပေးမယ်ဆိုတဲ့ မိန်းကလေးများလား။

ဒါလည်း မဖြစ်နိုင်ပါ။





စီးစီးဆိုရင် "သားရေ သားနဲ့ လက်ထပ်ပေးမယ့်သူပဲ" လို့ လက်ညှိုးထိုးပြလိုက်ဖို့ ဘာအခက်အခဲရှိမှာလဲ။

ဒါဆို သူစိမ်းတရံနဲ့ ငြိစွန်းသွားမှာကို စိုးတယ်ဆိုပြီး စီးစီးနဲ့ သူ့ကို ဤသို့ ရင်းနှီးစွာ နေထိုင်သွားလာခွင့် မေမေ ဘာလို့ပေးခဲ့တာလဲ။

သူကရော ခဏနီးစပ်တိုင်း ဖောက်ပြန်သင့်သလား။ မှန်ထဲကနေ စီးစီးမျက်နှာလေးကို သူ ကြည့်လိုက်မိသည်။

ကားက ဆေးခန်းရှေ့က ထွက်လာခဲ့ပြီဖြစ်၏။

စီးစီး မျက်နှာလေးကို နောက်တစ်ခါ ထပ်ကြည့်မိတော့ သူ သက်ပြင်းချမိလေသည်။

ဒီလောက်လှသည့် မိန်းကလေးအပေါ် သူ ဘယ်လိုစိတ်နိုင်နိုင်နေရမှာလဲ။ မိန်းကလေးတကာထက် သာတယ်ဆိုသော မေမေရည်ရွယ်ထားသည့် မိန်းကလေးက စီးစီးထက်သာနေသည်လား။

စီးစီးထက် လှနေ၍ မေမေ ဂရုမစိုက်စွာ နေခဲ့သည်လား။

ကားမောင်းရင်း အတွေးတွေ လွင့်မျောနေမိသည်။

သူကတော့ နိုင်ငံရပ်ခြားအထိ ရောက်ခဲ့ဖူးပြီ။

ချောတာ လှတာတွေလည်း အများကြီးတွေ့ခဲ့ဖူးသည်။

မတုန်လှုပ်ခဲ့သော သူ့ရဲ့ စိတ်အစဉ်ဟာ···

"ဦးသျှန်"

"ဟင်···"

"အပ်ရာတွေက အရမ်းနာနေပြီ"

စီးစီး မျက်ရည်တွေဝဲနေသည်ကို သူ မသက်မသာ ကြည့်၍···

"အိမ်ရောက်လာတော့ ကိုယ် သက်သာအောင် လုပ်ပေးမယ်ကွာ၊ မငိုပါနဲ့··· ကလေးကလား"

"ကလေးမှာမှ မျက်ရည်ရှိတာလား ဦးသျှန်ရဲ့၊ နာနေတာကို ငိုချင်တာပေါ့၊ ညညဆို စာဖတ်လို့လည်း မရဘူး၊ အဲဒီခွေးကြီးကို သိပ်မုန်းတာပဲ၊ ခင်ဗျားကိုလည်း မုန်းတယ်"

"ကိုယ်က ဘာဆိုင်လို့လဲ"

"ခင်ဗျားက ခွေးရှင်ပဲ၊ ခင်ဗျားကြောင့် စီးစီး အကိုက်ခံရတာ"

"ခဏခဏ ဒါပဲပြောမနေနဲ့ကွာ၊ ဒီမှာ ကိုယ့်ကို ဦးသျှန် ဦးသျှန်နဲ့ ခေါ်တာကို ပြင်"

"ဘာလို့ပြင်ရမှာလဲ"

"နားထဲမှာ ကန့်လန့်ဖြစ်နေလို့ပေါ့၊ မေမေ ခေါ်ခိုင်းသလိုပဲ ခေါ်"





ကိုကိုတဲ့လား။

စီးစီးက နှုတ်ခမ်းလေးတွန့်၍ ဆတ်ခနဲ မျက်စောင်းထိုးသည်။

"ဟိတ်··· ပြောနေတာ ကြားလား"

"ကြားတယ်၊ မခေါ်ဘူး"

သျှန်က ခပ်စူးစူးပြန်ကြည့်ကာ···

"မခေါ်ချင်ရင် ဘယ်လိုမှ နာမ်စားမတပ်ဘဲ ဒီအတိုင်းပဲ ပြော"

"ဘယ်လိုမှ ပြောဖို့မလိုပါဘူး၊ မေမေ့ကို ဖုန်းဆက်ခေါ်မယ်၊ မေမေ လာတာနဲ့ စီးစီးက အဆောင်မှာပြောင်းနေမှာ"

သျှန် ဆတ်ခနဲ လှည့်ကြည့်သည်။

ပြီးတော့ ဘာမှမပြောဘဲနေကာ ကားကိုပဲ ဂရုစိုက်မောင်းခဲ့သည်။

□ □ □

"သူ သွားမယ်ဆိုရင်လည်း လွှတ်လိုက်ပါ မေမေ၊ မေမေနဲ့ ကျွန်တော် ပဋိပက္ခမဖြစ်ရအောင် သူ စောစောစီးစီး ထွက်သွားတာ ပိုကောင်းပါတယ်"

လုပ်ငန်းခွင်ဝင်ဖို့ နက်ခ်တိုင်စည်းနေသည့် သားဖြစ်သူ မျက်နှာမကောင်းတာကို ဒေါ်မြတ်က သေချာလိုက်ကြည့်သည်။

"သား ပြောလိုက်တာကို မေမေ မရှင်းဘူး"

"မရှင်းတာပဲ ကောင်းပါတယ်၊ မေမေသာ သူ့ကို လွှတ်ပေးလိုက်ပါ"

"နေပါဦး သားရဲ့၊ သားက စီးစီးကို မလိုလားနိုင်လောက်အောင် ဖြစ်နေလို့လား၊ စီးစီးကို သား ကြည့်မရဖြစ်နေသလားဟင်"

သျှန်က မေမေ့ကို လှည့်ကြည့်သည်။

ပြောရခက်နေသည့် စကားကို ဘယ်လိုထုတ်ပြောရမှန်းမသိတော့။





ရုတ်တရက် စကားက မထွက်နိုင်။

"ပြောလေ သား၊ စီးစီးကို သား…"

"ချင်မိတော့မယ် မေမေ၊ စိတ်ကို လွှတ်ပေးလိုက်ရင်သွားပြီ၊ မေမေ မှတ်ခဲ့တဲ့စီမံကိန်းအားလုံး ပျက်ကုန်မှာပဲ၊ ကျွန်တော် မေမေ စိတ်ဆင်းရဲအောင် မလုပ်ချင်ဘူး၊ အဲဒါကြောင့် စီးစီးကို ကျွန်တော် မမြင်ရဲတော့တာ"

"သားရယ်"

ဒေါ်မြတ်က ဟင်းခနဲ သက်ပြင်းချ၍ နှစ်မြိုက်စွာ ပြုံးလေသည်။ ကားနားထိ ရောက်နေပြီဖြစ်သည့် သားနောက်ကို ခပ်ဖြည်းဖြည်းလိုက်၍…

"သား ဆေးရုံကိုရောက်ရင် မေမေ့ဆီ ဖုန်းဆက်နော်"

"ဘာလုပ်မလို့လဲ မေမေ"

"မှာစရာရှိလို့ပါ"

သျှန်က မေမေ့ကို တစ်ချက်ကြည့်၍ ခေါင်းညိတ်လိုက်သည်။

"သားရေ… သားညီမက အပြင်လိုက်ချင်လို့တဲ့၊ လမ်းကြုံပါတယ်၊ ခေါ်သွားလိုက်ပါကွယ်"

"ကိုသျှန်… ခဏလေး… ခဏလေး"

သားအမိနှစ်ယောက် ထွက်လာပြီးမှ လရိပ်က ကျော

ပေါ်က ဆံပင်ရှည်တွေ ဝဲခနဲ လွင့်တက်သွားသည်အထိ နောက်ပြန်လှည့်ပြေးသွားသည်။

ပြီးမှ ပြန်ပြေးထွက်လာ၏။

"အဟင်း… လက်ကိုင်အိတ် အရောင်မှားနေလို့"

ဟု ခပ်ပြုံးပြုံးလေးပြော၍ ထွက်လာကာ ဝင်ထိုင်လိုက်၏။

သူမ ထိုင်ပြီးမှ သျှန်က ထိုင်ဖြစ်၍…

"ကား ဘာဖြစ်လို့လဲ လရိပ်"

"ဘာမှမဖြစ်ဘူး၊ မောင်းရမှာ ပျင်းလို့၊ ကိုသျှန်နဲ့အတူကားစီးချင်လို့"

လရိပ်နဲ့ နေရိပ်မှာ လရိပ်က နှုတ်သွက်လက်သွက်ရှိသည်။

နေရိပ်လောက် မပြင်မဆင်ရဘဲ လရိပ်က ပိုချော၏။

သျှန်နဲ့ ပတ်သက်လာတိုင်း လရိပ်ကသာ ရှေ့ထွက်လာတတ်တာ ဖြစ်သည်။

အိမ်မှာ မိသားစုသုံးစု ဖြစ်နေသည်။

ကားက ငါးစီးရှိ၏။

သုံးစီးက ဒေါ်မြတ်တို့ပိုင် သတ်မှတ်ကာ နှစ်စီးကို သူတို့ပဲ သုံးစားကြရင်း သူတို့ကား ဖြစ်သွားခဲ့သည်။





တကယ်တော့ ဒီစီးပွားပဲ လုပ်ကာ ဒီငွေနဲ့ပဲ ဇယ်ကြတာဖြစ်သည်။

ခုဆို ဦးလက သူ့စီးပွားဟု ကင်ပွန်းတပ်ကာ ကိုယ်ပိုင်စီးပွားရေးတစ်ခုပင် ခွဲထုတ်နေပြီဖြစ်၏။

"သားရယ်… သားလေး ပညာတတ်တာကို မေမေဝမ်းသာပါတယ်၊ ဒါပေမယ့် စီးပွားရေးကို သား ဝါသနာပါခဲ့မယ်ဆိုရင် စီးပွားရေး လုပ်ငန်းရေးကိစ္စအားလုံး သူ့အလိုလို ပြီးသွားမှာပဲကွယ်၊ မေမေတို့ရဲ့ လုပ်ငန်းအဝဝကို စိတ်ထားမဖြောင့်မှန်တဲ့လူတွေ လက်ထဲမှာ မေမေ စိတ်မချဘူး"

ဒေါ်မြတ်က သားတစ်ယောက်ကို ပညာတတ်ဖြစ်စေချင်သလို အောင်မြင် ကျော်ကြားသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်လည်း ဖြစ်စေချင်ခဲ့သည်။

"သားရဲ့ဘွားဘွား ရှိတုန်းကလည်း သူ မဆုံးခင်အချိန်ထိ တဖွဖွပြောသွားခဲ့တာ ဘာလဲ သိလား၊ နေနဲ့ လကို မယုံနဲ့တဲ့၊ ကောင်းကင်က နေနဲ့ လကို ယုံကြည်ထိုက်ပေမယ့် မြေပြင်မှာ လနှစ်စင်း နေနှစ်စင်းသာနေတာ ညည်းတို့အတွက် အန္တရာယ်သိပ်များတယ်တဲ့"

နေနှစ်စင်း လနှစ်စင်း ဆိုတာက အဖေနေ သမီးနေ အဖေလ သမီးလ

ဒါကို ဆိုလိုခြင်းဖြစ်သည်။

မေမေ သိသမျှ သျှန် အားလုံးသိသည်။

သူ့အိမ်ထောင်ရေးကို မေမေ အားကြိုးမာန်တက် စီမံတဲ့ အထဲမှာ ဦးနေတို့ မိသားစုလက်ထဲ သူ ရောက်မသွားစေလိုသည့် အချက်လည်း ပါဝင်နေလေသည်။

တကယ်တော့ အမွှာသားနှစ်ယောက်ကို ကောက်ယူ မွေးစားခဲ့ပြီးမှ သမီးနှစ်ယောက်လည်း ရ၊ သားနှစ်ယောက်ရဲ့ ဉာဉ်ဆိုးကိုလည်း အရွယ်တွေရ နောက်ကျမှ သိခဲ့ရသော လူကြီး များမှာ မရှုနိုင် မကယ်နိုင်ဖြစ်ရရင်း မျက်ကွယ်ပြုကြရတော့ မယ့် အခြေအနေ ရောက်တော့မှ သားဆိုးနှစ်ယောက်နှင့် သမီး လေးနှစ်ယောက်ကို စိတ်မချစွာ ထားခဲ့ရသည့်အဖြစ်။

“ကိုသျှန် ဘာတွေတွေးနေတာလဲဟင်”

“ဘာမှမတွေးပါဘူး”

“ကိုသျှန်တို့ ဘယ်ဆေးခန်းမှာ ထိုင်ဖြစ်လဲ”

“အဲဒါ လောလောဆယ် မဖြစ်သေးပါဘူး၊ မေမေက အပြင်ဆေးခန်းမထိုင်ရဘူးလို့ ပြောနေတာ”

“အို··· ဘာဖြစ်လို့လဲ၊ ပိုက်ဆံအရမ်းရတာကို”

“မလိုချင်လို့ နေမှာပေါ့”

သျှန်က ကားမောင်းနေရာမှ လှည့်မကြည့်ဘဲ ဖြေသည်။





အိမ်မှာ အားလုံးပဲ ကိုယ့်ကားကိုယ် မောင်းကြတာပဲ ဖြစ်သည်။

ဒါပေမယ့် အဆင်ပြေသလို အချိန်မရွေး ခိုင်းလို့ရအောင် ဒရိုင်ဘာထားသည်။ ရှိသမျှ ကားတွေကို နေ့စဉ် ရေဆေး ဆီထိုး၊ အထူးသဖြင့် ဦးနေကတော့ အပြင်ထွက်တိုင်း ဒရိုင်ဘာနဲ့ တခမ်း တနား ထွက်သည်သာ ဖြစ်၏။

“ကိုသျှန်”

“ဘာလဲ”

“ကိုသျှန်ကို အန်တီမြတ် ဘာမှမပြောဘူးလားဟင်”

“ဘာမှမပြောဘူး”

လရိပ်အသံလေး တဒင်္ဂ တိတ်ကျသွားသည်။

“ကိုသျှန်”

ပြာလဲ့လဲ့ ရှုဒိုးတင်ထားသည့် မျက်ဝန်းပြာလေးတွေက ရှက်ရိပ်တို့ဖြင့် ရွှန်းလက်နေ၏။

သျှန်က မှန်ထဲကနေ မေးဆတ်ထူးသည်။

“မေမေတို့နဲ့ အန်တီမြတ်က ကိုသျှန်နဲ့ လရိပ်ကို လက်ထပ် ပေးကြမလို့တဲ့”

“ဟုတ်လား၊ တို့ကို ဘာမှမပြောပါလား”

“ကိုသျှန် ပြန်ရောက်ကာစမို့ ထင်တယ်၊ ပြီးတော့ ဟို ခွေးရူးပြန်ကာကွယ်ဆေးကိစ္စနဲ့ ကိုသျှန်က အလုပ်ရှုပ်နေတာကိုး”

သျှန် ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။

ရင်ထဲမှာ ပူရှိန်ရှိန်ကြီး ခံစားနေရတာ တစ်ခုပဲ ရှိသည်။ ဒီကိစ္စကို မေမေနဲ့ သူ ပြောဆိုပြီးသားပေမယ့် သူ လက်ထပ်ရမည့် မိန်းကလေးဟာ ဘယ်သူဘယ်ဝါဆိုတာ ခုထိ မသိရသေးပါ။

စီးစီးဆိုသည့် မိန်းကလေးအပေါ် အချိန်တိုအတွင်း ငြိတွယ်သွားခဲ့မိခြင်းအတွက်တော့ သူ အတော်ကြိုးစား ဖြေသိမ့်ရတော့မည် ဖြစ်သည်။

စီးစီးကို သူဘာဖြစ်လို့ ဒီလောက်မြန်မြန် စွဲလမ်းသွားခဲ့မိသနည်း။

"ကိုသျှန်"

"ဟင်…"

"ဘာတွေတွေးနေတာလဲ၊ လရိပ်မေးတာကို မဖြေဘူး"

"ဘာလဲ"

လရိပ်က သူမ ပြောသည်ကို စဉ်းစားနေသည်အထင်နှင့် ကျေနပ်ခဲ့သမျှ နှုတ်ခမ်းလေး စူသွား၏။

"ကိုသျှန်က လရိပ်ကို စိတ်မဝင်စားဘူး မဟုတ်လား"

"ဘာကိစ္စကိုလဲ"

"ကြည့်"





"လရိပ် ဘယ်သွားမှာလဲ၊ ပြောဦးလေ… တို့ အချိန်သိပ်မရတော့ဘူး"

"ဆေးရုံထိပဲ မောင်း"

"ဟင်… ဆေးရုံကို ဘာလိုက်လုပ်မှာလဲ"

"ဘာမှလိုက်မလုပ်ပါဘူး၊ အမလေး… ဖြစ်နေလိုက်တာ၊ ဒီမှာ ပြောစရာမပြတ်သေးလို့"

သျှန်က မျက်မှောင်ကုတ်၍ လှည့်ကြည့်သည်။

"တကယ်လို့ အန်တီမြတ်က ပြောလာရင် ကိုသျှန်က ဘယ်လိုလုပ်မလဲဟင်"

"ဘာကိုလဲ"

"လရိပ်နဲ့ လက်ထပ်ဖို့ကို"

"ဘယ်လိုသဘောမှ ထားဖို့မလိုဘူး လရိပ်၊ မေမေက လည်း ဘယ်တော့မှ ပြောလာမှာမဟုတ်ဘူး၊ တို့ကို မေမေ သဘောတူထားတဲ့ မိန်းကလေးရှိတယ်"

"ဘယ်လို…"

ကားက ဆေးရုံဝင်းထဲ ကွေ့ဝင်လာသည်။

သျှန် သူမကို ဘာမှပြန်လှည့်မပြောတော့ဘဲ ကားပေါ်က ဆင်းသည်။

လရိပ်က ငိုချင်လျက် နီရဲနေသော မျက်နှာလေးနှင့်…

"ကိုသျှန်ကား လရိပ်ကို ခဏပေးလို့ရမလား"

သျှန်က ကားသော့ကို လရိပ်လက်ထဲ ပစ်ထည့်လိုက်သည်။ မျက်ရည်ဝေ့နေသော မျက်ဝန်းလေးကို တစ်ချက်ကြည့်၍ ဆေးရုံကြီးထဲဝင်လာခဲ့မိ၏။

အိမ်ထောင်ရေးဆိုတာ စိတ်ပျက်စရာပါလား။

❑ ❑ ❑



"ဟဲလို… မေမေလားဟင်၊ မေမေ"

မေမေ့အသံကြားတော့ စီးစီး ဝမ်းသာအားရဖြစ်သွားသည်။

"မေမေ လာမယ်ဆို လာတော့လေ မေမေရယ်၊ ဒီမှာ စီးစီး ကျောင်းတောင်တက်နေပြီ၊ မေမေ စီးစီး အဆောင်မှာနေပါရစေ"

"…."

"ဟင်… မေမေကလည်း မေမေပဲ ဒီမှာမနေချင်ရင် အဆောင်မှာပြောင်းနေဆို"

"…."

"ဟာ… မေမေက ဘယ်တော့လာမှာလဲ"

ဖုန်းဆက်ရင်း ခြေလေးဆောင့်ပစ်မိသည်။

ဆံနွယ်ပျော့ပျော့လေးများနှင့် နားဆွဲဝိုင်းအဖြူလေး လှုပ်ခါသွား၏။

"မေမေ စီးစီး ဒီမှာ အရမ်းစိတ်ဆင်းရဲတယ်နော်"

"...."

"ဘာဖြစ်ရမှာလဲ၊ ခြံထဲမှာ နွားလောက်ရှိတဲ့ ခွေးကြီးတွေ ရှိတယ်"

"...."

"ဟုတ်တယ်၊ စီးစီး အကိုက်ခံရတယ်၊ အခု ကာကွယ်ဆေး ဆယ့်လေးလုံး ထိုးနေရတာ ဗိုက်ကြီးတစ်ပြင်လုံး ကျောက်ဖျာကြီးကျနေတာပဲ"

ဗိုက်ကိုပွတ်လျက် ငိုသံလေး ပါလာသည်။

"ဒါပဲနော် မေမေ၊ မေမေ မြန်မြန်လာ၊ မဟုတ်ရင် စီးစီးဘာသာ အဆောင်မှာသွားနေမှာပဲ"

အပြတ်အသတ်ပြော၍ ဖုန်းကို ဝုပ်ခနဲ ချပစ်လိုက်သည်။

မျက်ရည်သုတ်ပြီး နှပ်ကို ဖီခနဲညှစ်ကာ...

"မသိဘူး... မြန်မြန်လာချင်လာ၊ မလာရင် ပြောင်းပြီးသားပဲ"

တစ်ယောက်တည်း ရေရွတ်ကာ ဖုန်းနားမှ ဒီဘက်လှည့်လိုက်၏။

"ဘာတဲ့လဲ မင်းအမေက"

စီးစီးက အခန်းတံခါးဘောင်ကို ပခုံးနဲ့မှီကာ လက်ပိုက်





ရပ်ကြည့်နေသည့် သျှန်ကို အမြင်တွင် အိုးတိုးအမ်းတမ်းဖြစ်သွားလျက်...

"ဘာဖြစ်လို့ သူများဖုန်းပြောတာကို ခိုးနားထောင်နေရတာလဲ"

"ခိုးနားထောင်နေတာ မဟုတ်ဘူး၊ ကိုယ့်ဆီလာမယ့်ဖုန်း ရှိလို့ စောင့်နေတာ၊ မင်းက အကြာကြီးပြောနေတော့ လွဲကုန်ပြီထင်တယ်"

သူက နာရီတစ်ချက်ကြည့်၍...

"မေမေ မှာခဲ့တယ်၊ ကျောက်မြောင်းက ခြံမှာ လာကြိုရမယ်တဲ့"

"ခင်ဗျားကို မှာခဲ့တာ ခင်ဗျား သွားကြိုပေါ့"

"မဟုတ်ဘူး၊ မင်းနဲ့ကိုယ်"

"စီးစီး လိုက်ရမယ်"

"ဟုတ်တယ်"

"ဘာလုပ်ဖို့လဲ"

"မသိဘူးလေ"

"စီးစီးက တစ်နေ့လယ်လုံး အိပ်နေတာ၊ ရေတောင်မချိုးရသေးဘူး"

"ရေမချိုးလည်း လှပါတယ်ကွာ၊ ဒီတိုင်းလိုက်ခဲ့ပေါ့"

"ဟင့်အင်း… ရေပြေးချိုးဦးမယ်၊ ခဏလေးစောင့်"

ပြောဆိုနေကြတုန်း ဖုန်းသံမြည်လာသည်။

သူ ဖုန်းကိုင်တော့ စီးစီး ထွက်လာခဲ့၏။

ရေချိုး၍ မိတ်ကပ်ပါးပါးခံပြီး ပတ်ဖ်ရိုက်လိုက်သည်။ ခြေသလုံးတစ်ဖက်ခန့်ရှည်သော ခဲပုပ်ရောင် အပြောင်သားစကတ် အကျပ်လေးနဲ့ ဝမ်းဆက် လက်စက လည်ဟိုက် ပိုးပျော့အင်္ကျီ ခါးကျလေးကို တွဲဝတ်လိုက်၏။

ကျောင်းတက်ချိန်မှလွဲ၍ စီးစီး ဘယ်တော့မှ စကတ်ရှည်နဲ့ ထဘီတွေ မဝတ်ပေ။

ရှော့ပင်နဲ့ ဘောင်းဘီရှည်တွေနဲ့ စကတ်တိုတွေပဲ ဝတ်ခဲ့သည်။ ဒါမှ သွားရလာရတာ လွတ်လပ်သည်ဟု ထင်ခဲ့၏။

ခြေထောက်မှာ ဖန်ဒေါက်ချွန်ဖိနပ်မြင့်ကို စီး၍ အောက်ထပ်ဆင်းလာတော့ သျှန်က စူးစူးစိုက်စိုက်ကြည့်နေ၏။

ရှေ့ဆံပင်နှစ်ဖက်ကို ကျောက်ကလစ်လှလှလေးတွေနဲ့ သိမ်းထိုးကာ ဆံမြိတ်ပါးပါးလေး ချထားပုံက ကလေးဆန်နေ၏။

"စီးစီး"

"ဟင်…"

"မင်းကိုယ်မင်း ကလေးလေး မှတ်နေသလား"

"ဘာဖြစ်လို့လဲ"





သူ့ရှေ့ရောက်လာတော့ စီးစီးက မျက်လုံးလေးဝင့်၍ မေးဆတ်မေး၏။

"တွေ့လိုက်ရရင် ထဘီဝတ်တယ် မရှိဘူး၊ တိုနံ့နံ့လေးတွေနဲ့"

"စီးစီး အမြဲ ဒီလိုပဲဝတ်တာ"

"ယောကျ်ားရရင် ဘယ်လိုလုပ်မလဲ"

ရှေ့ကနေ ဆိုးဆိုးဆတ်ဆတ် ထွက်သွားရင်း စီးစီး ခြေလှမ်း တုံ့ခနဲဖြစ်သွားသည်။

သျှန်က ဘောင်းဘီထဲ လက်နှိုက်ထားလျက် စီးစီးကို ငုံ့ကြည့်သည်။ ခုခေတ် မော်ဒယ်မိန်းကလေး တော်တော်များများ အရပ်မြင့်ကြသည်။

ကိုယ်လုံးသွယ်ကြသည်။

စီးစီးက အရပ်မမြင့်ပေ။

ကိုယ်လုံးကလည်း ပြားချပ်ချပ်လေးမဟုတ်ဘဲ လှသည်။

သူ့အရပ်နဲ့ သူ့ပုံစံလေးကတော့ လှပါသည်။

ဒါပေမယ့် သျှန် ဘေးမှာ ယှဉ်ရပ်လိုက်တော့ ပခုံး လောက်ပဲရှိသည်။

ဝတ်တာစားတာက ရှော့ပင်နဲ့ စကတ်တွေ။

သူ ပင့်သက်ရှိုက်မိရင်း…

"ပြောတာ ကြားလား"

မကျေနပ်ခြင်းကြောင့် လေသံက မာသွားသည်။

စီးစီးက ခပ်ဆတ်ဆတ် လှည့်ကြည့်၏။

"စီးစီး ယောကျ်ားရတာ မရတာ ခင်ဗျားနဲ့ မဆိုင်ဘူး၊ ရှောပင်ဝတ်လို့ ယူမယ့်ယောကျ်ားမရှိရင် ပိုတောင်ကောင်းသေးတယ်၊ အစကတည်းက မငြင်းသာလို့ လက်ခံထားရတာ"

"ဘယ်သူ့ကိုလဲ"

"ဘယ်သူဖြစ်ဖြစ်ပေါ့"

သျှန်က မသိမသာပြုံး၍ မောင်းသူနေရာမှာ ထိုင်လိုက်၏။

"ကိုယ်ထင်တယ် ချာတိတ်၊ မင်းကို ဘယ်သူမှ ယူမှာမဟုတ်ဘူး"

"ခင်ဗျားနော်"

"ဟုတ်တာပြောတာလေ၊ မင်းကိုယ်မင်း ပြန်ကြည့်ပါဦး ကလေးလိုလို လူကြီးလိုလို"

"အဲဒါ ခင်ဗျား ပြောစရာမလိုပါဘူး၊ ကိုယ့်ဟာကိုယ်ကျတော့ ယူမယ့်သူမရှိလို့ ဆေးကျမ်းစာအုပ်ကြီးတွေ ဖက်နေရတာများ"

"ဟုတ်လို့လား၊ မင်းကို ဘယ်သူပြောလဲ"

စီးစီးက မျက်စောင်းရှယ်၍ ကြည့်သည်။





ဒေါသကြောင့် စိုအိနေသည့် နှုတ်ခမ်းလေးက ဘာမျှမပြောဘဲ လှုန့်ခနဲ တွန့်ခနဲ လှုပ်ခတ်နေ၏။

သျှန်က လှည့်ကြည့်၍ ရယ်လိုက်သည်။

မနေ့က ဆေးရုံကို မေမေ ဖုန်းဆက်ခဲ့သည်။

"သားကို စိတ်ဆင်းရဲအောင် မေမေက သဘောမတူနိုင်တဲ့ ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ အတူနေထိုင်ခွင့်ပေးထားပါ့မလားကွယ်" တဲ့။

သူသိလိုက်ရသည်က စီးစီးဟာ သူ လက်ထပ်ရမယ့်မိန်းကလေး။

"တစ်ခုခုစားဦးမလား ချာတိတ်"

"အန်တီ မှာထားတယ်ဆို"

"အချိန်ရသေးတယ်လေ"

"အိုက်စကရင်မ် စားမယ်"

သျှန်က ခေါင်းညိတ်၍ စားသောက်စင်တာတစ်ခုရှေ့မှာ ကားရပ်လိုက်၏။

စီးစီးက အိုက်စကရင်မ်စားပြီး ရေခဲရေကို နှစ်ခွက်ဆင့်သောက်၏။

"ဟိတ်… ရေခဲရေတွေ သိပ်မသောက်နဲ့လေ၊ ဆီးအောင့်လိမ့်မယ်"

"စီးစီး သောက်နေကျ"

"သောက်နေကျလည်း အခု လျှော့သောက်"

စီးစီးက ပါးတစ်ဖက်ရွဲ့သွားအောင် မဲ့ပစ်၍ မော့ကြည့်သည်။

"ဘာကြည့်တာလဲ၊ ဂျစ်ကန်ကန်နဲ့ မျက်နှာက"

"ဦးသျှန်"

"လာပြန်ပြီ"

"ဒီမှာ ပြောတာကို နားထောင်စမ်းပါ"

"ဘာလဲ"

"ခင်ဗျား အချိန်ရရင် စီးစီးကို အဆောင်တစ်ခုလောက် စုံစမ်းပေးစမ်းပါ"

"ဘာလုပ်ဖို့လဲ"

"မေမေလာရင် တစ်ခါတည်း ပြောင်းလို့ရအောင်လို့"

"မင်းအမေက ပြောင်းခိုင်းမယ် ထင်လို့လား"

"စီးစီး ပြောပြီးသား"

"ဒါဆိုလည်း သူလာတော့ စီစဉ်ခိုင်းပေါ့ကွ"

သျှန်က ကော်ဖီပလိန်းကို စိတ်မပါသလိုသောက်၍ ခပ်အေးအေး ပြန်ပြောသည်။

"ခွင့်ပြုရင်တောင် မေမေက သိပ်တော့ ကြည်မှာမဟုတ်





ဘူး၊ အဲဒါကြောင့် အဆောင်ရှာထားပြီးပြီ၊ ပြောထားပြီးပြီ ဘာညာနဲ့ ဖြီးရမှာ"

"မင်းက မိဘကို ညာတတ်သလား"

"မညာခဲ့ဖူးပါဘူး၊ ဒါပေမယ့် ခုတော့ ညာမှဖြစ်မှာ"

"ဘာဖြစ်လို့ ဒီလောက်တောင် ပြောင်းချင်နေရတာလဲ"

"ခင်ဗျားတို့အိမ်မှာ မနေချင်လို့ပေါ့"

"ခွေးကြောက်လို့လား"

"ဟုတ်တယ်"

"ဒါပဲလား"

"နေရတာလည်း တစ်မျိုးကြီးပဲ၊ လူတွေအများကြီးက မျက်စိဒေါက်ထောက်ကြည့်နေကြသလိုပဲ၊ ကျဉ်းကျပ်တယ်"

"ခွေးတွေကို မင်းနဲ့ခင်အောင် ကိုယ် လုပ်ပေးမယ်၊ လူတွေကိုတော့ ဂရုမစိုက်နဲ့ပေါ့ကွ"

"ခင်ဗျား အဲဒီတစ်ယောက်ယောက်နဲ့ ယူလိုက်ပါလား"

စီးစီး ကောက်ကာငင်ကာ ထပြောလိုက်သဖြင့် သျှန် မျက်မှောင်ကုတ်သွားသည်။

"ဘယ်တစ်ယောက်ယောက်လဲ"

"နေဖြစ်ဖြစ်၊ လဖြစ်ဖြစ်"

သျှန်က အပြုံးအရယ်မဲ့သော မျက်နှာနှင့် စီးစီးကို စိုက်

ကြည့်၏။ ရှည်၍ကော့ညွတ်နေသော မျက်တောင်လေးများကို သူ မြတ်နိုးခဲ့သည်။ ပါးတစ်ဖက်က ပါးချိုင့်လေးကို မက်မော ခဲ့၏။

သူမဘက်က ဤသို့မဟုတ်လျှင်တောင် နည်းနည်းလေး မှ လှုပ်ရှားမှုမရှိခဲ့ဘူးတဲ့လား။

သူမ စည်းစိမ်သျှန်ဆိုသည့် နာမည်အတိုင်း သူ့မှာ စည်းစိမ်တွေ ပြည့်လျှံနေသည်။

ရုပ်ရည်ရှိသည်၊ ပညာတတ်သည်။

မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေပါသည်။

ဒါတွေကို သူ မက်မောခဲ့သည် မဟုတ်။

စီးစီးကိုကျမှ မြင်မြင်ချင်း စွဲလမ်းခဲ့မိသည်။

ကိုယ့်ထက် ဆယ်နှစ်လောက်ငယ်သော မိန်းကလေးကို မှ ဘာကြောင့် စွဲလမ်းခဲ့တာလဲ။

စီးစီး သူ့အပေါ်မှာ တိမ်းညွှတ်ခြင်းမရှိတာက အသက် အရွယ် ကွာခြားနေခြင်းကြောင့်လား။

စီးစီးကလည်း စကားပြန်မပြောဘဲ မျက်မှောင်ကြီးကုတ် ၍ ငြိမ်ကျသွားသည့် သူ့ကို ခပ်စူးစူးလေး ကြည့်နေမိသည်။

စည်းစိမ်သျှန်ဆိုသည့် လူဟာ ပြည့်စုံခြင်းတို့ ဖိတ်လျှံ ကာ ချောမောတင့်တယ်ခြင်းလည်း ရှိ၏။





ထို့ကြောင့် နေရိပ်နဲ့ လရိပ်တို့က ဣန္ဒြေမဲ့လောက်အောင် မက်မောနေကြသည်။ သိသိသာသာ စည်းရုံးနေကြသည်။

အခု ဆိုင်ထဲဝင်လာကြတော့လည်း လူတွေအားလုံး၏ မျက်လုံးများက သူတို့ထံမှာပဲ ဝိုင်းအုံစုပြုံနေကြသည်။

သျှန်က လမ်းလျှောက်ထွက်လျှင် ပခုံးငြိမ်သည်။ ခါးမတ် သည်။ မိုက်သားရုပ်၍ ဘောင်းဘီရှည်နှင့် အလွန်တရာ ကြည့် ကောင်းပါ၏။

စီးစီးကျတော့ သူ့ပခုံးလောက်ပဲ ရှိသည်။

ပြီးတော့ ဆံပင်တိုတို စကတ်တိုတိုလေးနဲ့။

လူတွေကြည့်ကြတာ အားကျလိုက်လှဲသော အပြုံးတချို့ အကြည့်တချို့နဲ့ပေမယ့် စီးစီး ရှက်သလိုလိုပင်။

သျှန်က အရပ်မြင့်မြင့်၊ ဖြူဖြူ။

စီးစီးက အရပ်တိုက်တိုက်လေးနဲ့ သူ့ဘေးမှာ ရယ်စရာ ဖြစ်နေပြီလားဟု တွေးမိ၏။

နက်မှောင်ပြောင်လက်နေသော ဆံပင်တွေကို လှန်ဖြီး ထားသည့် သျှန် မျက်နှာချောချောကို လွတ်လွတ်လပ်လပ်ကြီး ကြည့်၍ စီးစီးကလည်း တွေးချင်ရာ တွေးနေသည်။

သျှန် ဖျတ်ခနဲ မျက်လုံးပင့်လိုက်တော့ ပြေးချိန်မရလိုက် ဘဲ သူနှင့် လူမိသွားသည်။

စီးစီး ရှက်ရှက်နဲ့ မျက်စောင်းထိုးပစ်လိုက်၏။

"အဲဒီ နေ့နဲ့ လက်စွပ်ကို မင်း ဘာဖြစ်လို့ စကားထဲထည့် ပြောတာလဲ"

သျှန်ကလည်း ကောက်ကာငင်ကာပဲ မေးသည်။

"သူတို့စိတ်တွေ အလိုမကျသမျှ ဘေးလူတွေ အနေကျပ်တာပေါ့၊ သူတို့ ခင်ဗျားကိုပဲ မုန့်လုသလို လုနေကြတာ အသိသာကြီး"

"ဒါကို သိသာတယ်ဆိုရင် ကိုယ် စိတ်မဝင်စားတာကျတော့ မင်း မသိဘူးလား"

"စိတ်ဝင်စားကြည့်လိုက်ပေါ့ဗျာ၊ နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးထုတ်လိုက်ရင် ကျန်တဲ့တစ်ယောက်က ကျေနပ်သွားမှာပေါ့"

"ဒါဆို မင်းလည်း နောက်ကို စကတ်အတိုတွေ မဝတ်နဲ့၊ ထဘီပဲ ဝတ်"

"အို… ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်လေ၊ မင်းတောင်မှ ကိုယ့်ကို မဆိုင်ဘဲနဲ့ မိန်းမယူဖို့ တိုက်တွန်းနေတာ မဟုတ်လား၊ မင်းလိုပဲပေါ့"

"ဒါက အမြင်မတော်လို့ ပြောလိုက်တာ၊ ခင်ဗျားဟာ ခင်ဗျား ယူချင်ယူ၊ မယူချင်နေ"





သျှန်က အေးဆေးသောအပြုံးနှင့် ကော်ဖီပန်းကန်ကို ဘေးသို့ရွှေ့ထားလိုက်သည်။

"ဒါဆို အဲဒီအိမ်မှာ မင်း အမြင်မတော်တဲ့ ရှုပ်မှုတွေ မရှိရအောင် ကိုယ် မိန်းမယူလိုက်မယ်၊ သူတို့မဟုတ်ဘဲ တခြားတစ်ယောက်ယောက်ဆိုလည်း ပွဲက ပြီးသွားမှာပါ၊ မင်း ထဘီဝတ်ဖို့ သဘောတူလား"

စီးစီးက သူ့ကို ငေးကြည့်နေပြီးမှ…

"စီးစီး စကတ်မဝတ်ဖို့ကို ခင်ဗျားက မိန်းမယူပြီးတောင် အလဲအလှယ်လုပ်တယ်ဆိုတော့ ပွဲက မမျှပါလား"

"မင်းသာ စကတ်နဲ့ ထဘီ ပြောင်းဝတ်မယ်ဆိုရင် ကိုယ် တကယ် မိန်းမယူပြမယ်၊ တကယ် သဘောတူ မတူပဲ ဖြေ"

စီးစီးက ပခုံးတွန့်၍ ရယ်ပစ်လိုက်သည်။

ပါးချိုင့်လေးတစ်ဖက် လက်ခနဲ ဝင်သွား၏။

သျှန်က မေးထောက်၍ စိမ်ပြေနပြေ ကြည့်နေသည်။

"ကဲ… ပြောလေကွာ၊ သဘောတူလား"

"ခင်ဗျား မိန်းမယူတဲ့နေ့ကစပြီး စီးစီး စကတ်မဝတ်ဘူး၊ ဒါပေမယ့် အချိန်ကို ကန့်သတ်မယ်"

စီးစီးက သူ့တွက်ကိန်းနဲ့သူ ပိုင်လှပြီ ထင်နေသည်။

သျှန်က နှစ်မြို့က်စွာပြုံး၍ ခေါင်းညိတ်၏။

"ကြိုက်တဲ့အချိန်ကို သတ်မှတ်၊ မဖြစ်နိုင်တာတော့ မပြောနဲ့"

"ဟုတ်ပြီ… နံပါတ်တစ် နှစ်လအတွင်း ခင်ဗျား မိန်းမ ယူရမယ်"

"သုံးလထားကွာ"

"နှစ်လပဲ၊ သဘောတူရင် ဆက်ပြောမယ်"

"တူတယ်… ဆက်ပြော"

"ယူတဲ့မိန်းမက တွေ့တာကောက်ယူတဲ့ ခပ်ကြိုးကြိုး၊ မှဆိုးမ၊ တစ်ခုလပ် မဖြစ်ရဘူး၊ လှရမယ်၊ ချောရမယ်၊ ပညာတတ်ရမယ်၊ အဲဒါ နံပါတ်နှစ်"

"ဟား… ဟား… ဟား…"

"ဘာရယ်တာလဲ"

"ဆက်ပြောပါ"

သျှန် ရယ်ကျဲကျဲလုပ်နေတာကို စီးစီးက မျက်စောင်းလေးထိုး၍…

"သဘောတူတယ်နော်"

"တူတယ်"

"နံပါတ်သုံး အနားနီးမှ ဖြစ်သလို ဆွဲလွဲခိုးပြေးတာမျိုး မလုပ်ရဘူး၊ နှစ်ဖက်မိဘ သဘောတူတာပဲ ရမယ်"





"အိုကေ… ဆက်ပြော"

"သဘောတွေ သိပ်ကောင်းမနေနဲ့နော်၊ ခင်ဗျားမှာ လောလောဆယ် ရည်းစားမရှိသေးရင် ခင်ဗျား ဘယ်လိုလူပဲဖြစ်ဖြစ် လက်ရွေးစင်ကိုတော့ ရမှာမဟုတ်ဘူး"

"အဲဒီလောက် အထင်မသေးစမ်းပါနဲ့၊ မင်း ပြောမှာသာ ဆက်ပြော"

"နံပါတ်တစ် သတ်မှတ်ရက်ကို တစ်ရက်မှ ရွှန်းလို့မရဘူး၊ အဲဒီအချက် လေးချက်အတိုင်း ခင်ဗျားဘက်က လုပ်နိုင်ရင် စီးစီး အဲဒီနေ့ကစပြီး စကတ်မဝတ်တော့ဘူး"

"ဒါတော့ မင်းဘက်က ရှောင်ထွက်သွားရင် ကိုယ်က မိန်းမကြီး ယူလိုက်ရပြီးမှ ဘာလုပ်လို့ရတော့မှာလဲကွ၊ အခိုင်အမာ တစ်ခုခုပြော"

"စီးစီးက ကလေးလိုနေပေမယ့် ကတိပေးပြီးရင် မဖျက်တတ်ဘူး၊ ဒါပေမယ့် သက်သေမထူနိုင်ဘူး၊ မကျိန်တွယ်ဘူး၊ အစကတည်းက ဒီပွဲကို ခင်ဗျားပဲ စတာပဲ၊ သဘောတူရင် စမယ်၊ တရားဘူးထင်ရင် စီးစီးကို မယုံရင် ရှင် မလုပ်နဲ့၊ ဒါပဲ"

"ကြိုက်တယ်၊ မင်းသာ ကတိတည်ပါစေ၊ ကိုယ် မိန်းမ ယူပြမယ်၊ ဒီနေ့ကစပြီလို့ မှတ်လိုက်"

မျက်နှာတစ်ချက်မှ မပျက်ဘဲ ရေရေလည်လည်ကြီး

ကတိပေးနေသော သူ့ကို စီးစီးက မျက်နှာတည်တည်လေးနဲ့ ကြည့်သည်။

စီးစီး ထဘီဝတ်ဖို့ကို သူ ဘာလို့အရေးကြီးနေတာလဲ။

မိန်းမယူပြီးတော့များ ထဘီဝတ်စေချင်ရသည့် စေတနာကို ဘယ်လိုနားလည်ရမလဲ။

ကိုယ် ဝတ်တာ စားတာ အဲဒီလောက်ထိ ရိုင်းနေလို့လား။ ဘာပဲဖြစ်ဖြစ် ကိုယ်နိုင်ဖို့က များနေပါသည်။

ဒါပေမယ့် ရင်ထဲမှာ မတင်မကျကြီး။

သူ့ဘက်က စွန့်လွှတ်ရမှာက တစ်ဘဝလုံး။

"ဦးသျှန်… ဒီမှာ ဒိုင်လူကြီး မရှိပေမယ့် အခု အလဲ အလှယ်လောင်းကစားပွဲက အတည်နော်၊ ခင်ဗျား အပျော်အပျက် မလုပ်ရဘူး"

စီးစီးက ထပ်ပြောသည်။

"အတည်ပါ၊ ဘာလဲ… မင်းက မယုံလို့လား၊ ကိုယ် တကယ် မိန်းမယူမှာ"

"ခင်ဗျား အစကတည်းက မိန်းမယူတော့မလို့ ရည်းစားထားပြီး သားကြီးကို စီးစီးကို သက်သက်များ စောင်းပြောတာ တော့ မဟုတ်ပါဘူးနော်"

"ကိုယ့်မှာ ရည်းစားရှိတယ်လို့ ကြားလို့လား"





"အဲဒါ စီးစီး ဘယ်လိုလုပ် သိမှာလဲ"

"မင်းလိုပဲ မင်း ယုံယုံ မယုံယုံ ကိုယ် ပြောမယ်၊ အခု ကိုယ့်မှာ ရည်းစားမရှိဘူး၊ မိန်းမယူဖို့ အစီအစဉ်ရှိတယ်၊ ဒါပေမယ့် အခု မင်းကြောင့် မြန်မြန်ဆန်ဆန် ယူပစ်မှာ၊ ထပ်မမေးနဲ့တော့၊ ပွဲစပြီ"

စီးစီး အပေါ်စီးကနေ ချက်ချင်း လယ်ပယ်ဖြစ်သွားသလို စိုးရိမ်စိတ်လေး ဝင်သွားမိ၏။

ကတိက ထားခဲ့ပြီ။

သူက စိစဉ်ပြီးသားဆိုလျှင် ယူဖို့က သိပ်ခဲယဉ်းမှာ မဟုတ်။

ဒါဆို သူမ စကတ်တို ဘောင်းဘီတိုတွေကို တကယ် စွန့်လွှတ်ရတော့မည်လား။

□ □ □

မေမေ ရောက်လာသည်မို့ လွမ်းတာရော၊ ပြောချင်နေ
တာတွေရော စုပြုံလျက် ဝမ်းသာလိုက်ရတာ အရမ်း။

ခုတော့ ဝမ်းသာစရာတွေအားလုံး ပျောက်ဆုံးကုန်သည်

ဒါပေမယ့် စိတ်ထဲမှာပဲဖြစ်လျက် မျက်နှာကို အတတ်နိုင်
ဆုံး များစွာမပျက်ယွင်းမိဖို့ ကြိုးစားရသည်။

အန်တီမြတ်ရယ်၊ အန်တီဖူးရယ်၊ မေမေရယ်ကြားမှာ
သုံးယောက်စလုံးက ငုံ့ညှာထောက်ထားရမည့်သူတွေချည်း ဖြ
နေ၏။

"ဒီကိစ္စ သားကို အသိပေးလိုက်တာတောင် သိပ်မကြာ
သေးဘူး၊ အန်တီတို့ဆန္ဒက မဖြစ်မနေ လက်ထပ်ပေးဖို့ကို စီ
ထားပေမယ့် တစ်ဦးကို တစ်ဦးလည်း နှစ်သက်လက်ခံစေ
တယ်လေ၊ အထူးသဖြင့် သားက သမီးကို မြတ်မြတ်နိုး
ရှိစေချင်တယ်၊ ဒီလိုပြောလို့ အန်တီ တစ်ကိုယ်ကောင်းဆန်တ
လို့ မထင်နဲ့နော် သမီး၊ ယောကျ်ားလေးဆိုတာ ယုယချင်တဲ့အ





မိန်းကလေးကျတော့ ယုယတာကို လိုချင်တာ၊ ဒါဟာ ယောကျ်ား
လေးကိုယ်တိုင်က မေတ္တာရှိဖို့ အဓိကပဲလို့ အန်တီတို့က မြင်တယ်၊
မိန်းမတွေအတွက် သာယာမှုကို ယောကျ်ားတွေရဲ့ သည်းခံခြင်း
ခွင့်လွှတ်ခြင်း မြတ်နိုးခြင်းတွေနဲ့ ဖန်တီးမှုရတာ သမီးရဲ့"

"ဟုတ်တယ် သမီး၊ အိမ်ထောင်ရေးတစ်ခုမှာ ပေါင်းသင်း
ဖို့က ဒုတိယ၊ သာယာဖို့က အဓိကကွယ့်၊ သာယာမှုမရှိဘဲ
ပေါင်းသင်းနေရရင် အဲဒီအိမ်ထောင်ရေးဟာ ငရဲပဲ၊ သာယာမှုကို
ယောကျ်ားတွေရဲ့ ချစ်ခင်မြတ်နိုးမှုနဲ့ တည်ဆောက်နိုင်တယ်လို့
အန်တီတို့က ယုံတယ်လေ၊ သမီးလေးတို့နှစ်ယောက်အတွက်
လိုအပ်တဲ့ ရင်းနှီးမှုအတိုင်းအတာအထိ ရှိနေကြပြီလို့ထင်လို့ ခုလို
အသိပေးတာပဲ၊ ပြီးတော့ အစက သမီးလေး ကျောင်းပြီးမှ
လက်ထပ်ပေးဖို့ ရည်ရွယ်တာ၊ ခု မဖြစ်တော့ဘူး"

အန်တီဖူးက စကားကို ရပ်၍ ဒေါ်မြတ်ကို လှမ်းကြည့်
၏။ ဒေါ်မြတ်က ခေါင်းညိတ်လိုက်ပြီး...

"သမီးလေးလည်း အရွယ်ရောက်နေပြီ၊ သားကလည်း
ပညာစုံပြီ၊ အိမ်ထောင်ဦးစီးကောင်းတစ်ယောက် ဖြစ်သင့်နေပြီ၊
အချိန်ထပ်မဆွဲချင်တော့ဘူး၊ ပြီးတော့ ဒီအိမ်အခြေအနေကို သမီး
သိသင့်သလောက် သိမှာပေါ့၊ အမွေကိစ္စတွေနဲ့ ပတ်သက်ပြီး
သားကို သူတို့ မက်မောနေကြတာ၊ အန်တီတို့က လုံးဝအဖြစ်မခံ

နိုင်ဘူး၊ ဖြစ်နိုင်ရင် သားကိုတောင်မှ လုပ်ငန်းတွေကို ဦးစီး ဦးဆောင် ပြုစေချင်တာ၊ သားက ဆေးကုဖို့ပဲ စိတ်ဝင်စားနေလို့ လေ၊ ဘာပဲဖြစ်ဖြစ် သားတို့ သမီးတို့ အိမ်ထောင်ရေး သာယာ ချမ်းမြေ့ဖို့ပဲ လိုတာပါ၊ သားတို့ ဆယ်သက်စားလို့မကုန်အောင် စုဆောင်းထားခဲ့ကြတဲ့ မိဘဘိုးဘွားအမွေတွေ ရှိတယ်"

"ဒါတွေ ထားပါဦးကွယ်၊ သမီးက ဒီကိစ္စကို စိတ်တိုင်း ကျရဲ့လား၊ အန်တီတို့အပေါ် အမြင်တစ်မျိုးနဲ့များ အခုအခံဖြစ် သွားသလား"

စီးစီး မျက်နှာမော့လိုက်တော့ မေမေက အေးစက်စက် လှမ်းကြည့်နေ၏။

"စီးစီး နားလည်ပါတယ် အန်တီ၊ ဒါကို မေမေ ကြိုပြော ထားပါတယ်၊ တစ်ခုပဲ စိတ်မကောင်းတာက စီးစီး ကျောင်းတက် နေတုန်း လက်ထပ်ရမှာကိုပါ၊ ကျောင်းပြီးမှဆိုရင်…"

"သားက ဒီနှစ်လအတွင်းပဲ လက်ထပ်ပေးပါလို့ ပြောနေ တယ် သမီး၊ အမြန်ဆုံး လက်ထပ်ပေးတော့မယ်လို့လည်း စီစဉ် ထားတာဆိုတော့ သိပ်မထူးပါဘူးဆိုပြီး ခင်ခင့်ကို အလျင်စလို အကြောင်းကြားခေါ်လိုက်ရတာပဲ"

မေမေ ချက်ချင်းရောက်လာတာက သူမ ခေါ်လို့ မဟုတ်လေဘဲ။





မေမေက စီးစီး လှမ်းကြည့်လိုက်တဲ့သဘောကို နားလည် သည်။

ထို့ကြောင့် စကားဝိုင်းထဲ ဝင်ပါလာ၏။

"ခုကိစ္စမှာ ဘယ်ဘက်ကမှ ဖိနှိပ်မှုမပါဘူး သမီး၊ သမီး ကို လက်ထပ်ခိုင်းနေတဲ့သူကလည်း ဘယ်သူမှ ယူမယ့်သူမရှိတဲ့ ကုန်ပုပ်ကြီးလို အသက်ရွယ်အိုအိုနဲ့ မျက်စိမှုန် ပါးတုန်နေတဲ့သူ မဟုတ်ဘူး၊ ဘယ်လိုလူစားလဲဆိုတာ သမီး မြင်နေတာပဲ၊ မေမေ ကိုယ်တိုင် မေမေ့သမီးလေး ကောင်းစားမှာကို ဝမ်းသာကြည်နူး နေခဲ့ရတာ၊ ပြီးတော့ မမမြတ်တို့ ညီအစ်မက မေမေ့ရဲ့ ကျေးဇူး ရှင်၊ သမီးနဲ့ မေမေ့ရဲ့ ကျေးဇူးရှင်တွေပါ"

"ဒါဆို ဆွေမျိုးတော်သေးတယ်လို့ မေမေ ပြောခဲ့တာ က ဘာလဲဟင်"

"ဒါက သမီး ဒီအိမ်ကို လာရဲအောင် လွဲပြောခဲ့တာပါ၊ သမီးကိုယ်တိုင် ကိုယ်နဲ့လက်ထပ်ရမယ့် ယောကျ်ားလေးတစ်ယောက် ရဲ့ အိမ်ကို ဒီလို ကြိုသိထားရင် ဘယ်လာရဲမလဲ၊ ဒါကြောင့် မေမေ ညာခဲ့ရတာ၊ တကယ်တော့ ဘာမှမတော်ကြပါဘူး၊ မေ… က အစက ကုမ္ပဏီတစ်ခုက စက္ကူထရီတစ်ယောက်ပါ"

ဒေါ်ခင်ခင်ထက်က ဘယ်တုန်းကမှ အစမဖော်ခဲ့သည့် အကြောင်းများကို ပြန်ပြောပြသည်။

"မေမေက အမေတစ်ခု သမီးတစ်ခုဘဝနဲ့ ရှန်းကန်ရင်း ပညာသင်ခဲ့ရတာ၊ မေမေ နောက် အိမ်ထောင်ပြုတော့ မေမေက ဆယ်တန်းမတက်သေးဘူး၊ ပထွေးကလည်း ဖြူစင်ပါတယ်၊ မေမေ့ကိုလည်း ဘွဲ့ရတဲ့အထိ ပညာသင်ဖို့ အမေနဲ့အတူ ရုန်းကန်ထားပေးခဲ့တယ်၊ ဒါပေမယ့် ဘွဲ့ရမယ့်နှစ်မှာ မေမေ ဆုံးသွားတယ်"

ပထွေး ဘယ်လောက်ပဲကောင်းကောင်း အားကိုးလို့ မတင့်တယ်တော့ပါ။ ဒီမှာတင်ပဲ ဆွေမျိုးမဲ့ မိဘမဲ့ဘဝနှင့် ဒေါ်ခင်ခင်ထက် အဆောင်ရောက်ခဲ့သည်။ အဆောင်ကနေ ဘွဲ့ယူ အပြင်အလုပ်လုပ်ရင်း ကွန်ပျူတာဆက်သင်၊ သင်တန်းတွေတက်ပြီး ကိုယ့်ဘဝကိုယ် ရုန်းကန်ခဲ့ရသည်။

ဒီကြားထဲ ပထွေးဖြစ်သူက နောက်အိမ်ထောင်ပြုလိုက်တဲ့အထိ သူမကို ကူညီထောက်ပံ့ဖို့ ကြိုးစားခဲ့သေးသည်။

သူမ လက်မခံခဲ့တော့ပေ။

ဘယ်လိုပဲဖြစ်ဖြစ် မသင့်တော်ဘူးဆိုတာကို သိနေသည်။

နောက်တော့ သူငယ်ချင်းတစ်ယောက်၏ ကူညီမှုကြောင့် ကုမ္ပဏီတစ်ခုမှာ စက္ကူထရီ လုပ်ခွင့်ရခဲ့သည်။

မိန်းမတစ်ယောက်ဟာ အလှသည် ဥစ္စာ၊ ရတနာဖြစ်သလို အလှသည် ရန်သူလည်း ဖြစ်ပါ၏။





ကုမ္ပဏီမှာ သူမ ရိုးသားစွာနေခဲ့ပေမယ့် ပိုင်ရှင်က ကျူးသွင်းဖျက်ဆီးခဲ့သည်။

အငယ်အနှောင်း တင့်တင့်တယ်တယ်ထားဖို့ ကတိပေးသည်။

တကယ်လည်း ထားပါသည်။

ဒေါ်ခင်ခင်ထက် မထူးစိတ်ပိုက်၍ ဘဝကို ဖြစ်လာသလိုပဲ ရင်ဆိုင်ခဲ့သည်။ သို့သော် ကုမ္ပဏီပိုင်ရှင်၏ဇနီး သိသွားသည့် တစ်နေ့မှာတော့…

"ညည်းမှာ ပညာတတ်ဘဲ ခင်ခင်ထက်၊ ကိုယ့်ဘဝကိုယ် ကျောင်းပါ၊ ငါ့ယောကျ်ားကို ဆက်ပြီး မြူဆွယ်သိမ်းပိုက်ဖို့ မကြိုးစားပါနဲ့၊ ညည်း ခုချက်ချင်း ဒီအိမ်ပေါ်က ဆင်း၊ ညည်းကိုယ်ပေါ်မှာ ဝတ်ထားသမျှ လက်ဝတ်လက်စား အဆောင်အယောင် ညည်း ဘာမှမယူရဘူး၊ အရှက်မကွဲချင်ရင်ပေါ့လေ၊ အေး… ပစ္စည်းမက်ရင်တော့ ယူ၊ ငါက တန်အောင်ပြေ့မှာပဲ၊ ညည်း ဗိုက်ထဲက ကလေး မွေးလာတဲ့အထိ ခေါင်းမဖော်ရဲအောင် ပြောမှာပဲ"

ရိုက်ချက်က ပြင်းထန်သည်။

လက်နဲ့ရိုက်တာထက် စကားလုံးက ပို၍ပြင်းထန်၏။ ဒေါ်ခင်ခင်ထက် အသက်ကို အရှက်ထက်ပို၍ မမက်မောပါ။

ပြီးတော့ ရင်သွေးလေးအတွက် ဘဝအညွန့်မကျိုးစေချင်။

ဒီအတွက် နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနှင့် သတ္တိရှိရှိ ထွက်လာခဲ့သည်။

သူမကိုယ်မှာ အဖိုးတန်ဆိုလို့ နားကပ်လေးတစ်ရန်သာ ပါလာသည်။ အပျိုကတည်းက ကိုယ့်လုပ်အားနဲ့ ကိုယ် ဝယ်ဝတ်ထားခဲ့သည့် ဆွဲကြိုးနဲ့ လက်စွပ်လေးကိုပါ စိန်ထည်ရတနာများနဲ့ အတူရောချွတ်ပေးထားခဲ့သည်။

ဒါလေးကတော့ ကျွန်မပိုင်လေးတွေပါလို့ သနားခံ တင်ပြမနေချင်။

"ဖာတ်ပေါင်းခန်းကျတော့ အမေကို ပက်ပက်စက်စက် ပြောလွှတ်လိုက်တဲ့ တင်မမခိုင်ဟာ မမြတ် ယောကျ်ားရဲ့ညီမ မမြတ်ရဲ့ ယောက်မပေါ့၊ သမီးရဲ့ဖေဖေကတော့ သူ့ယောကျ်ား ဦးကျော်လင်းဆွေပဲ၊ သူဟာ မိန်းမလှလှမြင်တိုင်း လိုက်စော်ကားချင်တဲ့ ပန်းစားဘီလူးတစ်ယောက်မဟုတ်သလို တင်မမခိုင်ဟာလည်း မေမေ့ကို ရင့်သီးရက်စက်ခဲ့သလောက် ဘယ်သူ့အပေါ်မှာမှ မရက်စက်ခဲ့ဖူးပါဘူး၊ ဦးကျော်လင်းဆွေရယ်၊ မေမေရယ်၊ တင်မမခိုင်ရယ် သုံးဦးဟာ ရေးကုသိုလ်ကြောင့် ဒီလို အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရတာ"

ဒါဆို ဖေဖေဟာ မေမေ့ကို တကယ်မြတ်နိုး၍ သိမ်းပိုက်





ခဲ့သည်ပေါ့။ သို့ဆိုလျှင် မေမေ ဒုက္ခရောက်တော့ သူ ဘာဖြစ်လို့ မားမားမတ်မတ် မရပ်ခဲ့ရတာလဲ။

အန်တီမြတ်တို့ကရော…

"ဒါဆို အန်တီမြတ်တို့နဲ့ မေမေ ဘယ်လိုပတ်သက်ခဲ့တာလဲဟင်"

သူမတို့အကြောင်း မေးပေမယ့် ဒေါ်မြတ်တို့ညီအစ်မက ဘာတစ်ခွန်းမှ ဝင်မပြောခဲ့ပါ။

ဒေါ်ခင်ခင်ထက်ကပဲ ဆက်၍…

"မေမေ့ကို တင်မမခိုင် လာတွေ့တဲ့နေ့က မမြတ်ပါလာတယ်၊ သမီးယောက်မဆိုတာ အဖော်ပါလာတာပေါ့ကွယ်၊ ဒါပေမယ့် မမြတ်က မေမေ့ကို မြင်မြင်ချင်း နားလည်သွားတယ်၊ မေမေ ထွက်သွားတော့ မေမေနေတဲ့ နေရာကို သူ လိုက်လာတယ်၊ အဲဒီတော့မှ မမဖူး ပါလာတာ၊ သူတို့ ရောက်လာတော့ သူများအိမ်မှာ မွေးဖွားခါနီး ဘယ်သူမှ တာဝန်မယူ အကုန်ကျ မခံချင်တဲ့ ဗိုက်ကြီးကို မေမေ အလူးအလိမ့် နာနေတဲ့ အချိန်ပေါ့ သမီးရယ်၊ ဘယ်သူမှ အနားမကပ်ကြ၊ သတင်းမမေးကြနဲ့၊ လင်ကောင်မပေါ်တဲ့ကလေးလို့ သတ်မှတ်ခဲ့ကြတာကိုး"

မေမေရယ်…

စီးစီး မျက်ရည်တွေ လည်လာသည်။

သူမကို လှမ်းထားလျှက် မေမေ ဘယ်မျှသောကဖြစ် လိုက်လေမလဲ။

"အဲဒီအချိန်မှာ မမြတ်တို့ ရောက်လာတယ်၊ မေမေ့ကို ဆေးရုံခေါ်သွားပြီး လိုလေသေးမရှိ ဂရုစိုက်ခဲ့ကြတယ်၊ နောက်တော့ ကလေးနဲ့ မေမေ့ကို 'မိုးနှင်းစက်'မှာ ပြောင်ပြောင်တင်းတင်းပဲ ခေါ်ထားလိုက်တယ်လေ၊ အဲဒီတုန်းက မမြတ်တို့ကို တင်မမခိုင်က ပြဿနာရှာသေးတာ၊ ဒီတော့ ယောက်ျားဖြစ်တဲ့သူနဲ့ပါ မမြတ် ရင်ဆိုင်ခဲ့ရတယ်၊ သမီးနဲ့ မေမေ့အပေါ် မမြတ်တို့ရဲ့ စေတနာအရင်းခံခဲ့တယ်၊ အင်မတန်ဖြူစင် မွန်မြတ်ပါတယ် သမီးရယ်၊ မေမေ့ကြောင့် လင်မယားချင်း စကားများ မောင်နှမချင်း ရန်ဖြစ်၊ သမီးလေး တစ်နှစ်တင်းတင်းပြည့်တဲ့နေ့ကျမှ ဒီနေ့ အစီအစဉ် စခဲ့တာ၊ ဦးနေဟန်ကြည်ကလည်း သူ့သမီးတစ်ယောက်ယောက်နဲ့ သားကို ကြီးပြင်းတဲ့အခါ လက်ထပ်ပေးဖို့ စကားစလာတော့ မမြတ်က သဘောမတူပေမယ့် မငြင်းရဲခဲ့ဘူးလေ"

ဒေါ်ခင်ခင်ထက်က ဒေါ်မြတ်တို့ကို လေးစားချစ်ခင်သော မျက်ဝန်းများနှင့် ကြည့်လျက်...

"မေမေကလည်း ကလေးလည်း အရွယ်ရပြီဆိုတော့ အဲဒီအိမ်က ထွက်ဖို့ တိတ်တခိုး စီစဉ်နေခဲ့တယ်၊ ဘာဖြစ်လို့လဲ





ဆိုတော့ မေမေ့ကြောင့် မေမေ့မျက်နှာမြင်တိုင်း တင်မမခိုင်နဲ့ မမြတ်တို့ရဲ့ ပဋိပက္ခက ရှိနေဦးမှာကိုး၊ အဲဒီမှာတင်ပဲ အားလုံး အဆင်ပြေအောင် မေမေ့ကို တစ်နေရာမှာ မထင်မရှားနေစေပြီး ပြည့်စုံအောင် ထောက်ပံ့ခဲ့တာ၊ သမီးလေးကို သားအတွက် တစ်ခါတည်း တောင်းခဲ့တာ၊ ဒါဟာ ချီးမြှင့်ခြင်းလို့ပဲ မေမေ မြင်တယ်၊ ဒါကြောင့် ဝမ်းသာအားရ လက်ခံခဲ့တာ၊ မေမေ့ဘဝ မေမေ့ရည်ရွယ်ချက်အားလုံးကို မမြတ်တို့အတွက် ပုံကာပေးဆပ်ခဲ့ရတာ"

ခုမှ သိခွင့်ရခဲ့ပါသည်။

ယခုတိုင် အများက သိမ်မွေ့မှုတွေ ရှိနေခဲ့သော မေမေဟာ ဘွဲ့ရပညာတတ်တစ်ယောက်ဆိုတာကိုတောင် စီးစီး သိခွင့်မရခဲ့ပေ။

ဒီနေ့ထိ မေမေက အတိတ်ကို ပြည့်ဖုံးကားချထားခဲ့တာဖြစ်သည်။

"ဒါကြောင့် သမီး စိတ်ထဲမှာလည်း မေမေ့လိုပဲ မမြတ်တို့ကို လေးစားမှု ဖြစ်စေချင်တယ်၊ မတော်တဲ့စိတ် အတွေးနဲ့ မပြစ်မှားမိဖို့ ဒီစကားတွေကို မေမေ ပြောပြတာ"

စီးစီးက ပါးပြင်ပေါ် ဆင်းသက်နေခဲ့ပြီဖြစ်သည့် မျက်ရည်စတို့ကို သုတ်ပစ်ရင်း ခေါင်းညိတ်လိုက်သည်။

"စီးစီး နားလည်ပါပြီ မေမေ၊ ဒီအိမ်ရောက်ကတည်းက အန်တီတို့ရဲ့ နူးညံ့တဲ့သဘောထားကို စီးစီး ခံစားမိခဲ့ပါတယ်၊ ဒါပေမယ့်…"

စီးစီးက စကားရပ်၍ မျက်လုံးလေး ဝင့်ကြည့်သည်။

"ပြောလေ သမီး၊ ဒါပေမယ့် ဘာဖြစ်လဲ"

"ဟို… လက်ထပ်ဖို့ကို နှစ်ဝက်လောက်ကျမှ…"

"သားက နှစ်လအတွင်းဖြစ်အောင် စီစဉ်ပေးပါလို့ ပြောထားတယ် သမီးရယ်၊ သူ သမီးကို တကယ်ချစ်သွားခဲ့တာပါ၊ ထူးမှ မထူးတာကွယ်"

နှစ်လအတွင်းဆိုသော စကားကြောင့် ကိုယ့်လက်နက်နဲ့ ကိုယ် အရှိက်ထိသွားသဖြင့် စီးစီး ခံရခက်သွားသည်။

ဒါတွေ သူက စီးစီးထက်အရင် သိထားရက်နဲ့ သက်သက်အနိုင်ယူသွားတာ။

"သူတို့ ဟုတ်ဟုတ် မဟုတ်ဟုတ် တစ်ယောက်ယောက် ကိုယူရင် ပြီးတာပဲ"

ဟု ပြောသွားခဲ့သည်။

လူလည်ကြီး…

လူကြီးတွေကို နားလည်ပေမယ့် သူ့ကိုတော့ နားမလည်နိုင်တော့ပါ။





စီးစီး စကတ်တွေ ရှော့ပင်တွေ ဝတ်တာ သူ မကြိုက်၍ မြားတစ်စင်းနဲ့ ငှက်နှစ်ကောင် ပစ်သွားခြင်းဖြစ်သည်။

"တကယ် ချစ်သွားခဲ့တာပါ" တဲ့။

ဟုတ်ပါလိမ့်မယ် အားကြီး။

စီးစီးနဲ့ လောင်းထားတာကို နိုင်ချင်လို့။

တွေ့မယ်။

❑ ❑ ❑

သူ နားနေခန်းတံခါးဝ ရောက်သည်နှင့်…

"ဒေါက်တာ… ဒေါက်တာ အိမ်က ဖုန်းလာနေတယ်"

"ဟုတ်လား"

သူ အထဲလှမ်းဝင်ကာ ချထားသည့်ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို…"

"ဦးသျှန်"

ခေါ်သံက ဆောင့်ဆောင့်အောင့်အောင့်။

"ချာတိတ် ဘာလဲ"

"ခင်ဗျားနဲ့ စီးစီး အလဲအလှယ်လုပ်ဖို့ လောင်းထားတဲ့ ကိစ္စ ဖျက်တယ်"

"ဘာ… ဘာဖြစ်လို့လဲ"

"မတရားလို့"

"ဘာဖြစ်လို့ မတရားရမှာလဲ"





"ဦးသျှန် ခင်ဗျား သိသားနဲ့ သက်သက်ညစ်တာ၊ လုံးဝ ဖျက်တယ်၊ ဒါပဲ"

ဖုန်းကို ဂွပ်ခနဲ ချသွားသည်။

အိမ်မှာ ဒေါ်ခင်ခင်ထက် မနက်က ရောက်လာသည့် အဖြစ်ကို မသိလိုက်သဖြင့် စီးစီး ဘယ်လိုသိသွားသလဲဆိုတာကို သူ တွေးလို့မရဖြစ်နေသည်။

မေမေတို့ ပြောလိုက်တာများလား။

ဖုန်းချရင်း သူ ပြုံးလိုက်သည်။

သိသွားတော့လည်း ပြီးတာပဲ။

ကလေးလေး လုပ်နေမယ့် အဲဒီ စကာတ်တိုတို ရှော့ပင် ကိစ္စတွေကိုတော့ သူ တားဆီးဖို့ ဆုံးဖြတ်ပြီးသား။

❑ ❑ ❑

"ဟာ… ဟိတ်… ကြည့်စမ်း၊ ဆင်းစမ်း ခု"

ဆေးရုံက ပြန်ရောက်တယ်ဆို ရေပင်မချိုးအားသေးဘဲ စီးစီးကို လိုက်ရှာခဲ့သည်။

အပေါ်ထပ် ဝရန်တာတံခါးနားရောက်မှ လပ်နေသည့် တံခါးကနေ အပြင်ကို လှမ်းကြည့်လိုက်တော့ ဖြူဖွတ်ဖွတ် ရှော့ပင်နဲ့ ရှပ်အင်္ကျီအဖြူကွက်ပွပွကြီးနှင့် ဝရန်တာသံတန်းပေါ်မှာ အကျအနခွထိုင်ကာ ကင်မရာတစ်လုံးနှင့် မကြောက်မရွံ့။

နှစ်ထပ်တိုက်ကြီးရဲ့ အမြင့်က နည်းနည်းနောနောလား။

သျှန် စိုးရိမ်စိတ်တို့ ဆောင့်တက်ကာ ချက်ချင်းပဲ အနား ရောက်သွားလျက် စီးစီး ခါးလေးကို နောက်ကနေသိမ်းဖက်၍ ဆွဲခနဲ ပွေ့ချလိုက်သည်။

"အို… ဘယ်လိုလုပ်တာလဲ၊ ခင်ဗျားလုပ်မှ ကျသေမှာ၊ လွှတ်ပါ"





စီးစီးက ကလန်ကဆန်ရုန်းကန်၍ သူ့လက်တွေကို ဖယ်ချပစ်သည်။ အတွင်းဘက်မှာ ရပ်မိကာမှ သူ စိတ်အေးသွားကာ…

"စီးစီးတော့ အထုခံရတော့မယ် သိလား၊ ကိုယ့်ကိုယ်ကို သေကြောင်းကြံချင်နေလည်း ဒီပြင်နည်းရှာ၊ ဒီပေါ်က ပြုတ်ကျရင် ခေါင်းကွဲ၊ ဦးနှောက်တွေထွက်ပြီး ရုပ်ပျက်ဆင်းပျက် ရွံစရာကြီးဖြစ်သွားမှာ"

"အမလေး… သေရမယ့်အတူတူ စီးစီးတို့က အဲဒီလို လွှတ်လွှတ်ကျွတ်ကျွတ် ထွက်မသွားသေးဘူး၊ စီးစီးကို အမိက လူလည်ကျထားတဲ့ ခင်ဗျားကြီး ဒုက္ခရောက်သွားအောင် သူ ကျွန်မကို သတ်တာပါလို့ သေတမ်းစာရေး လက်မှတ်ထိုးပြီး အိပ်ဆေးသောက် ခင်ဗျားအခန်းထဲဝင်ပြီး ရေရေလည်လည် ဒုက္ခ ပေးသွားပြီး လှလှပပလေးသေမှာ"

ခါးထောက်၍ နှုတ်ခမ်းမဲ့လိုက်၊ မျက်ခုံးပင့်လိုက်၊ ပုံစံအမျိုးမျိုးနဲ့ အားရပါးရပြောနေသော စီးစီးကို ကြည့်၍ သူ အသည်းယားလာကာ ရယ်လည်း ရယ်မိ၊ မျက်နှာလည်း လွှဲပစ်လိုက်ရသည်။

ဒီကောင်မလေး ကိုယ့်ဒုက္ခကိုယ်ရှာနေမိမှန်း သိရဲ့လား။ သူမှာတော့ လှုပ်ရှားသွားသည့်စိတ်ကို ထိန်းသိမ်းရခက်နေပြီ။

စီးစီးက သူ့ကိုကျောခိုင်းကာ ခြံထဲကို ဓာတ်ပုံရိုက်ဖို့ ကြိုးစားနေပြန်သည်။

သူက စီးစီးကိုင်ထားသည့် ကင်မရာကို ဆွဲယူလိုက်ပြီး…

"အဲဒါ ထားလိုက်စမ်းပါ၊ ပြီးတော့ ဓာတ်ပုံရိုက်လို့ကောင်းတဲ့ နေရာတွေ ကိုယ် လိုက်ပို့မယ်"

"အို… မပေးဘူး၊ လွှတ်… လွှတ်… သူများ အားမကိုးဘူး၊ ကိုယ်ဟာ ကိုယ် လက်လှမ်းမီရာပဲ ရိုက်မယ်၊ လွှတ်ပါဆို"

ဖွတ်ပြန်လုနေသဖြင့် သျှန်က ကင်မရာကို လွှတ်ပေးလိုက်ပြီး စီးစီး ဟိုဘက်လှည့်မသွားအောင် ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"သိပြီးပြီ မဟုတ်လား"

အရင်းအဖျားမရှိ မေးသည်။

ဒါပေမယ့် စီးစီးက သိသည်။

သိပေမယ့် အူကြောင်ကြောင်လုပ်ပစ်၍…

"ဘာသိရမှာလဲ"

"မင်းနဲ့ကိုယ် လက်ထပ်ဖို့"

စီးစီးက မျက်နှာလေးကို တည်ပစ်လိုက်ပြီး…

"သိတယ်၊ သိလို့ လောင်းထားတဲ့ကိစ္စကို ဖျက်ပစ်တာ ခင်ဗျား လူလည်ကျတာပဲ"





"မဆိုင်ဘူးလေ၊ အဲဒီတုန်းက "ခင်ဗျားယူမယ့် မိန်းမက စီးစီး မဖြစ်စေနဲ့လို့" မင်း ပြောခဲ့သလား၊ မိန်းမတစ်ယောက်ယောက်ဆိုတဲ့အထဲမှာ မင်းပါလို့ရတာပဲ"

"ခင်ဗျား စကားကို ကပ်မပြောနဲ့နော်၊ သိသိကြီးနဲ့ ညာဏ်များတာ"

"မဆိုင်ဘူး၊ မင်း ကတိတည်တယ်လို့ ပြောပြီးသား၊ ကိုယ့်စကားတစ်ခွန်းကို အလကားမဖြစ်အောင် ထိန်းရမှာပဲ၊ နှစ်လအတွင်း မင်းကို ကိုယ် လက်ထပ်နိုင်ရင် ဒါတွေအားလုံး မဝတ်ရဘူး"

စီးစီး ဝတ်ထားတာကို မေးဆတ်ပြ၍ ပြောတော့ စီးစီးက သူကိုင်ထားသည့် လက်တွေကို ဖယ်ချသည်။

သျှန်က လွှတ်မပေး။

"မရဘူး… ဝတ်ရမှာပဲ၊ စီးစီး ဒီပုံစံနေတာ၊ ဝတ်တာကြိုက်ရင် ခင်ဗျား မယူနဲ့ပေါ့၊ အစကတည်းက ပြောပြီးသား"

"အိမ်ထောင်ပြုတာက လောလောဆယ် ကိုယ့်သဘောနဲ့မဆိုင်ဘူးလေ၊ မေမေတို့က လက်ထပ်ပေးမှာပဲ၊ မင်းရော ကိုယ်ရော ငြင်းလို့မှမရနိုင်တဲ့ဟာ"

စီးစီးက ဆတ်ခနဲ မေးဖျားလေးပင့်၍…

"မေမေတို့သဘောကြောင့်ဆိုရင် စီးစီး ဘာဝတ်ဝတ်

အန်တီတို့ ဘာမှမတားဆီးခဲ့ဘူး၊ ခင်ဗျား နေသာသလိုနေ"

"အဲဒါကျ ဘယ်ရမလဲ၊ မင်းက ကိုယ်နဲ့ပေါင်းရမှာ၊ အရှမ်းနှငယ်နေရင် ပြောစရာကြီးဖြစ်တာပေါ့"

"ဒါဆိုလည်း ခင်ဗျားလို ဆရာဝန်မ ခပ်ရင့်ရင့်တစ်ယောက်ကို ရှာယူပေါ့၊ ဘာဖြစ်လို့ စီးစီးကို အသက်ငယ်မွန်းသိသားနဲ့ ယူသလဲ"

"ပထမနှစ်တက်နေတဲ့ မိန်းကလေးတစ်ယောက်ဟာ ရှိသင့်တဲ့ ရင့်ကျက်မှုတွေ ရှိနေပါပြီ၊ မင်းက ဘယ်သူနဲ့မှ မတူဘူး၊ အရှမ်းလှပြီး နုဖတ်နေတယ်၊ အဲဒါ ကိုယ် မကြိုက်ဘူး"

"မကြိုက် မယူနဲ့ပေါ့"

"ဟား··· စွာလိုက်တာကွာ"

"စွာတော့ ဘာဖြစ်လဲ၊ ခင်ဗျား သူများ အခွင့်အရေးကို သက်သက်ပိတ်ပင်တာ"

"ကိုယ်ပြောသင့်တာကို ပြောတာပဲ၊ အိမ်ထောင်သည်ဖြစ်မှ ဒီလိုနေစရာလား"

"အဲဒါ စီးစီးဘာသာ ဆင်ခြင်သင့်ရင် ဆင်ခြင်မယ်၊ အမိန့်လာမပေးနဲ့"

"မင်းကရော နောက်မှ လုပ်ချင်ရာလုပ်ပေါ့၊ အခု "ဟုတ်ကဲ့"လို့ ငြိမ်နေလိုက်ရင် မပြီးဘူးလား"





"မငြိမ်နိုင်ပါဘူး၊ လွတ်လပ်သလို ဝတ်မိ နေမိတဲ့အခါရှိမှာပေါ့၊ ဒါကို ကတိပေးစရာလား"

ဆတ်ဆတ်ထိမခံ ရန်တွေ့နေသော စီးစီးကို သူ ဒေါသလည်း ဖြစ်၊ အသည်းလည်း ယားလာသည်။

"မင်း ဒီလောက်စွာနေရင်တော့ ပညာပေးမှ ဖြစ်တော့မယ်"

သျှန်က စီးစီးကိုယ်လုံးလေးကို လက်တစ်ဖက်နဲ့ ခါးကနေဖက်၍ ဆွဲမလိုက်သည်။ စီးစီး ခြေဖျားလေး ထောက်ကြွသွား၏။

"ဦး··· ဦးသျှန်နော်၊ အဲလိုမလုပ်နဲ့၊ ဟင့်အင်း···"

စီးစီး စကားသံလေးတွေ တိတ်ကျသွားသည်။

ရင်ခွင်ရိုင်းမှ နှလုံးသားလေး ဆတ်ဆတ်ခါလျက် ပထမဆုံး ထိတွေ့ခဲ့သော အနမ်းရိုင်းများကြောင့် သတိလစ်တော့မတတ် အေးစက်ကျင်ခဲလျက်···

□ □ □

"ဘယ်လိုပြောလိုက်တာလဲ မြတ်၊ သမီးတစ်ယောက်နဲ့ သျှန်ကို လက်ထပ်ပေးဖို့ ကိုကြီးက မိတ်ဆွေအသိုင်းအဝိုင်းထဲမှာ ကြေညာခဲ့မိလို့ အခု အရှက်ဗျန်းဗျန်းကွဲခဲ့ရပြီးပြီ၊ ဒါကို ညည်းက ကိုကိုကြီးတို့ကို ကြိုက်တဲ့လုပ်ငန်းတစ်ခုယူပြီး အိမ်ကခွဲစေချင်တယ်ဆိုတာ ရက်စက်လွန်းရာ မကျဘူးလား"

ဦးနေ မျက်နှာက နီရဲမာထန်နေသည်။

ဒေါ်မြတ်က အေးဆေးစွာပဲ ကြည့်၍…

"ဒါကိုပဲ မြတ်က ဆိုလိုချင်တာပါ၊ အခု ခင်ခင့်သမီးနဲ့ သားကို လက်ထပ်ပေးတော့မယ်ဆိုတော့ အိမ်ထဲမှာ ကိုကြီးနဲ့ မြတ်တို့မောင်နှမ အဆင်မပြေတာတွေ ရှိလာခဲ့ပြီ၊ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာပျက်ရ စကားများရ ဖြစ်နေပြီ၊ ကိုကြီးကို မြတ် တကယ်အားနာတယ်"

"နေပါဦး မြတ်၊ ကိုကြီး မသိလို့ မေးပါရစေ၊ ခင်ခင်တို့ သားအမိ ဒီအိမ်က 'ထွက်သွားကတည်းက စုပ်စုမြုပ်စပျောက်





သွားခဲ့တာ ညည်းတို့နဲ့ ဘယ်လိုဆုံစည်းပြီး သားကိစ္စ သမီးကိစ္စတွေ ပါလာရတာလဲ၊ ပြီးတော့ ဟိုက အဖေမဖော်နိုင်ဘဲ မွေးထားတဲ့ မိန်းကလေး၊ အခြေမရှိ အနေမရှိ လူဆင်းရဲ၊ ကိုကြီးသမီးတွေက မိနဲ့ဖနဲ့ ဂုဏ်အရှိန်အဝါနဲ့ပါ"

"စီးစီးမှာ အဖေရော အမေရော ရှိပါတယ်၊ အခု ဆင်းရဲပေမယ့် သားနဲ့ လက်ထပ်ပြီးတဲ့အခါ 'မိုးနှင်းစက်'ရဲ့ အရှင်သခင်ဖြစ်လာပြီပေါ့"

ဦးနေ မျက်နှာ မည်းခနဲဖြစ်သွားသည်။

ဒေါ်ချိုမီသိမ်းက အံတစ်ချက်ကြိတ်၍…

"ဘာပဲဖြစ်ဖြစ် ဘဝရဲ့ အမည်းစက်ကို ဖျောက်လို့မရပါဘူး၊ သူ့အဖေ ဘယ်သူပါလို့ မြတ်တို့ ကြေညာရဲသလား"

"သိပ်ကြေညာရဲတာပေါ့ မသိမ်းရဲ့၊ သူ့အဖေက သူ့သမီးအတွက် မားမားမတ်မတ် ရပ်တည်ပေးဖို့ ပြောထားပြီးပြီ၊ တင်မမကိုယ်တိုင်လည်း ဒါကို သဘောတူလိုက်တယ်၊ သူတို့မှာလည်း သမီးပျိုလေး ရှိနေတယ်လေ၊ ညီအစ်မချင်းလည်း ချစ်ချစ်ခင်ခင် ဖြစ်သွားရအောင် တွေ့ဆုံပေးဖို့ အားလုံးစီစဉ်ပြီးသား"

"ဩော်… ဩော်… ဒီလိုလား၊ ခြေလှမ်းသွက်လှချည်လား မြတ်၊ ဒါတွေ စီစဉ်နေသားနဲ့ သမီးတွေနဲ့ စီစဉ်ဖို့ကိစ္စကို ဘာလို့ သဘောတူထားခဲ့တာလဲ"

"ဟင်… ဖူးတို့ ဘယ်မှာ ခေါင်းညိတ်ခဲ့လို့လဲ၊ မမရော ဖူးရော ဒီကိစ္စမှာ ဘာတစ်ခုမှ ချိုသည် ခါးသည် မပြောခဲ့သေးဘူး၊ ပြောဖို့မလိုလို့ မပြောခဲ့တာပဲရှိတယ်"

ဦးနေ နာကြည်းစွာ မဲ့သည်။

"ဒါပေါ့လေ… ကိုကြီးက မိသားစုအတွက် အပြင်မှာ အားကြိုးမာန်တက် ရှာဖွေနေတဲ့အချိန်မှာ ညည်းတို့က နောက်ကျောကနေ ဓားနဲ့ထိုးဖို့ ကြံနေကြတာကိုး"

ဒေါ်ချိုမီသိမ်းက စားပွဲပေါ်က ဖိတ်စာအထပ်လိုက်ကြီးကို အေးစက်သောမျက်လုံးများနဲ့ ကြည့်သည်။

"ထားလိုက်ကြပါတော့၊ ခုချိန်မှာ မြတ်တို့က စင်ပေါ်ကလူပဲ၊ အခု တို့တွေကို အိမ်ခွဲခိုင်းတဲ့ကိစ္စက တမင်မထားချင်လို့ မဖြစ်မနေ နှင်ချတာလား၊ မျက်နှာပူ အားနာတာသက်သက်လား"

ဒေါ်ဖူးနဲ့ ဒေါ်မြတ်တို့ ဘယ်လိုအကောင်းဆုံးဖြေရမှန်း မသိဖြစ်ဆဲ…

"တို့ကတော့ ခွဲမထွက်နိုင်သေးဘူး မြတ်၊ မွေးစားသားမို့ ခွေးပြေးဝက်ပြေး ဆင်းပေးရတာမျိုးတော့ အဖြစ်မခံနိုင်ဘူး၊ အခြေအနေနဲ့ ဟန်ဟန်ပန်ပန်ဆင်းနိုင်ဖို့ တို့ ကြိုးစားရဦးမယ်"

ဒေါ်ချိုမီသိမ်းက ခပ်တင်းတင်း ပြောသည်။

ဒီတော့လည်း လောလောဆယ်တော့ ဘာမှ ဆက်မပြောနိုင်တော့ပါ။





ဒေါ်မြတ် စိတ်လေးနေမိတာ တစ်ခုပဲရှိသည်။

သားနဲ့ စီးစီးရဲ့ အိမ်ထောင်ရေးကို တစ်စုံတစ်ရာသော နှောင့်ယှက်ခြင်းမျိုးနှင့် ဝင်ပါလာမှာကို ဖြစ်သည်။

လရိုဲတို့ညီအစ်မနဲ့ အိမ်ထောင်ချပေးဖို့ ကိစ္စအတွက် သူတို့ ဘယ်လောက်ထိ မျှော်လင့်ထားကြမှန်း ဒေါ်မြတ် သိသည်။

ထို့ကြောင့် ယခု မင်္ဂလာကိစ္စနဲ့ ပတ်သက်၍ သူတို့ ရင်ထဲက မကျေနပ်မှုထုထည်ကို ခန့်မှန်းနေမိသည်။

မွေးစားသားဆိုပေမယ့် စိတ်ဓာတ်ရင်းခံ မကောင်းတာကို ရှေးမဆွကတည်းက အကဲခတ်မိခဲ့သော မိဘများရှိစဉ်ကတည်းက သတိပေးထားမြစ်မှုများကြောင့် ဒီအစ်ကိုနှစ်ယောက်အပေါ် သူမတို့ သံယောဇဉ်လည်း အတော်နည်းခဲ့ပြီ ဖြစ်သည်။

သူတို့ဘက်က သူတို့ ကောင်းစားဖို့သာ ကြိုးစားကြံစည်နေကြတာက အထင်းသား ပေါ်လွင်နေသည်။

"တော်ပါသေးရဲ့၊ အမွေစား အမွေခံ မွေးခဲ့တာ မဟုတ်လို့၊ ဒါပေမယ့် သူတို့က အရေးဆိုလာနိုင်တယ်"

မေမေက ထိုသို့ ကြိုတင်သိမြင်ကာ မြတ်တို့ညီအစ်မ အရွယ်ရောက်လာတော့ အစ်မဝမ်းကွဲအိမ်ကို ပို့ထားခဲ့သည်။

ကျောင်းနဲ့ပိုနီးအောင်လို့ဟု အကြောင်းပြသည်။

တကယ်က…

"အိုးချင်းထားလို့ အိုးချင်းထိ၊ ကြိုးချင်းထားလို့ ကြိုးချင်းငြိတဲ့ကွယ်၊ သမီးကလေးတွေက အပျိုဖျန်းကလေးတွေ၊ ကောင်လေးတွေက မောင်နှမမဟုတ်မှန်း သိပြီးသား၊ သွေးကွဲကုန်ကြရင် နီးစပ်သွားကြမှာစိုးတယ်၊ ကိုယ်ချစ်လို့ မွေးစားခဲ့တာ မှန်ပေမယ့် သူတို့စိတ်ခတ်လေးတွေကို တို့ မကြိုက်ဘူး၊ တို့သမီးကလေးတွေနဲ့လည်း ငြိစွန်းမခံနိုင်ဘူး"

ဟုဆိုကာ မြတ်တို့ကို ခွဲထားခဲ့တာ ဦးနေဟန်ကြည်တို့ အိမ်ထောင်တွေကျကုန်တော့မှ ပြန်ခေါ်ခဲ့သည်။

ဒါကြောင့် ဒေါ်မြတ်တို့ ရင်ထဲမှာ မောင်နှမဆိုသည့် သံယောဇဉ်ကတော့ မရှိသလောက် နည်းပါးခဲ့ပြီဖြစ်သည်။

ဒါပေမယ့် စိတ်ရှိသလောက် ပြတ်သားဖို့ဆိုတာက မလွယ်။

ပြောရဆိုရ ခက်နေတာတွေ ရှိသည်။

လုပ်ဖို့ကိုင်ဖို့ မသင့်တော်တာလေးတွေ ရှိနေသေးသည်။

ခုလည်း သည်းခံနေရဦးမည်သာ။

ရှိစေတော့။

❑ ❑ ❑



မင်္ဂလာပွဲက ခြိမ့်ခြိမ့်သဲ ပြီးဆုံးသွားသည်။

ကျောင်းက သူငယ်ချင်းတွေ ရောက်လာကာ စကြနောက်ကြတော့ သူတို့ရဲ့ လွတ်လပ်မှုလေးတွေကို အားကျမိသည်။

ကိုယ့်အဖြစ်ကတော့ နောက်နေ့များစွာထဲမှာ မလွတ်လပ်သော အိမ်ထောင်သည်ဘဝနှင့် ဖြတ်သန်းရတော့မည်။

သူတို့ကတော့ "နင် ယောကျ်ားရတာ သိပ်ကံကောင်းတာပဲ"တဲ့။ ဘာများဟုတ်လို့လဲ။

လက်မထပ်ခင်ကတည်းက စကာတ်မဝတ်ရ၊ ဘောင်းဘီတိုမဝတ်ရနဲ့ ချုပ်ချယ်ချင်တဲ့သူ။

ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် စီးစီးဟာ သူ့လက်ထဲမှာ စိတ်မချမ်းမြေ့စွာ ပေးဆပ်ရတော့မှာ ဖြစ်လေသည်။

"ဟဲ့…ဘာငိုင်နေတာလဲ သမီး၊ လူကြီးတွေကို ကန်တော့လေ"

“ဟင်… ဟုတ်”

ဒေါ်မြတ်တို့ ညီအစ်မက ပြုံးနေသည်။

စီးစီး ကန်တော့တော့ ဆုတွေတစ်သီကြီး ပေးကြ၏။

အနားမှာ ယှဉ်တွဲရှိနေသည့် သူ့ကို စီးစီး စောင်း၍ပင် မကြည့်မိပါ။

“သားနဲ့ သမီးတို့ ချစ်ချစ်ခင်ခင် ရာသက်ပန်ပေါင်းသင်းကြရပါစေကွယ်”

နောက်ဆုံး ထိုဆုနဲ့ အဆုံးသတ်တော့…

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေ မေမေ”

“ဟုတ်ကဲ့… အဲဒီအတိုင်းပါပဲ”

“အို… သမီး”

ဒေါ်ခင်ခင်ထက် မျက်နှာပျက်ပျက်နှင့် ဝင်တားသည်။

“ရပါတယ် ခင်ခင်ရယ်၊ တို့က နားလည်နေတဲ့ဟာကို”

စီးစီး မျက်လုံးလေးတွေထဲမှာ မာန်မာနတွေ၊ နာကျင်ဒေါသတွေ ရှိမနေပါ။ လူကြီးများအပေါ် လေးစားကြည်ညို မပျက်ဘဲ အိမ်ထောင်ပြုလိုက်ရသည့်အပေါ် မကျေနပ်စိတ်လေး ဝင်နေလျက် တစ်ခါတစ်ခါ သျှန်ကို ခပ်စူးစူးလေး ပြန်ကြည့်တတ်တာလည်း သတိထားမိသည်။





ဒီအတွက် ဒေါ်မြတ်တို့ ခွင့်လွှတ်နေမိသည်။

လွတ်လပ်စွာနေလာခဲ့တဲ့ ဖြူစင်သူလေး မဟုတ်လား။

“သမီးနော်… သမီး ကလေးမဟုတ်ဘူး၊ အပြောအဆို အနေအထိုင် ဆင်ခြင်ရတော့မယ်”

“ဟို… စီးစီးမှ မပြောတတ်တာကို”

ပြောလိုက်မိရင်း လူကြီးတွေရှေ့မှာမို့ မျက်လုံးက သျှန် မျက်နှာဆီသို့ မရောက်ဖြစ်ပေမယ့် ပေါင်ပေါ်တင်ထားသည့် သူ့လက်တွေကိုတော့ မျက်စောင်းထိုးလိုက်မိပါသေးသည်။

လူလည်ကြီး…

ဒေါ်ခင်ခင်ထက်က သမီးမျက်နှာပေါ်က ကောက်ကြောင်းကို စူးစိုက်ကြည့်လျက်…

“အခု သမီးရှေ့မှာ ရှိနေကြတဲ့လူတွေဟာ တခြားသူစိမ်းတွေ မဟုတ်ဘူး သမီး၊ ဒါ သမီးရဲ့ မိဘတွေပဲ၊ ယောက္ခမတော် ရမှာမို့လို့ မိဘလို့ ပြောနေတာ မဟုတ်ဘူးနော်၊ သမီးကို မေမေ မွေးထုတ်လိုက်ကတည်းက တယုတယချီပိုးပြီး ပြုစုစောင့်ရှောက်ခဲ့ကြတဲ့ မိဘတွေ၊ ဒီနေ့ထိ သမီးကို မေမေက မွေးခဲ့ပေမယ့် သူတို့က ကျွေးခဲ့တာ၊ ဒီမေတ္တာတွေကို သမီး ပေါ့ပေါ့လေး တုံ့ပြန်လို့ မရဘူး၊ တလွဲအတွေးတွေနဲ့ စော်ကားမိရင် ငရဲကြီးမှာပဲ”

"စီးစီး နားလည်ပါတယ် မေမေ၊" အန်တီမြတ်တို့ကို စီးစီး ချစ်ပါတယ်"

ဒါကိုတော့ လှိုက်လှိုက်လှဲလှဲ ပြောမိတာ ဖြစ်သည်။

မကျေနပ်သည်က ဟိုပုဂ္ဂိုလ်ကို။

မသိနားမလည်စွာ မှားခဲ့မိသည့် ကိုယ့်စကားတစ်ခွန်းကို ချည်တုပ်၍ ချက်ချင်းလက်ထပ်ဖို့ ကြိုးစားတဲ့လူ။

သူ့ကြောင့်...။ စီးစီးကလည်း ပညာပြဖို့ စဉ်းစားထားပါသည်။

လူကြီးတွေ ကန်တော့ပြီးလို့ အခန်းထဲရောက်လာတော့ သူက မိတ်ဆွေဆိုသည့် ယောကျ်ားတချို့နဲ့ အပြင်ထွက်သွားသည်။

အဝတ်တွေ ကမျာကယာလဲ၍ အိပ်ရာထဲ လှဲဝင်လိုက်သည်။

နှစ်ယောက်အိပ်မွေ့ရာ ပန်းနုရောင်လွှလွှမှာ အဆင်သင့် တင်ပေးထားသည့် ညဝတ်အင်္ကျီအဖြူနုနုလေးကို မဝတ်ဘဲ ယောကျ်ားဝတ် ရှပ်အင်္ကျီကြီးနဲ့ ဂျင်းရှော့ပင်လေးကို တွဲဝတ်လိုက်တာ ဖြစ်၏။

ဝတ်မည်။ ဝတ်နေကျအတိုင်းပဲ ဝတ်မည်။

လူကြီးတွေက တားဆီးလာတာမျိုး မဟုတ်ဘဲ သူ ပြော



ဆိုပိတ်ပင်တာလောက်ကို ဂရုမစိုက်ဖို့ ဆုံးဖြတ်ထား၏။

အသင့်ဆောင်ထားပြီးသည့် ကြက်သွန်နီနှစ်လုံးကို ချိုင်းကြားတစ်ဖက်စီမှာ သေချာဖိညှပ်၍ ကွေးကွေးလေး စောင်ခြုံနေလိုက်သည်။

ကြက်သွန်နီ ချိုင်းကြားညှပ်လျှင် တကယ် ကိုယ်ပူတာ လက်တွေ့။ မေမေ့အပေါ် စီးစီး ဒီလိုလုပ်၍ မကြာခဏ ဗိုလ်ကျခဲ့ဖူးပြီ။ ပူစမ်း ကိုယ်တွေ ခြစ်ခြစ်တောက်။

သျှန် အခန်းထဲရောက်တော့ မွေ့ရာထက်က စောင်ခြုံလေးထဲမှာ ကွေးကွေးလေး အိပ်ပျော်နေပြီဖြစ်သည့် စီးစီးကို တစ်ချက်ကြည့်၍ အဝတ်အစားလဲသည်။

ပြီးတော့မှ မွေ့ရာဘေးမှာ တင်ပါးလွှဲထိုင်၍ မေးဖျားအထိ ဆွဲခြုံထားသည့် စောင်ကို အသာဆွဲလှန်လိုက်စဉ် လက်က စီးစီး ပါးလေးနဲ့ ထိမိသွား၏။

"ဟင်... ချာတိတ်၊ ဟိတ်... ကိုယ်တွေပူနေပါလား"

ချက်ချင်း စိုးရိမ်စိတ်ဖြစ်သွားမိကာ စောင်ကို ဆွဲခွာလိုက်၏။

စီးစီးလည်း အိပ်ပျော်နေရာမှ နိုးသွားသည်။

မျက်နှာလေးမှာ အထိတ်တလန့်ဖြစ်သွားကာ ချိုင်းကြားထဲက ပစ္စည်းကို ခုမှ သတိရသွား၏။

သူ ပြန်မရောက်မီ ထုတ်ထားဖို့ဟာ ဘယ်လိုဘယ်ပုံ အိပ်ပျော်သွားခဲ့မှန်း မသိလိုက်။

စီးစီး စောင်ကို အတင်းပြန်ဆွဲထားကာ ကြက်သွန်ဥကို စောင်ခြုံထဲကနေ လိုက်စမ်းနေမိသည်။

"စောင်ကြီးက ဖယ်စမ်းပါကွ၊ မင်း ကိုယ်တွေပူနေတာ စမ်းသပ်ရအောင်"

"အို… မစမ်းပါနဲ့"

သူက စောင်ကိုဆွဲ၊ စီးစီးက အတင်းဖိထား။

အရေးထဲ ကြက်သွန်ဥက ဘယ်ကိုထွက်ကျသွားမှန်း မသိပေ။

အဲဒါ ပြဿနာ။

တစ်လုံးက ပျောက်နေသည်။ တစ်လုံးကို ဘယ်မှာ အစဖျောက်ရမှန်း မသိ။

သျှန်ကလည်း စိတ်မရှည်ဖြစ်ကာ စောင်ကို ဖွတ်ပဲ ဆွဲလှန်ပစ်လိုက်၏။ ပြီးတော့ စီးစီး လက်ကောက်ဝတ်လေးကို ဆွဲ၍ သွေးတိုးစမ်းသည်။

"ကိုယ်တွေပူနေတာ အဖျားသွေးက မရှိပါလား"

စီးစီး ထိတ်ခနဲဖြစ်သွားသည်။

"ဖယ်စမ်းပါ၊ ဒီမှာ သူများ နေမကောင်းလို့ ခေါင်းတွေ





ကိုက်နေတဲ့ဟာ အဖျားသွေးမရှိဘူး ပြောနေသေးတယ်၊ သွား… အိပ်တော့မယ်"

"အိပ်လို့ ဘယ်ရမလဲ၊ ဆေးသောက်ရဦးမယ်"

"မသောက်ချင်ဘူး၊ စီးစီး ဒီလိုပဲ ခဏခဏ ကိုယ်ပူတတ်တယ်၊ မနက် အိပ်ရာထရင် ပျောက်ရော"

"ကြံကြံဖန်ဖန်ကွာ… ဖျားနေတာပဲ၊ အိပ်တာနဲ့ ပျောက်ရတယ်လို့"

"အဲဒါ ခဏထားစမ်းပါ၊ စီးစီး ဗိုက်ဆာလို့ မုန့်တစ်ခု လောက် ယူပေးပါလားဟင်"

အစာစားပြီးမှ ဆေးသောက်သင့်သည်မို့ သျှန်က ခေါင်း ညိတ်၍ နေရာမှထသည်။

သူ ထွက်သွားသည်နှင့် စီးစီး စောင်ကိုဖယ်၍ ကြက်သွန် ဥကို အသည်းအသန်ရှာသည်။

ချိုင်းထဲက တစ်လုံးကိုထုတ်၍ မွေ့ရာခင်းအောက်မှာ ဝှက်လိုက်ပြီး ပျောက်နေသည့် တစ်လုံးကတော့ ရှာမတွေ့ပေ။

စောင်ထူထူကြီးကို စိတ်တိုလာကာ ဆတ်ခနဲ ဆွဲမလိုက် တော့မှ ထွက်ကျလာပါတော့သည်။

သို့သော် ကျေးဇူးရှင်က မွေ့ရာအောက်သို့ ခုန်ချပြေးဆင်း သွားရာ…

"အယ်… အဲ…"

တဒေါက်ဒေါက် လိမ့်ဆင်းသွားရာ တံခါးဝနားကျမှ ရပ်တော်မူ၏။

စီးစီး မျက်လုံးပြူးနေမိဆဲ တံခါးက ပွင့်သွားသည်။

မုန့်ပုံးပိုက်၍ အခန်းထဲဝင်လာသည့် သျှန်က ခြေထောက်ရှေ့ထိ လိမ့်ဆင်းလာသည့် ကြက်သွန်ကို ငုံ့ကြည့်၍ ဖျတ်ခနဲ မော့၏။

စီးစီးက မျက်လုံးလေးပိုင်းနေ၏။

သို့သော် ချက်ချင်း မျက်နှာလွှဲပစ်ကာ အိပ်ရာထဲ ပြန်လှဲလိုက်၏။

"ဟိတ်… ဘာလုပ်နေတာလဲ၊ မုန့်စားမလို့ဆို"

"မစားတော့ဘူး၊ ခေါင်းတွေ တအားကိုက်နေလို့ အိပ်တော့မယ်"

"အိပ်လို့ ဘယ်ရမလဲ၊ ကိုယ်တွေပူနေတယ်၊ ခေါင်းကိုက်တယ်၊ ဆေးထိုးမှ ပျောက်မှာပေါ့"

"မလိုဘူးလို့ ပြောနေတာပဲ၊ ကိုယ့်ကိုယ်ကို သိတယ်"

"ကိုယ့်ကိုယ်ကို သိပေမယ့် ကိုယ့်ရောဂါကိုယ် မကုတတ်ကြလို့ ဆရာဝန်ဆိုတာ ဖြစ်လာတာပေါ့၊ စကားမများနဲ့ကွာ ထ… ဆေးထိုးမယ်"





စီးစီး စိတ်ပေါက်ပေါက်နှင့် ဆတ်ခနဲ ထထိုင်လိုက်သည်။

ကိုယ် ဉာဏ်များခဲ့တဲ့အထဲမှာ ဆေးထိုးဖို့မပါပေ။

ကိုယ်ပူတာ အကြောင်းပြကာ သူနဲ့ ဝေးဝေးနေဖို့ပဲ ဖြစ်သည်။

သျှန်က ဆေးထိုးဖို့ ပြင်နေပြီ။

ကြက်သွန်ဥကို သူ မြင်ရဲ့သားနဲ့ ဒါကို အသုံးချထားမှန်း မသိတာလား။ သိလို့ တမင်ရွဲ့နေတာလား။

မျက်နှာကို မသိမသာလေး လှမ်းကြည့်တော့ သျှန်မျက်နှာက အပြုံးအရယ်မရှိဘဲ တည်တည်တံ့တံ့ပဲ ဖြစ်နေသဖြင့် စီးစီး ထိတ်လန့်သွားသည်။

တစ်ခါသုံးအပ်ဘူးကို ဖွင့်၍ ဆွဲထုတ်လိုက်တော့ ပြောင်လက်ချွန်မြနေသည့် ဆေးထိုးအပ်ကြီးက နည်းတဲ့အရှည်ကြီး မဟုတ်။

ငယ်ငယ်ကတည်းက ဆေးထိုးရမှာကို သေမလောက် ကြောက်သော အကျင့်က ချက်ချင်းချွေးပြန်လာ၏။

ဘာလုပ်ရမလဲ။

ဆေးထိုးပိုက်ထဲမှာ ဆေးစုပ်ထားပြီးမှ သူက စီးစီးဘက် လှည့်ကြည့်၏။

အပ်ကို ပြူးပြူးပြဲပြဲကြည့်နေသည့် စီးစီး တွန့်ခဲ့ဖြစ်

သွားသည်။

"ကဲ… လှဲအိပ်လေ"

"အို… မထိုးဘူး၊ ဦးသျှန်နော်… ခင်ဗျားကိုယ်ခင်ဗျား

ဆရာဝန်ဆိုပြီး ဆေးထိုးအပ်တကိုင်ကိုင်နဲ့ သိပ်အစွမ်းပြချင်မနေနဲ့

မထိုးဘူးဆို မထိုးဘူး"

"မထိုးလို့ မရဘူး၊ အချိန်မရှိတော့ဘူး၊ ဆယ့်တစ်နာရီ

ထိုးတော့မယ်၊ ဆူညံဆူညံမလုပ်နဲ့ကွာ၊ အိပ်လိုက်"

"မအိပ်ဘူး၊ မထိုးဘူး"

စီးစီး ခေါင်းအုံးလေးပိုက်လျက်သားနှင့် မွေ့ရာပေါ်ထ

ဆင်းပြေးသည်။

ပြီးတော့ တစ်ဖက်ကနေ ခြေခါလက်ခါနှင့် ဒေါသတွေ

ထွက်လျက်…

"ဦးသျှန် ခင်ဗျား သက်သက်လုပ်တာ၊ စီးစီး သိတယ်

သိလား၊ အပ်ကြီးပြန်ချလိုက်နော်၊ လုံးဝမထိုးဘူး"

"မင်း ကိုယ်တွေပူနေတယ်လေ၊ ဖျားနေလို့ ဆေးထိုးမယ်

ဟာ၊ သက်သက်လုပ်လို့ရသလား၊ မင်း ကလေးမဟုတ် ဘာ

မဟုတ်နဲ့၊ ပြောမရရင် မရရအောင် ဖမ်းချုပ်ပြီး ထိုးရမှာပဲ"

"ဟင်…"





စီးစီး ရှိနေသည့် ခုတင်ရဲ့ တစ်ဖက်ကို သူက ထွက်လာ

သည်။

စီးစီးက အနားရောက်မခံဘဲ ခုတင်ကို ပတ်ပြေးရင်း…

"ဦးသျှန် သူများ ဆေးမထိုးဘူးလို့ ပြောနေတယ်နော်"

"သမီးရေ…"

"အယ်… ရှ… ရှန်…"

"ဘာဖြစ်နေကြတာလဲ၊ အထဲမှာ ဆူညံနေတာပဲ"

စီးစီး ဘာဖြေရမှန်းမသိဘဲ လှည့်ကြည့်တော့ သျှန်က

လှစ်ခဲ့ပြုး၍ တစ်ဖက်လှည့်ပစ်လိုက်တာ မြင်လိုက်ရ၏။

စီးစီး သိသွားသည်။

သူ သက်သက် သိရဲ့သားနဲ့ တမင်ရွဲ့တာပဲ။

"သမီး"

"အာ… ဘာမှမဖြစ်ဘူး မေမေ၊ ကြွက်… ကြွက်

ဝင်လာလို့ လိုက်ရိုက်နေတာ"

မေမေ့ထံမှ ဘာတုံ့ပြန်သံမှ မကြားရတော့ဘဲ ပျောက်

ကွယ်သွားမှ သူ့ဆီကို ခေါင်းအုံးနဲ့ တအားသွဲပေါက်ပစ်လိုက်

သည်။

"သွား… တအားမုန်းစရာကောင်းတဲ့လူကြီး"

သူက ခေါင်းအုံးကို ဖမ်းထားလိုက်ပြီး…

"မင်္ဂလာဦးညမှာ မုန်းတဲ့စကား မပြောရဘူးကွ၊ ကြဲဖန်ပြီးတော့လည်း မဖျားကောင်းဘူး"

"ဟုတ်တယ်၊ ဖျားနေတယ်၊ အဲဒါ ခင်ဗျား နားလည်ရင် ဝေးဝေးနေ"

သူ သိနေမှတော့ ဆေးထိုးဖို့လည်း မလိုတော့ပေ။

စီးစီးက မွေ့ရာပေါ် လှားခနဲပြေးတက်ကာ စောင်ခေါင်းမြီးခြုံပစ်လိုက်သည်။

သျှန်က ဒီဘက်ပြန်လှော့က်လာရင်း ဆေးအပ်ကို ချထားလိုက်၏။

ကြက်သွန်ဥမြင်ကတည်းက စီးစီး ဘာကြောင့် ညဖက်များနေသလဲဆိုတာ သူသိသည်။

ဒါကြောင့် ဆေးထည့်ကာ မဟုတ်ဘဲ တမင်ဟန်ပြခြောက်လှန့်ခဲ့တာ ဖြစ်သည်။

တကယ့်ကလေးဆိုးလေးလိုပါပဲလား။

သူ နှစ်ခြိုက်စွာပြုံး၍ မီးမှိတ်ပစ်လိုက်သည်။

ပြာလဲ့လဲ့ မီးပွင့်လေးရဲ့ အလင်းရောင်က ရှက်တရက်လင်းနေသည် မထင်ရဘဲ အတော်လေးကြာမှ ထင်ရှားပီပြင်လာသည်။





ဖက်အုံးကို ရင်ခွင်ထဲဆွဲဖက်ကာ သူ အသာလှဲအိပ်လိုက်၏။

စီးစီးက တုတ်တုတ်မျှ မလှုပ်ပေ။

အတော်ကြီးကြာမှ သူ သတိရကာ စားပွဲစွန်းနားမှာရှိသည့် မင်္ဂလာဆောင်က ကမ်းသည့် မင်္ဂလာပါ ကော်ပြားလေးပါသည့် ဖဲပြားကြိုးတန်းလန်းလေးကို လှမ်းယူလိုက်သည်။

ထို့နောက် စီးစီး လည်ပင်းနားလောက်ကို ပစ်တင်ကာ တမန်းကတန်း ထထိုင်လိုက်ပြီး…

"ဟင်… စောင်ပေါ်မှာ ကင်း၊ ကင်းခြေများကြီးကွ"

"အမလေး…"

စောင်ဖွင့်ကာ စီးစီး ဝုန်းခနဲ ထထိုင်လေသည်။

"ဟိုမှာ ဟိုမှာ စောင်အောက်ဝင်တော့မယ်"

"အား…"

စီးစီး လူးလိမ့်ဆုတ်ရှောင်ရင်း သူ့ရင်ခွင်ထဲ ရောက်လာ၏။

"ဘယ်မှာလဲ၊ ဘယ်ရောက်သွားပြီလဲ"

စီးစီး အသံလေးတုန်နေရှာတော့ သူ သနားသွားကာ တယုတယ ထွေးပွေ့ထားလိုက်သည်။

"ကင်းခြေများက ပြန်သွားပြီ ချာတိတ်ရဲ့"

"ဟင်…"

စီးစီး အလိမ်ခံရပြီမှန်း သိလိုက်၏။

သို့သော် နောက်ကျသွားပြီ ဖြစ်၏။

ဉာဏ်များ၍ လူလည်ကျတတ်သော ကိုယ်ကနိုင်မည် ထင်ရလျက် သူကချည်း အနိုင်ယူသွားတတ်သော စည်းစိမ်သျှန် ဆိုသော ယောက်ျားကို စိတ်တို ဒေါသဖြစ်ရရင်း ပြောင်းဆန် ဆူညံသွားသော ရင်ခုန်သံများကို မတားဆီးနိုင်ခဲ့။

❑ ❑ ❑

စီးစီး ထွက်လာတော့ ကော်ဖီဝိုင်းမှာ လူစုံနေပြီဖြစ်သည်။

အစက စကားပြောသံတွေ ကြားနေရပေမယ့် သူမ ရောက်တော့ ဦးနေဟန်ကြည်တို့ ညီအစ်ကိုက စားလက်စကို လက်စသတ်၍ သိသာစွာပဲ ထထွက်သွားကြသည်။

"လာ… သမီး"

ဒေါ်ဖူးက လှမ်းခေါ်သည်။

သျှန်က လှမ်းကြည့်၍ သူ့ဘေးက ခုံကို မေးဆတ်ပြ သဖြင့် စီးစီးက ဝင်ထိုင်လိုက်၏။

ဒေါ်ခင်ခင်ထက်က အလိုမကျသလို လှမ်းကြည့်၍…

"မိန်းကလေးဆိုတာ ကိုယ့်ယောက်ျားထက် နောက်ကျပြီး မထရဘူး သမီး၊ ယောက်ျား အိပ်ပြီးမှ အိပ်ရတယ်၊ ယောက်ျား မနိုးခင် ထရတယ်၊ အခုကတော့ ညက မင်္ဂလာပွဲကြောင့် ထား လိုက်၊ နောက် ဒီလိုမဖြစ်စေနဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါ"

စိတ်ထဲကတော့ သိပ်မခံချင်။

တကယ်ဆို အားလုံးကွယ်ရာကျမှ ဆုံးမပါလား။

နေရာတကာ အနိုင်ယူချင်နေတဲ့ သူ့ရှေ့ကျမှ…

"အိမ်မှာ အလုပ်သမားရှိပေမယ့် ကိုယ်အားတဲ့ရက်မှာ အိမ်မှုကိစ္စတွေ ဝင်လုပ်ရမယ်၊ စိတ်မလေဘူး၊ မီးဖိုချောင်ရဲ့ စရိုက်စကကို နားလည်တယ်၊ ပြီးတော့ ကိုယ့်ယောကျ်ား ကြိုက်တတ်တာကို ကိုယ်တိုင်ချက်ပြုတ်ကျွေးရတယ်"

လုပ်ပြန်ပြီ။

ဆုံးမနေတာနဲ့ပဲ စားရသောက်ရတာ စိတ်မပါတော့သလို ကြီး။

"ပြောတာကို မှတ်ထားနော်၊ မေမေက ပြန်မယ့်လူ၊ သမီးကို အမြဲတမ်း ထိုင်ပြောမနေနိုင်ဘူး"

"အို… ဘာလို့ပြန်ရမှာလဲ ခင်ခင်၊ သမီးလေး အားငယ်အောင် မလုပ်ပါနဲ့ကွာ"

ဒေါ်ဖူးက ပျာပျာသလဲ ဝင်ပြောသည်။

"ကျောင်းတက်တာကတော့ တစ်မျိုးပေါ့၊ ခုနေအခါမှာ မအေ အနားမှာ ရှိသင့်တယ်လေ၊ ဒီမှာပဲ အတူတူနေလိုက်ပါတော့ ခင်ခင်ရယ်"

"ဟုတ်သားပဲ ခင်ခင်၊ တို့တွေ စည်းစည်းလုံးလုံး ပြန်





နေလို့ ရပါပြီ၊ ဟိုမှာ နောက်ဆံတင်းစရာ ဘာရှိလို့လဲ"

"ဘာမှတော့ မရှိပါဘူး မမမြတ်ရယ်၊ ဒါပေမယ့် ဟိုမှာလည်း…"

"ဘာမှမရှိရင် ဘာမှပူမနေနဲ့၊ သိမ်းစရာရှိ ပြန်သိမ်း၊ ယူစရာရှိတာ ယူ၊ ပြီးရင် ဒီမှာပဲ လာနေ၊ သမီးလေးနားမှာ မင်း ရှိနေမှဖြစ်မှာ၊ ဒီမှာက လူများတယ်လေ၊ တို့တွေက အပြင်သွားနေရတာများတယ် မဟုတ်လား"

ဦးနေဟန်ကြည်တို့ မိသားစုတွေကို ရည်ရွယ်ပြောနေတာမှန်း ဒေါ်ခင်ခင်ထက်ကလည်း သိသည်။

စီးစီးကတော့ မေမေ့ကို မပြန်စေချင်ပါ။

ဒါပေမယ့် မေမေက အန်တီမြတ်တို့လောက် သဘောမကောင်းတာကိုတော့ စိတ်ညစ်တာ အမှန်ပင်။

အမြဲတမ်း ဟိုလူ့ဘက်ပဲ နေမည့်သူ။

"ပြီးရင် သွားရအောင် ချာတိတ်"

စီးစီး ထွက်ပေါက်ရသွား၏။

သျှန်နဲ့အတူ လွယ်အိတ်ဆွဲ၍ ထွက်လာခဲ့သည်။

သူက ကျောင်းထဲအထိ လိုက်ပို့ပေးပြီး…

"ချာတိတ်… အပြန် အိမ်ကကား လာကြိုတာကို စောင့်နော်၊ သူငယ်ချင်းတွေနဲ့ ကားကြုံမလိုက်ရဘူး"

တစ်ခါတလေ ကားကြိုနောက်ကျ၍ စီးစီး သူငယ်ချင်းတွေနဲ့ အိမ်ပြန်ရောက်လာတတ်တာကို သိ၍ သျှန် ပြောခြင်း ဖြစ်သည်။

စီးစီးက ကားတံခါးကို ပြန်ပိတ်၍…

"ကျောင်းမှာ သူငယ်ချင်းတွေပြန်ကာမှ ရပ်ကျန်ခဲ့ရ တာ ဘယ်လောက်ရှက်ဖို့ကောင်းတယ်မှတ်လဲ၊ နောက်ကျရင် လိုက်သွားမှာပဲ"

"နောက်မကျဘူး၊ ကိုယ် သေချာမှာထားခဲ့တယ်"

စီးစီး ဘာမှမပြောတော့ဘဲ လှည့်ထွက်လာခဲ့သည်။

ပင်မဆောင်ရှေ့မှာ ရပ်စောင့်နေကြသည့် သူငယ်ချင်းတွေက ပြုံးစိစိနှင့်…

"အားကျလိုက်တာဟယ်၊ ယောကျ်ားက နိုင်ငံခြားပြန် ပါရဂူ၊ တောင့်တောင့်ဖြောင့်ဖြောင့်၊ ချောချော၊ မိန်းမကို ကျောင်းလိုက်ပို့၊ သူက ဆေးရုံဆက်သွား"

"အမယ်… သူ့ကိုပဲ ပြောတယ်၊ ငါ့ကျတော့ မလှလို့ လား"

စီးစီး တကယ်မခံချင်ဖြစ်သွားခဲ့တာ ဖြစ်သည်။

"လှတော့ လှတယ်၊ ဒါပေမယ့် ရှင်လေးက နည်းနည်းပုနေတယ်၊ သူ့အရပ်ကြီးက ခုခေတ် မော်ဒယ်တွေ အရပ်လောက်





နဲ့မှ အတော်ပဲနေမှာ၊ ရှင်နဲ့ကျတော့… ဟဲ… ဟဲ…"

"ဘာဟဲ… ဟဲ… လဲ"

"ရှင်က အရမ်းနုဖတ်နေတာကို ဆံပင်လေးလည်း တိုတယ်၊ နေတာကိုက ကလေးလိုပဲ၊ ခြုံပြီးပြောရရင် ဟီး… ဟီး…"

စီးစီး နှုတ်ခမ်းစူနေတော့ မဟေသီက ရယ်ကျဲကျဲနှင့်…

"ကျုပ်တို့ကတော့ ပါရဂူကြီး ချောတာကိုပဲ မြင်တာ၊ နော်… နော်… ဟုတ်တယ်မဟုတ်လားဟင်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

အားလုံးက ခါးလေးတွေညွတ်၍ဆိုပြီးမှ ဝါးခနဲ ရယ်ချလိုက်ကြကာ ခင်မေရီကြိမ်းက စီးစီးကိုယ်လေးကို သိုင်းဖက်၍…

"ချစ်လို့စတာပါ သူငယ်ချင်းရယ်၊ ကျုပ်တို့လူက ပိုချောတာပေါ့၊ နုဖတ်အိစက်နေတာပဲ၊ ပြီးတော့ ပါးအို့လေးတွေ နှုတ်ခမ်းလေး တွေ ရဲလို့၊ မျက်တောင်တွေကလည်း အရှည်ကြီး၊ ကော့ပျံနေ တာပဲ၊ အရပ်လေးက အနေတော်၊ ကိုယ်လုံးလေးက လှ၊ ပါးချိုင့် လေးတစ်ဖက်နဲ့ နေပုံလေးက ကလေးဆန်တော့ ဘယ်လိုပဲနေနေ ချစ်ဖို့ကောင်းနေတာ၊ အဲဒါကြောင့် ဟိုပါရဂူကြီး ရှာန်လျှောပြီး မရအရ ယူထားရတာ တို့တွေ အသိပဲဟာနော်… နော်လို့"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"ဟိုတစ်ယောက်က ရှည်ကို ရှည်လွန်းတာ"

"ဘာရယ်…"

"အရပ်လေ အရပ်၊ သူကြောင့် တို့သူငယ်ချင်းက ပုသလို လိုဖြစ်သွားရတာ၊ ကြည့်ပါလား… ဘယ်မှာပုလို့လဲ၊ သူလို ကိုယ်လို ယောကျ်ားလေးနဲ့ဆို အတော်ပဲမဟုတ်လား နော်… နော်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

စီးစီးက နှုတ်ခမ်းလေးမဲ့ရယ်ကာ…

"အရူးတွေထင်တယ်ဟယ်၊ နော်… နော်…"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး"

"ခစ်… ခစ်… ခစ်…"

လေးယောက်သား ခိုးခိုးခစ်ခစ်ရယ်၍ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ထားမိကြသည်။

ဒီအချိန်မှာ စိတ်ထဲက မကျေနပ်ခဲ့သည့် ဒေါသအကျိတ်အဖုလေးတွေအားလုံး ပြေလေသည်။

❑ ❑ ❑

"ရော့… အလုပ်နောက်မှလုပ်၊ အစားကို အရင်စား"

ဒီနေ့ အတန်းလွှတ်တာစော၍ သူငယ်ချင်းတွေနဲ့ပဲ အိမ်ကိုပြန်လာခဲ့သည်။

ပြီးတော့ သူတို့ကို မပြန်နိုင်းဘဲ အခန်းထဲမှာ စားသောက်ကြ၊ မိုးလိုးပက်လက်လှဲကြနှင့် ဂစ်တာတီးကြဖို့ သတိရသွားကြသည်။

"ဘယ်သူတီးမလဲ"

"ငါတီးမယ်"

"ဟေ့အေး… ငါပဲတီးမယ်"

"စီးစီးကလည်းဟာ၊ နင်က အဆိုကောင်းတဲ့ဥစ္စာ"

"ဒါဆို ငါပဲတီးမယ်၊ ငါပဲဆိုမယ်၊ သူများတီးတာ မဆိုတတ်ဘူး"

"ဒါဆို လုပ်"

စီးစီးက ဂစ်တာပိုက်၍ ပါးစပ်ထဲ တွေ့ကရာကောက်ဆိုသည်။

… မြင်တယ် စိတ်ကူးထဲလည်း မြင်တယ် အိပ်မက်ထဲလည်း မြင်တယ်…

*… ကြင်နာရဆုံးရယ်… ကိုယ့်ဘဝဘယ်ရောက်နေနေ … အမြဲတမ်း ကိုယ် တွေ့ပါတယ်… ရေဆာသလို ဆာလောင်တယ်… တော်မှတ်တဲ့ နှလုံးသားထဲ… ကျောက်စက်ရေ အေးအေးလေး…*

"စီးစီး"

"ဒုံး… ဒုံး…"

အဆိုအတီးကောင်း၍ ခပ်ဆောင့်ဆောင့်ခေါ်သံနှင့် တံခါးထု၍ ဩဘာပေးသံက တိုးဝင်လာသည်။

ဂစ်တာသံ တိခနဲရပ်ကျသွား၏။

"ဘာလဲ ဘယ်သူလဲ"

"တို့ပါ၊ မင်းတို့ ဂစ်တာတီးနေကြတာ၊ အောက်မှာဘယ်လိုမှနေလို့မရဘူး၊ တို့မာမိ နေမကောင်းလို့ အိပ်နေတယ်၊ နည်းနည်းပါးပါး အားနာပါဦး"

ပြောပုံက နားလည်ပေးချင်စွယ် မရှိ။

အိမ်ကြီးက အကြီးကြီး။ အပေါ်ထပ်နဲ့ အောက်ထပ်။

အခန်းတိုင်းက မှန်တစ်ထပ်၊ ကျွန်းတစ်ထပ် တံခါးတွေနဲ့။





ဒါကို နေလို့မရဘူးတဲ့လား။

စီးစီးက ဂစ်တာကြိုးတွေကို ဒရမ်ခနဲ ဆွဲချပစ်ကာ…

"အများကြီး အားနာပါတယ်၊ ဒါပေမယ့် သီချင်းပြီးအောင်တော့ ဆက်လက်သည်းခံလိုက်ပါဦး"

ဆို၍ ပခုံးတွန့်ရယ်ကာ ဂစ်တာကို ပြန်တီးသည်။

*… တွယ်ရာမဲ့သော…*

*… ဒီရင်ခုန်သံ တိုးတွေ့…*

*… မှန်လို အပြုံးမျိုး…*

*… သိပ်လိုချင်နေပြီ အချစ်ရေ…*

*… မျှော်လင့်တိုင်းလည်း လွဲတတ်လွန်းတော့လည်း…*

*… နေရာဟောင်းလေး … ပြန်လည်ရုပ်သိမ်းမိ…*

*… မြင်လွှာလေးကို ဖွင့်လို့ရယ်…*

သီချင်းလေးကို ခပ်မြူးမြူးလေး ဆိုသည်။

နှစ်ပုဒ်၊ သုံးပုဒ် ဆက်ဆိုပြီးမှ ဟက်ခနဲရယ်၍ ဂစ်တာကို ပြန်ချလိုက်သည်။

"ဟိုကောင် တစ်ကောင်ပါရင် အရမ်းပျော်ရမှာနော်၊ ခုတော့ တို့သုံးယောက်တည်း"

"အေးနော်… လက်ဖက်သုပ်ကလည်း စပ်ချဉ်လေး၊ ကောင်းလိုက်တာ"

"ဟဲ့… ရေ… ရေသောက်ချင်တယ်"

"ရမယ်၊ ခဏလေး"

အိပ်ခန်းထဲမှာပဲ ရေခဲသေတ္တာရှိနေသဖြင့် စီးစီးက ရေခဲသေတ္တာဆီ ထသွား၍ ရေဘူးတစ်ဘူး ထုတ်ယူလိုက်သည်။

ထိုစဉ် သူမမျက်ဝန်းများက ဆေးအပ်တစ်စုံကို လှမ်းမြင်လိုက်လေသည်။

"ဟဲ့… ဟဲ့… ငါ အကြံရပြီ၊ ငါတို့တွေ ဆေးထိုးတမ်းကစားမလား"

"အို… ပေါက်ပေါက်ရှာရှာ"

"အင်းလေဟယ်… ဆေးထိုးတာ ကစားစရာမှ မဟုတ်တာ"

"နင်တို့ကလည်း ဆေးမထည့်ဘဲ ရေထည့်ထိုးမှာပေါ့၊ ငါ ထိုးတတ်တယ်၊ လာပါဟာ…. ငါ ဆရာဝန်လုပ်ချင်လို့ပါ"

"ဟာ… အထိုးမခံရဲပါဘူး၊ နေမကောင်းတာတောင် ငါက ဆေးထိုးတာ မဟုတ်ဘူး၊ ဆေးအပ်ကိုင်ချင်တာများ အစကတည်းက ဆရာဝန်လုပ်ဖို့ ကြိုးစားပါလား"

စီးစီးက စိတ်ကူးပေါ်သွားပြီမို့ အစီအစဉ်ကို အကောင်အထည်ဖော်ဖို့သာ ကြိုးစားတော့သည်။





"ငါလည်း အထိုးခံမယ်လေဟာ၊ တစ်ယောက်တစ်လှည့်ပေါ့၊ ဦးသျှန် မရှိတုန်း ဆော့ရအောင်"

"အေး… စိတ်တော့ ဝင်စားတယ်ဟာ၊ အထိုးခံရမှာ ကြောက်တယ်"

"အမလေး… ငါ့ရှေ့မှာ ဦးသျှန် လုပ်တာကိုင်တာ ငါ မှတ်ထားတယ်၊ လုံးဝမနာစေရဘူး၊ လာ… လာ… မြန်မြန်လုပ်"

စီးစီးက သျှန်ရဲ့ ဆေးဗီရိုစင်ထဲမှာ ချေဖျားလေးထောက်၍ သေချာဖွရှာရင်း နားကြပ်တွေ ဘာတွေ တပ်လိုက်သေးသည်။

ပြီးတော့ ပရက်ရှာတိုင်းဖို့ လုပ်ကိုင်နေတာ တကယ့်ဆရာဝန်စတိုင်လ်နှင့်။

မဟေသီကလည်း ခပ်ပွေပွေလေးမို့ သူမပဲ အိပ်ရာထဲ အရင်လှဲလိုက်သည်။

"စီးစီး နာရင် ငါ အော်မှာနော်"

"မနာပါဘူးဆိုမှ"

စီးစီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး မျက်နှာလေးကို ခပ်တည်တည်လေးပြင်ကာ ဆေးအပ်ကို ထောင်၍ အထဲက ရေထွက်လာအောင် မာန်ပါပါ လုပ်နေလေသည်။

စိမ့်စမ်းရေက ပါးစပ်လေးကို လက်နဲ့အုပ်၍ တခိခိရယ်နေသည်။

ဆေးအပ်ကြီး ထောင်နေကတည်းက မဟေသီက မျက်လုံးစုံမှိတ်ကာ ခေါင်းအုံးကို တအားဆုပ်ဆွဲထား၏။

"စီးစီး ဖြည်းဖြည်းနော်"

"အင်းပါဟယ်... ဖြစ်နေလိုက်တာ"

စီးစီးက ဂွမ်းလေးကို ရေစွတ်၍ မဟေသီ တင်ပါးလေးကို ဖိပွတ်နေ၏။

"အမ်လေး... ဒီမှာ တုန်နေပြီ၊ ကောင်စုတ်... စတန့်ထွင်နေသေးတယ်"

စီးစီးက ခြောက်သွေ့နေသော လည်ချောင်းကို မသိမသာ ဆန့်ထုတ်၍ လှုပ်ရှားနေသောစိတ်ကို ထိန်းလိုက်၏။

နှုတ်ခမ်းများ ပြုံးထားရပေမယ့် နည်းနည်းတော့ လန့်ချင်ချင်။

"ထိုးလေဟယ်"

စိမ့်စမ်းရေ ကုန်းကွကြည့်ရင်း အားမလို အားမရဖြစ်နေသည်။

စိတ်ကလည်း လက်တည့်စမ်းချင်နေတာနှင့် ဆေးအပ်ကို မဟေသီ့တင်ပါး ဖြူနုနုလေးထဲသို့ ခပ်တည်တည် ဟန်ပါပါလေး ဖိထိုးပစ်လိုက်လေသည်။

"အမလေး... သေပါပြီ"





မဟေသီ တင်ပါးကြီး ကွခနဲ မြောက်တက်လာကာ အော် လိုက်သံကြောင့် စီးစီး ဆေးအပ်ကို ပြန်မနုတ်ဘဲ လန့်ဖျပ် လွှတ်ပစ်လိုက်မိသည်။

"စီးစီး... နုတ်... နုတ်လေ"

စိမ့်စမ်းရေ ကတုန်ကယင်လေးဝင်ပြောပေမယ့် တင်ပါး အပေါ်မှာ စိုက်ချလျက်သားနှင့် တုန်ခါနေသော ဆေးအပ်ကြီးကို မနုတ်ဝံ့ဘဲ စီးစီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

"ဟောဗျာ... ဘယ်လိုဖြစ်နေကြတာလဲ"

နောက်က ဦးသျှန်အသံ ကြားလိုက်သဖြင့် စီးစီး တုန်ခနဲ ဖြစ်သွား၏။

"ဟို... သူ... သူ..."

စိမ့်စမ်းရေက ချောင်ပြေးကပ်သည်။

"ဦးသျှန်... လုပ်... လုပ်ပါဦး၊ နုတ်ပေးပါဦး"

ဆေးထိုးခံထားရသည့် မဟေသီမှာ တင်ပါးဖော်လျက် သားကြီးနှင့် ထပြေးလို့လည်း မရ။ ရှက်လည်းရှက်နှင့် မျက်နှာကို ခေါင်းအုံးမှာ ကပ်ကာ အသားလေးတွေ တုန်နေရှာသည်။

လက်ထဲက ဆေးအိတ်ကို ချ၍ သျှန်က တင်ပါးမှာ စိုက်နေသည့် အပ်ကို နုတ်ယူလိုက်ပြီး...

"မင်းတို့ တော်တော်ရှုပ်ကြတာပဲ၊ ဒါ ဆော့စရာလား"

"ဟို… ဟိုလေ… သူက ဆေးထိုးချင်တယ်ဆိုလို့"

"မဟုတ်က ဟုတ်ကတွေ လျှောက်လုပ်တာ ဘယ်လောက် အန္တရာယ်များသလဲ သိလား"

"စီးစီး ပြန်နုတ်မလို့ဟာ၊ သူက တအားအော်တာကိုး"

"စီးစီး ငါတို့ ပြန်တော့မယ်"

မဟေသီက အိပ်ရာပေါ်က ခုန်ဆင်းကာ ကမူးရှူးထိုး ပြေးထွက်သွားသဖြင့် စိမ့်စမ်းရေလည်း နောက်လှည့်ကြည့်ရင်း လိုက်သွားရတော့သည်။

သျှန်က ဆေးအပ်ကို အမှိုက်ပုံးထဲပစ်ထည့်၍ ခါးနှစ်ဖက် ထောက်လိုက်သည်။

ပြီးတော့ ပန်းချိတ်သာသာ ချိုင်းပြတ်တီရှပ်ခံဖြူလေးနှင့် စတိုင်လ်ဘောင်းဘီ ဒူးကျအဖြူလေး ဝတ်ထားသော စီးစီးကို စေ့စေ့စပ်စပ် ကြည့်သည်။

ထပ်၍လည်း ဘာမှမပြောဖြစ်တော့ဘဲ ကျွတ်ခနဲ စုတ်သပ်ကာ ဆံပင်တွေထဲ လက်ထည့်၍ တစ်ချက်ဖွပစ်လိုက်၏။

"ချာတိတ်… မင်းကိုတော့ ဘယ်လိုစည်းရုံးရမှန်းကို မသိတော့ဘူး၊ တကယ်… တကယ် လက်လန်တယ်"

"စီးစီး ဘာလုပ်လို့လဲ"





"ဟ… မင်းကိုယ်မင်း အိမ်ထောင်သည်ဆိုတာကို ခေါင်းထဲမထည့်ဘဲ ခုန်လိုက် ပေါက်လိုက် ဆော့လိုက်၊ အဲဒါ ဘယ်လိုလုပ်မလဲ၊ တုတ်နဲ့ကောက်ရိုက်ပစ်ရမလား၊ ခေါင်းကိုပဲ ထုချပစ်လိုက်ရမလား"

"အောင်မာ… လူကိုများ ထုမယ်၊ ရိုက်မယ်နဲ့၊ လုပ်ကြည့်ပါလား"

"လုပ်ရမှာပဲ၊ စိတ်ကူးနေတာ ကြာပြီ၊ ပြောလို့မှ မရတာ"

"မရဘူး… ဆော့မှာပဲ၊ မကြိုက်ရင် အပြင်မှာ ထွက်ဆော့မယ်"

"စီးစီး"

"ခင်ဗျားနော်… ထိကြည့်… ထိကြည့်၊ ဖက်လုံးပစ်လိုက်မှာ၊ ဘာမှတ်နေလဲ"

စီးစီးက ဆတ်ဆတ်ထိမခံဘဲ သူ့ကို ပခုံးစောင်းနဲ့ ပစ်ခံ၍ ပေစောင်းစောင်း ကြည့်သည်။

ကိုယ်က ရှေ့တိုးဖို့ တစ်လှမ်းပြင်ရုံရှိသေးသည်။

နည်းနည်းများ ဆိုးသွားသလား မှတ်ပါတယ်။ သူကပဲ စိန်ခေါ်နေတဲ့အပြစ်။

ဒေါသဖြစ်နေရင်း ရယ်ချင်လာသည်။

ဒါပေမယ့် ဒီကောင်မလေးရှေ့မှာ ရယ်လို့မဖြစ်။

"ကျောင်းက အချိန်စောလွှတ်တာ အိမ်ကို ဖုန်းမဆက်ဘဲ ဘာဖြစ်လို့ ကိုယ့်ဟာကိုယ် ပြန်လာတာလဲ"

"ဖုန်းဆက်ရ၊ စောင့်ရနဲ့... အဲဒီအချိန်တွေကို ဒီက တစ်ယောက်တည်း ကျောင်းမှာ သစ်ငုတ်တိုကြီးလို စောင့်နေရမှာလား"

ဒါလည်း ဟုတ်တာပဲ။

စီးစီးကို ကားမောင်းသင်ပေးပြီး ကိုယ့်ကားကိုယ် မောင်း၍ ကျောင်းတက်နိုင်ဖို့ သူ စိတ်ကူးခဲ့သေးသည်။

ဒါပေမယ့် စီးစီးကို သူ စိတ်မချနိုင်။

ကားမောင်းနိုင်ပြီဆိုမှ စိတ်ထင်ရာ လွှတ်ခနဲ ဖျတ်ခနဲ လျှောက်ထွက်နေလျှင် ပိုဆိုးကုန်တော့မည်။

စီးစီး ဒီလောက် ဆော့ချင် ပျော်ချင်တာကို သူ ဘယ်လို စည်းရုံးရမှန်း မသိတော့ ဦးနှောက်ခြောက်သွားတော့သည်။

သက်ပြင်းတစ်ချက်ချရင်း စီးစီး လက်ကလေးကို ဆွဲ၍ အိပ်ရာပေါ်မှာ အတူထိုင်လိုက်သည်။

"ချာတိတ်... ကိုကို တောင်းပန်တယ်ကွာ၊ ကလေးလို မနေစမ်းပါနဲ့၊ မင်း အဲဒီလို နုနုနယ်နယ်လေး ဖြစ်နေတာကို ကိုကို သဘောကျပါတယ်၊ ဒါပေမယ့် စိတ်မချဘူး၊ မျက်စိကွယ်





သွားတာနဲ့ ကိုကို့စိတ်တွေ မင်းဆီမှာပဲ ဖြစ်နေတယ်၊ ချာတိတ်ကို ကိုကို စိတ်ချချင်တယ်ကွာ"

သူ စီးစီးကို ဖက်၍ ချော့ကြည့်သည်။

စီးစီး မျက်နှာလေးက တစ်စက်မှ မလျှော့။

"ကိုကို ပြောတာ ကြားလား ချာတိတ်၊ မဆိုးချင်ပါနဲ့ ကလေးရာ၊ ကိုကို ဘယ်သွားသွား မင်းကိုပဲ နောက်ဆံတင်းနေရတာ"

"မတင်းနဲ့ပေါ့၊ စီးစီးက ကလေးမှမဟုတ်တာ"

"အဲဒါ သိသားကြီးနဲ့၊ ဘာဖြစ်လို့ ခုန်လိုက် ပေါက်လိုက် ဆော့လိုက် လုပ်နေတာလဲ"

"ဘယ်မှာ ခုန်ပေါက်လို့လဲ"

"ခုလို ဆော့တာမျိုးကျတော့ရော ဘယ်လောက် ကလေးဆန်လဲ၊ မင်း ဝတ်တာစားတာကို ကိုကို မတားဘူးကွာ၊ ကလေးလို နေတာ ဝတ်တာက သပ်သပ်၊ စိတ်ကတော့ ကလေးမဆန်နဲ့ကွ၊ နောက်ဆို ဧည့်ခံပွဲတွေ မိတ်ဆုံပွဲတွေ မင်းနဲ့ ကိုကို သွားလာရမှာ၊ ခုလို ကလေးဆန်ဆန်နေတာ ပြောတာတွေ မပျောက်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒီတော့ ခင်ဗျားပဲ သွားပေါ့"

"ပြောနေရင်းနဲ့ ဆိုးနေပြန်ပြီကွာ၊ ကိုကို အမိန့်ပေးနေတာ မဟုတ်ဘူးနော်၊ မင်းကို တောင်းပန်နေတာ၊ နောက် သားတွေ သမီးတွေ ရလာဦးမယ်၊ အဲဒီကျရင်…"

"အို… မယူပါဘူး၊ ဘာသားသမီးမှ မယူဘူး"

"ဘာ…"

သျှန် ဒေါသထောင်းခနဲဖြစ်သွားကာ စီးစီး ကိုယ်လေးကို တစ်ဖက်ကို ဆောင့်ခါပစ်လိုက်မိ၏။

"ကိုယ် ဒါကို အရမ်းမျှော်လင့်ခဲ့တာနော်၊ မင်းရဲ့ လွတ်လပ်ချင်နေတဲ့စိတ်တွေ ကလေးဆန်ချင်တာတွေ အဲဒါတွေကို ကိုယ် မစည်းရုံးနိုင်ခဲ့သမျှ မင်းကို ချည်နှောင်ဖို့ ဒါပဲရှိတယ်၊ ကိုယ် ကလေးလိုချင်တယ်၊ အဲဒါ မင်း မယူလို့ မရဘူး"

"အဲဒီလောက်လိုချင်ရင် ကိုယ့်ဟာကိုယ်ပဲမွေး၊ ကျောင်းကတစ်ဖက် တိုးလိုးတွဲလောင်း အဖြစ်မခံဘူး၊ ရှင်းရှင်းပဲ"

စီးစီးက ဖျတ်ခနဲ ထသည်။

သျှန်က ပြန်ဆွဲချ၏။

စီးစီးက တွန်းထိုးရုန်းတော့ နှစ်ယောက်သား အိပ်ရာပေါ်မှာ လုံးထွေးနေ၏။

"ခင်ဗျားနော်၊ လူကို အနိုင်မကျင့်နဲ့၊ လွှတ်…"





"မင်းကို ဒီနေ့ကစပြီး လုံးဝအလိုမလိုက်တော့ဘူး၊ တွေ့မယ်"

"ဟင်း… ဟင်း… ဟင်း… ဟင်း… မေမေရေ၊ အန်တီမြတ် ဟောဒီမှာ စီးစီးကို ဦးသျှန် အနိုင်ကျင့်နေတယ်၊ ဟီး… ဟီး…"

စီးစီး အိပ်ရာပေါ်မှာ ပက်လက်ကလေး ရှိနေရင်းမှ အာခေါင်ခြစ်အော်သည်။

"ဟိတ်… ဟ… ဘာဖြစ်လို့အော်တာလဲ"

"အော်မှာ… ခင်ဗျား… ဟင့်… ဟင့်…"

"ပြဿနာပဲကွာ"

"သားရေ"

"ဗျာ… မေမေ"

"သမီး ဘာဖြစ်တာလဲ၊ တံခါးဖွင့်စမ်း"

ဒေါ်မြတ် ချက်ချင်းရောက်လာသည်။

စီးစီးကလည်း အသံထွက်အောင် တမင်တကာ ငိုရှိုက်နေသဖြင့် ခုမှတော့ "ဘာမှမဖြစ်ဘူး" ပြောလို့လည်း ရမှာမဟုတ်တော့ပေ။

"တံခါးဖွင့်ထားတာ မေမေ"

ဒေါ်မြတ် အခန်းထဲဝင်လာ၏။

"အန်တီမြတ် ဦးသျှန်ရယ်လေ၊ ဟင့်..."

စီးစီးက အိပ်ရာပေါ်မှာ ငုတ်တုတ်ငိုလျက်မှ လက်ညှိုးထိုးတိုင်၏။

ဒေါ်မြတ် မျက်စိမျက်နှာပျက်ကာ ပျာပျာသလဲ ဖြစ်သွား၏။

"ကြားတယ်... ကြားတယ်၊ အစောကြီးကတည်းက မေမြတ် ကြားနေတာ၊ ပြောစမ်း... သမီးကို သား ရိုက်လိုက်တာလား၊ ဘာဖြစ်တာလဲ"

လက်ထပ်ပြီးကတည်းက ဒေါ်မြတ်တို့က သူမတို့ကိုယ်ကို မေမြတ်၊ မေဖူးဟု တပ်ပြောကြသည်။

စီးစီးကတော့ အန်တီမြတ်၊ အန်တီဖူးပဲ ခေါ်ဆဲဖြစ်၏။

"ဟဲ့... မေးနေတာ ဖြေလေ"

"ဘာမှမဖြစ်ပါဘူး မေမေရာ၊ ရိုက်လည်း မရိုက်ပါဘူး၊ အဲဒီကောင်မလေး တကယ်ဆိုးတာ"

"ဘာလဲ... ဘာဆိုးတာလဲ၊ အန်တီမြတ်... သူ... သူ လေ စီးစီးကို ရိုက်မယ် ပုတ်မယ်နဲ့၊ ပြီးတော့လေ... ပြီးတော့..."

"အင်း... ဆက်ပြော သမီး၊ သူ ဘာလုပ်လဲ"

"စီးစီးကို ကလေး..."





"ဟိတ်..."

သျှန်မျက်နှာ ရဲခနဲဖြစ်ကာ စီးစီး လက်ကို ဆောင့်ဆွဲလိုက်၏။

"အံမယ်... အံမယ်... ကြည့်စမ်း၊ မအေရှေ့မှာတောင်၊ သမီးကို လွှတ်လိုက်စမ်း"

"မဟုတ်ဘူး မေမေ၊ သူ..."

"တော်ပြီ... သား မပြောနဲ့၊ ပြော သမီး၊ သူက ဘာလုပ်လဲ"

စီးစီးက မျက်ရည်သုတ်ဖယ်၍ သျှန်ကို မျက်စောင်းထိုးသည်။

"စီးစီး ခုမှ ကျောင်းတက်တုန်းဟာကို သူက ကလေးယူရမယ်တဲ့၊ သိလား"

ဒေါ်မြတ် အံ့အားသင့်သလိုဖြစ်ကာ သားဖြစ်သူကို မော့ကြည့်ကာ သျှန် မျက်နှာနီလျက်နေတာ မြင်လျှင် ပြုံးလိုက်မိလေသည်။

"မဟုတ်တာပဲ သားရယ်၊ လက်ထပ်ထားတာဖြင့် တစ်လပဲ မပြည့်သေးဘူး၊ ကလေးလိုချင်နေရသလား၊ ဆန္ဒမစောရဘူးလေ၊ ပြီးတော့ သမီးက ကျောင်းတက်နေတဲ့ဟာကို"

"အဲ... အဲဒါ သူ တားဆီးထားမှာစိုးလို့ ကျွန်တော်

ပြောတာ မေမေ၊ ခုပဲရရ နောက်မှပဲရရ ရတဲ့အချိန် လိုချင်တာပဲ၊ ကျောင်းပြီးမှ ကလေးယူရမယ်ဆိုရင် ကျွန်တော်က သုံးဆယ် ကျော်နေပြီ"

"သားရယ်"

"ပြီးတော့ သူက သိပ်ဆိုးတာ၊ ကလေး ယူလိုက်မှ ကလေးလုပ်လို့ မရတော့မှာ"

"စီးစီးက ကလေးလုပ်ပြီး ပုခက်စီးနေလို့လား"

"ပုခက်စီးမယ်ဆိုရင် လွှဲပေးရုံပဲ မင်းကို ထိန်းရကို ခက် နေတာ"

"ထိန်းရခက်လည်း မထိန်းနဲ့ပေါ့၊ ဝေးဝေးသွားနေလေ၊ ပြီးရော"

"ကဲ… ကဲ… တော်ကြတော့၊ သားကလည်းကွယ်၊ ကိုယ်က အကြီး၊ ငယ်တဲ့လူကို ကိုယ်ဖြစ်ချင်သလို ဖွတ်မလုပ်ရ ဘူး၊ ဖြည်းဖြည်းတော့ ညှိယူကြပေါ့"

"လာ… သမီး လာ" ဟု ဆိုကာ ဒေါ်မြတ်က စီးစီးကို ဆွဲခေါ်၍ မျက်ရည် သုတ်ပေးသည်။

ပြီးတော့ အပြင်ခေါ်ထုတ်သွား၏။

မေမေတို့လည်း ဒီကောင်မလေးကို ချစ်ပဲ ချစ်နိုင်ကြလွန်း ပါသည်။





သျှန် ပက်လက်ကြီး ပစ်လှဲကာ လက်ချလိုက်တော့ ခုတင်တစ်ဖက်စွန်းမှာ ချထားသည့် ဂစ်တာပေါ် လက်ရောက်သွား သည်။

ဒီဘက်ပြန်လှည့်စောင်းလိုက်တော့ စားလက်စ ဖွန်းတန်း လန်းနှင့် လက်ဖက်သုပ်ပန်းကန်က စားပွဲစွန်းမှာ တဲတဲလေး။

စိတ်အိုက်ပင်ပန်းစွာ သက်ပြင်းသာ ချမိတော့သည်။

အဲဒါများ စိတ်မပျက်ဘဲ ချစ်ပြီးရင်း ချစ်နေမိတာ ဝဋ် ကြွေးပဲထင်ပါရဲ့။

❑ ❑ ❑

"လုပ်ငန်းအားလုံးကို ရှင်းလိုက်တော့၊ လုပ်ငန်းနှစ်ခုမှာ တစ်ခုက ယဲ့ယဲ့ပဲရှိတော့တယ်၊ တစ်ခုက အမြတ်ရာနှုန်း လုံးဝ မရှိဘဲ စာရင်းဝင်နေတာပဲ ရှိတယ်၊ ဒီမှာ မေမြတ်တို့က သမီးနဲ့ သားကို လက်ထပ်ပေးလိုက်ကတည်းက သူတို့ သဲ့ယူထားလိုက်ပြီပေါ့ကွယ်၊ တကယ်တော့ ဘာမှ သူတို့ သုံးစွဲပိုင်ခွင့် မရှိပါဘူး၊ မေမြတ်တို့က ပြောရင် ပြောခွင့်တွေ အများကြီးပဲ၊ ဒါပေမယ့် ရှိပါစေတော့၊ ရှေ့ဆက် မေမြတ် ပြောချင်တာက သားကိုတော့ ပြောလို့မရဘူး၊ သမီးပဲ ရှိတော့တယ်"

ကုမ္ပဏီ အပေါ်ဆုံးထပ်ထိ အတူတက်လာခဲ့ကြရင်း မေမြတ်က လုပ်ငန်းနဲ့ ပတ်သက်သမျှကို ပြောပြလာသည်။

ရုံးခန်းထဲမှာ အတူထိုင်ဖြစ်ကြရင်း စက္ကထရီကိုပါ အပြင်ခဏထွက်ခိုင်းလိုက်ပြီး ဆက်ပြောသည်။

"သမီး စီးပွားရေးကို စိတ်ဝင်စားရဲ့လားဟင်၊ သားလိုပဲ ဘွဲ့ရရင် အစိုးရဝန်ထမ်းလုပ်မှာလား"





"စီးစီး ဒီအလုပ်တွေကို စိတ်ဝင်စားပါတယ် မေမြတ်ရဲ့၊ ဦးသျှန် မလုပ်ချင်လည်း စီးစီး နားလည်အောင် လေ့လာပြီး စီးစီးဘာသာ လုပ်မယ်"

"အို… သမီးဆီက ဒီစကားကြားရတာ မေမြတ်ဝမ်းသာလိုက်တာကွယ်၊ တကယ်တော့ ဒီလုပ်ငန်းတွေကို သားလေးသာ ဦးစီးခဲ့ရင် ခုလို သူများလက်ထဲမှာ နှစ်ပေါင်းများစွာ နစ်မွန်းနေမှာ မဟုတ်ဘူး၊ မေမြတ်တို့မှာ ရှိသမျှ စီးပွားရေးလုပ်ငန်း အားလုံး သားတို့ သမီးတို့ ပိုင်တာချည်းပဲ၊ မေမြတ်တို့ရဲ့ မျိုးဆက်ဆိုလို့ အမွေဆက်ခံဖို့ ဒီသားတစ်ယောက်ပဲ ရှိတာ၊ သမီးလေးသာ နိုင်နိုင်နင်းနင်း ဖိဖိစီးစီး ကြိုးစားအုပ်ချုပ်သွားရင် လုပ်ငန်းအားလုံးရဲ့ ဝင်ငွေတွေ တိုးလာမယ်၊ လူမှုရေးနယ်ပယ်ထဲမှာ နာမည်တစ်လုံးနဲ့ ထည်ထည်ဝါဝါဖြစ်လာမယ်"

စီးစီး စိတ်ဝင်စားသွားသည်။

ကုမ္ပဏီဆိုတာတွေကို ဟိုးအရင်ကတည်းက စိတ်ဝင်စားခဲ့တာဖြစ်၏။ လူတွေကို ကိုယ်က လက်ညှိုးထိုးခိုင်းရုံ စာရင်းဇယား ကိုင်ရုံနဲ့ ကုမ္ပဏီပိုင်ရှင်ဖြစ်လာမှာက အုပ်ချုပ်နိုင်ဖို့ပဲလိုတာ။

ကိုယ့်ဟာကိုယ် နေတတ်သလို နေတာများ ကလေးဆိုးလို့ ပြောတဲ့သူက ပြောသေးသည်။

ကြည့်နေ… စီးစီး ဒီကုမ္ပဏီကြီးကို အုပ်ချုပ်ပြမယ်။

စိတ်ထဲက ကြိမ်းဝါးလိုက်ကာ မေမြတ် ပြောသမျှကို သေချာမှတ်သားနေမိသည်။

“ဒီနေ့ကစပြီး ဟောဒီကုမ္ပဏီကို မေမြတ် ပြန်သိမ်းလိုက်ပြီလေ၊ ကိုကြီးတို့ ဒီမှာရှိမှာ မဟုတ်တော့ဘူး၊ အတိုက်အခံလုပ်မိကာမှတော့ ပြတ်ပြတ်သားသားလုပ်တာပဲ ကောင်းမယ် မဟုတ်လား၊ ဒါကြောင့် မေမြတ် တစ်ဖက်က အရောင်းအဝယ်ကိစ္စတွေကို ခဏရပ်ထားပြီး ကုမ္ပဏီဘက်ကို လှည့်ထိန်းလိုက်တာ၊ သမီးလေး ကျောင်းပြီးတဲ့အထိ မေမြတ် ထိန်းထားပေးမယ်၊ ဒီကြားထဲမှာ ကျောင်းပိတ်တိုင်း သမီးက မေမြတ်နဲ့ လိုက်လေ့လာပေါ့”

“ဟုတ်ကဲ့ မေမြတ်၊ စီးစီး လေ့လာမယ်”

“နောက်ထပ် အထည်စက်ရုံကိုတော့ ပိတ်လိုက်ဖို့ စိတ်ကူးထားတယ်၊ သူများကို လွှဲပြောင်းလိုက်ရင်လည်း နေရာအဆောက်အအုံပါ ဆုံးဦးမယ်၊ ဒီတော့ လုပ်ငန်းကိုပဲ ရပ်ရမယ်၊ နောက်မှ သား စိတ်ကူးပြောင်းလာရင်လည်း သားနဲ့ သမီးတို့ စီးပွားရေးတစ်ခုခု တည်ဆောက်လို့ရတာပေါ့၊ လောလောဆယ်က ဘယ်လိုမှ မနိုင်ဘူးလေ”

“လိုက်မယ် မေမြတ်၊ စီးစီး ဝါသနာပါတယ်၊ ဦးသျှန်ကိုလည်း မေမြတ် ပြောပေးနော်”





“ဘာဖြစ်လို့လဲ သမီး”

“ဦးသျှန်က စီးစီး ဘယ်သွားသွား သူသိနေတာပဲ၊ ပြန်လာရင် ဆူရော သိလား၊ ပြီးတော့ ဟို ကလေးယူဖို့ချည်းပဲ ပြောနေတာ”

စီးစီးက နှုတ်ခမ်းကလေးစူ၍တိုင်တော့ ဒေါ်မြတ်က ပြုံး၍…

“သားဟာ သမီးကို အရမ်းချစ်တာ သမီးရဲ့၊ ကလေးလိုချင်တယ်ဆိုတာလည်း သမီးကို ချစ်လို့ပါကွယ်”

“ဟင်… မေမြတ်ကလည်း စီးစီးက အလုပ်တွေအများကြီးလုပ်ဦးမှာကို၊ ကလေးမလိုချင်ပါဘူး၊ ပြီးတော့ ကလေးမွေးရတာ ကြောက်စရာကြီး”

“သမီးရယ်… သားတို့ သမီးတို့ကို မေမြတ်တို့ ဒီအတိုင်းပဲ မွေးခဲ့ကြရတာပဲ၊ ဒါ မိန်းမတိုင်းရဲ့ သဘာဝပဲ သမီးရဲ့၊ အိမ်ထောင်ရေးဆိုတာ သားသမီးရှိမှ ခိုင်မြဲတာ၊ စိုပြည်တာ၊ သမီးက ငယ်သေးလို့ သဘောမပေါက်ပေမယ့် သားက သိလို့ ကလေးလိုချင်တာပေါ့၊ ပြီးတော့ မေမြတ်တို့လည်း မြေးချီချင်တာပဲ”

“မေမြတ်ကလည်း”

ဘယ့်နှယ် ကလေးလိုချင်တဲ့သူတွေချည်းပါလား။

စီးစီးကတော့ ခေါင်းထဲက ထုတ်ပစ်လိုက်သည်။

ကျောင်းပိတ်ရက်မှာ မေမြတ်နဲ့ ကုမ္ပဏီကို လိုက်၊ ညကျတော့ မေမြတ် သင်ပေးတဲ့ စာရင်းဇယားတွေ ကြည့်၊ လိုက်မှတ်၊ စာကျက်တာက တစ်ဖက်နှင့် အားချိန်မရှိတော့။ သူနဲ့ ရန်ဖြစ်ချိန်တောင် မရှိပါ။

"မေမေ… သူ့ကို ဒါတွေသင်မပေးပါနဲ့ မေမေရယ်၊ ကျောင်းလည်း ပြီးသေးတာမဟုတ်ဘူး၊ စိတ်တွေများကုန်ပါ့မယ်"

"ဒါပဲ ဟုတ်ရဲ့လား သားရဲ့"

"ဟုတ်တယ်၊ သူ စီးပွားရေး ထွက်လုပ်မှာကိုလည်း ကျွန်တော် မကြိုက်ဘူး၊ ရာထူးကထည်ပြီး လူက ငယ်နေတာကို"

"ဘာလို့ လူက ငယ်ရမှာလဲ၊ စီးစီး လုပ်ပြမယ်၊ ကြည့်နေ"

"ဟဲ့… သမီး၊ အဲဒီလို ပက်ခနဲ ပက်ခနဲ ပြန်ပြောတာ မေမေ မကြိုက်ဘူးနော်"

မေမေ့ကြောင့် စီးစီး ပါးစပ်ပိတ်ထားလိုက်ရသည်။

"လောလောဆယ်တော့ သင်တာပေါ့ သားရယ်၊ ကျောင်းပြီးတော့ သူလည်း ဝါသနာပါတယ်၊ လုပ်ငန်းကိုလည်း နားလည်ပြီးသားဆိုရင် တစ်ခါတည်း အဆင်ပြေသွားတာပေါ့၊ သမီးကိုယ်တိုင် ဦးဆောင်လာရတော့ လုပ်ငန်းနဲ့ လူမှုရေးနဲ့ တည်ပြီး





ရင့်ကျက်မှုတွေ ရလာမယ်၊ ဗဟုသုတ တိုးပွားမယ်၊ နောက်ပြီး ဒီလောက်ကြီးကျယ်တဲ့လုပ်ငန်းကြီးကို ဖျက်ပစ်ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး သား၊ မေမေတို့ချည်းပဲလည်း အမြဲတမ်း ဦးဆောင်သွားနိုင်မှာ မဟုတ်ဘူး၊ ဒါ သားတို့ရဲ့ စီးပွားဥစ္စာပဲ"

"ကျွန်တော် နားလည်ပါတယ် မေမေ၊ တကယ်ဆို ဒါတွေ ကျွန်တော် ဦးဆောင်ရမှာပေါ့၊ ဒါပေမယ့် ကျွန်တော် ဝါသနာမပါဘူး၊ မိန်းမ ဦးဆောင်မှာကိုလည်း သဘောမကျဘူး"

"သူ သဘောမကျလည်း စီးစီး ဝါသနာပါတယ် မေမြတ်၊ စီးစီး လုပ်မယ်နော်"

သျှန် နေရာမှ ထထွက်လာခဲ့သည်။

စီးစီးကို သူ အလုံးကလေးဖြစ်အောင် လုံးပြီး အိတ်ထဲ ကောက်ထည့်ထားလို့ရရင် အကောင်းသား။

"ကိုသျှန်"

"ဟင်… ဘာလဲ လရိပ်"

"ခဏလောက်… ခဏလေး"

အခန်းထဲက လှမ်းခေါ်နေသဖြင့် သျှန် ချီတုံချတုံ ဖြစ်သွား၏။

"ခဏလေးပါ ကိုသျှန်ရဲ့၊ ဒီမှာ တီဗီ ဘာဖြစ်သွားမှန်း မသိလို့"

အထဲမှာ လရိပ်က တစ်ယောက်တည်း။

သူ ဝင်သွားဖို့ကို ကျောမလုံဘဲ ဖြစ်နေ၏။

"သားရေ… ခဏ"

နောက်က အန်တီဖူး ခေါ်သံကြောင့် သူ အသက်ရှူ ချောင်သွား၏။

လရိပ်မျက်နှာ အလိုမကျမှုတွေ ဖြစ်သွားသည်။

သျှန် ပျောက်ကွယ်သွားလျှင် တက်ခေါက်လိုက်မိသည်က ခံပြင်းစွာ…

❑ ❑ ❑

"ကိုသျှန်"

"လရိပ်"

လရိပ်က သူ့ကားနားမှာ ရပ်လျက် မျက်နှာလေးက ညှိုးနေသည်။

ဒီနေ့ ဂျူတီစောစောပြီးတာနှင့် စီးစီးကို ဝင်ကြိုသွားဖို့ ထွက်လာခဲ့တာ ဖြစ်သည်။

လရိပ် တစ်ခုခု ပူဆာတော့မှာကို သူ သိလိုက်၏။

"ကိုသျှန် ပြန်တော့မှာလားဟင်"

"ဟုတ်တယ်၊ စီးစီးကို ဝင်ကြိုရဦးမှာလေ"

"ပိတ်မပြောပါနဲ့ ကိုသျှန်ရယ်၊ လရိပ်ကို ဒင်နာ လိုက်ကျွေးစမ်းပါ"

"ဟာ… မဖြစ်ဘူး လရိပ်၊ တို့ အဲဒီလောက် အချိန်မရဘူး၊ စီးစီးကို တို့ ဝင်ကြိုမလို့၊ အိမ်ကို ဖုန်းလှမ်းဆက်လိုက်ပြီးပြီ၊ အိမ်က သွားကြိုကြမှာ မဟုတ်ဘူး"

လရိပ်က ကားတံခါးကို မှီရပ်နေရာမှ ဖယ်မပေးဘဲ လက်ကလေးပိုက်လိုက်သည်။

“စီးစီးက ကိုသျှန် သွားမကြို့လည်း သူ့အပေါင်းအသင်းတွေက အိမ်အထိလိုက်ပို့ပေးတာပဲ ကိုသျှန်ရာ၊ လရိပ် ဘာမှ မစားရသေးဘူး”

“ဒါဆိုလည်း တို့ မုန့်ဖိုးပေးလိုက်မယ်ကွာ၊ လိုက်တော့ မကျွေးပါရစေနဲ့”

သျှန်က ဘောင်းဘီအိတ်ထဲကို နှိုက်တော့ လရိပ်က ခေါင်းခါကာ ကားတံခါးဖွင့်၍ ရွှေ့ခနဲ ထိုင်ပစ်လိုက်သည်။

“လရိပ် မနက်ကတည်းက မေမေနဲ့ စိတ်ဆိုးပြီး ထွက်လာတာ သိလား၊ ပိုက်ဆံလည်း တစ်ပြားမှ မရှိတော့ဘူး၊ သူငယ်ချင်းအိမ်တွေ လျှောက်လည်နေတာလည်း စုံပြီ၊ ကိုသျှန် လိုက်မကျွေးရင် စားပြီးလည်း လရိပ် အိမ်မပြန်တော့ဘူး၊ ရောက်ချင်ရာကိုရောက် ထွက်သွားမှာပဲ”

သူ ဘာမှမတတ်နိုင်တော့ပေ။

ကားပေါ်ကို စိတ်ပျက်စွာ ဝင်ထိုင်လိုက်ပြီးမှ…

“အန်တီနဲ့ ဘာဖြစ်လာလို့လဲ”

“မသိဘူး… ဖေဖေရော မေမေရော ခုတလော အမြဲ ရန်ဖြစ်နေတာပဲ၊ လရိပ်တို့ဆို အဆူချည်းပဲ ခံနေရတာ၊ မမက





ဖေဖေ့ပွဲရုံမှာ အလုပ်လုပ်နေတော့ နားအေးသွားတာပေါ့၊ လရိပ်ကတော့ အလုပ်လက်မဲ့လေ”

သူတို့မိသားစုတွေ ခုတလော လုပ်ငန်းတွေ လက်မဲ့ဖြစ်ကာ အဆင်မပြေတာတွေ ဖြစ်ကြလိမ့်မည်။

မေမေက အားလုံး ရုပ်သိမ်းတင်းကျပ်ခဲ့ပြီးပြီလေ။

တွေးမိတော့လည်း စိတ်မကောင်းဖြစ်ရပြန်သည်။

နာရီကြည့်တော့ အချိန်က ဆယ့်ငါးမိနစ်လောက်လိုသေးတာမို့ စားသောက်ဆိုင်ကျမှပဲ အိမ်ကို ဖုန်းလှမ်းဆက်ဖြစ်တော့သည်။

❑ ❑ ❑

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်သည်နှင့် တံခါးဝနား မှာ လူရိပ်ပေါ်လာသည်။

ပြောင်လက်နေသည့် ကျွန်းတံခါးကြီးရဲ့ အပေါ်ဘက် မှန်ချပ်မှာ ပေါ်လာသည့် မျက်နှာက စီးစီး။

သျှန် ကားသိမ်းဖို့ပင် သတိမရတော့ဘဲ အိမ်ပေါ်ပြေး တက်လိုက်၏။ စီးစီးက တံခါးသော့ဖွင့်ပေးပြီးသည်နှင့် ချာခနဲ လှည့်ထွက်လေသည်။

"ချာတိတ်"

သျှန်က စီးစီးလက်လေးကို လှမ်းဆွဲ၏။

စီးစီးက ပြင်းပြင်းထန်ထန် ခါချပစ်ကာ နောက်လှည့် လိုက်ရင်း သျှန်နောက်က လိုက်ပါလာသည့် လရိပ်ကို တင်းမာ သော မျက်ဝန်းများနှင့် ကြည့်သည်။





"ခင်ဗျားတို့နှစ်ယောက် ပြန်လာမယ့်လမ်းကို ငုတ်တုတ် ထိုင်စောင့်နေတာ မဟုတ်ဘူး၊ မေမေနဲ့ မေမြတ်တို့ အပြင်ထွက် သွားလို့ စောင့်နေတာ"

"နေဦး ချာတိတ်၊ ကိုကို ပြောဦးမယ်"

"ဘာမှပြောနေဖို့ မရှိဘူး၊ ဖယ်… မကိုင်နဲ့"

"မဟုတ်ဘူးကွာ၊ ကိုကို…"

"ဦးသျှန် ခင်ဗျား စီးစီးကို မထိနဲ့နော်"

စီးစီး နောက်ပြန်လှမ်းဆုတ်လျှောက်ရင်း လှေကားနား ရောက်မှ ချာခနဲလှည့်၍ ပြေးတက်သွားသည်။

သျှန်က နောက်မှ ပြေးလိုက်လာလျက်…

"ချာတိတ်… ကိုကိုပြောတာကို နားထောင်ဦးကွာ"

"မထောင်ဘူး၊ ဘာမှ နားမထောင်ချင်ဘူး၊ ခင်ဗျားတို့ တစ်ညနေလုံး တစ်ညလုံး အခု ညကိုးနာရီတိတိရှိပြီ၊ ခင်ဗျားတို့ နာရီပေါင်းများစွာ လေလွင့်နေကြတာ ဘာမှမဖြစ်နိုင်ပေမယ့် လာကြိုမယ့်သူမရှိလို့ ကျောင်းမှာ တစ်ယောက်တည်း ကျန်နေခဲ့ ရတာ ဘယ်လောက်ကြောင်လဲ၊ သိလား၊ ဟိုကစ ဒီကစနဲ့ သူငယ်ချင်းတွေလည်း ပြန်ကုန်ကြပြီ၊ ကားငှားဖို့လည်း ပိုက်ဆံ မပါဘူး၊ လိုင်းကားတိုးစီးပြီး ပြန်ခဲ့ရတယ်"

"ဟာကွာ…"

သျှန် မျက်စိမျက်နှာ ပျက်နေသည်။

စီးစီးက ငိုရှိုက်လျက် အခန်းထဲဝင်ကာ တံခါးကို ဆောင့်ပိတ်သည်။

သျှန်က ကိုယ်လုံးကြီးနဲ့ ခံထားပြီး ရအောင်တိုးဝင်၍…

“ကိုကို တောင်းပန်ပါတယ် ချာတိတ်ရာ၊ ကိုကို လရိပ်ကို မဖြစ်လို့ လိုက်ပို့ခဲ့ရတာ”

“ဘာကြောင့်ပဲပို့ပို့ အဲဒါ ခင်ဗျားတို့ရဲ့ကိစ္စ၊ လာမပြောနဲ့၊ စီးစီးမှာလည်း အပေါင်းနဲ့အသင်းနဲ့ပါ၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြန်တော့ ခင်ဗျားပဲ ပြုပြုရှုရှု၊ ဒီနေ့ကစပြီး စီးစီးကို ဘယ်သူမှ လာမကြိုနဲ့”

စီးစီးက ဘာဆိုဘာမျှ အပြောမခံတော့ပေ။

“ချာတိတ်ရာ… အဲဒါ ကိုကို အိမ်ကို ဖုန်းဆက်လိုက်ပါတယ်၊ ညနေက လရိပ် ရောက်လာပြီး ကိုကို့ကို ဒင်နာလိုက်ကျွေးခိုင်းတယ်၊ သူ့အိမ်နဲ့ စိတ်ဆိုးလာတယ်ဆိုလို့ ကိုယ် လိုက်ပို့လိုက်တာ၊ ဆိုင်ကျမှ သူ့အပေါင်းအသင်း သူငယ်ချင်းတွေပါ ရောက်လာပြီး ဇယားရှုပ် ဟိုပို့ ဒီပို့နဲ့ တစ်ခါပြန်ခါနီးတော့ လရိပ် မိုက်အောင်တယ်ဖြစ်ရောကွာ”

“အဲဒါကို ခင်ဗျားက ကိုယ်ဖိရင်ဖိ ပြုစုလိုက်ရတယ်ဆိုပါတော့”





“မဟုတ်ဘူး”

“မပြောနဲ့၊ ဘာမှမပြောနဲ့၊ စီးစီးကိုကျတော့ ကလေးဆန်တယ်၊ ကလေးဆိုး ဆိုးတယ်၊ ယောက်ျားလေးသူငယ်ချင်း မထားနဲ့၊ ခင်ဗျား အမျိုးမျိုးအပုပ်ချတယ်၊ ချုပ်ချယ်တယ်၊ ခင်ဗျားကျတော့ ကိုယ့်ကို အသေရရ အရှင်ရရ လိုချင်နေတဲ့ မိန်းမတစ်ယောက်နဲ့ အချိန်လွန်အောင် ထင်သလိုနေတယ်”

“ချာတိတ်… မင်း ဘာဖြစ်လို့ ထင်ရာတွေ လျှောက်ပြောနေတာလဲ၊ သူနဲ့ ကိုယ် ဘာမှမဆိုင်ဘူး၊ ကိုယ့်စိတ်ကလုံးဝရိုးသားတယ်”

“သြော်… ဟုတ်လား၊ စီးစီးကလည်း ရိုးသားတာပဲလေ၊ ခင်ဗျား စကားကို မှတ်ထား၊ စီးစီးတို့မှာ ရိုးရိုးသားသား သူငယ်ချင်းကောင်လေးတွေ ပြည့်လို့၊ တွဲပြမယ်”

“ချာတိတ်”

သျှန် ဒေါသဖြစ်လာကာ စီးစီးပခုံးကို ဆွဲခါသည်။

စီးစီးက သူ့ရင်ဘတ်ကို တအားတွန်းက်ရင်း အားရှိသရွေ့ရုန်း၏။

“မင်း… မင်း…ကိုယ့်သိက္ခာကို အဲဒီလောက် မစော်ကားနဲ့၊ ကိုယ့်ဘက်က စိတ်ရော ကိုယ်ရော ဘာမှမပွန်းပဲ့ခဲ့ဘူး၊ မင်းလည်း ဘယ်ကောင်နဲ့မှ မတွဲရဘူး၊ ဒါ ရွဲ့စရာမဟုတ်ဘူးကွ”

"ရွှဲ့မယ်… ရွှဲ့မယ်၊ ခင်ဗျား ပေးတဲ့အတိုင်း စီးစီးက ပြန်ပေးမှာပဲ"

"တောက်… ငါကွာ"

သျှန်း ဒေါသမထိန်းနိုင်ဖြစ်ကာ လက်နဲ့ တအားလွှဲရိုက်ချတော့မလို ရွယ်လိုက်မိသည်။

"ရိုက်… ရိုက်လေ၊ ငြိမ်ခံနေမယ်တော့ မမှတ်နဲ့၊ မူမမှန်တဲ့လူကို စီးစီးတို့က ဘယ်တော့မှ အရှုံးမပေးဘူး၊ မနိုင်လို့ ပြားကျသွားတောင် ဂရုမစိုက်ဘူး"

"ဒီမှာ စီးစီး၊ ညည်းက လင်မယားချင်း ရန်ဖြစ်တာ ရိုးရိုးမဖြစ်ဘူး၊ တို့ကို ရစရာမရှိအောင် ပြောဆိုနေတာ မလွန်လွန်းဘူးလား"

အခန်းတံခါးက ခပ်ဆောင့်ဆောင့်လေး ပွင့်သွားကာ တံခါးဝမှာ လရိပ်က ခါးထောက်လျက် လှမ်းရန်တွေ့လေသည်။

"ဩော်… ရှင်ကြီးက လင်မယားရန်ဖြစ်တာလည်း ပါသေးသကိုး"

"ပါရတာပေါ့၊ ညည်းက တို့ကို ဆွဲထည့်နေတာပဲ"

"ဆွဲထည့်တာ မဟုတ်ဘူး၊ ကန့်လန့်ကန့်လန့် ပါချင်နေတာကို ဆွဲဖယ်နေရလို့ ခက်တာ"

လရိပ် ဆွေ့ဆွေ့ခုန်သွားသည်။





"ဘာ… ဘာပြောတယ်၊ တို့က ဘယ်လို ကန့်လန့်ကန့်လန့် ပါမိလို့လဲ၊ ဟိုအရင်ကတည်းက တို့မောင်နှမက ဒီလိုပဲ သွားလာနေကျ၊ တစ်ယောက်ပါးစပ်ထဲက တစ်ယောက် နှိုက်စားခဲ့ကြတာ၊ ညည်း သွေးခွဲစကားနဲ့ မစော်ကားပါနဲ့"

လရိပ်က ပိုပိုမိုမိုလေး ပြောပစ်လိုက်သည်။

သိလိုက်သော်လည်း နှစ်ယောက်ကြားထဲမှာ ရှက်တရက် ဘာပြောရမှန်းမသိဘဲ ရှက်လည်း ရှက်၊ ဒေါသလည်းဖြစ်ကာ ထူပူနေသည်။

စီးစီးက နဂိုကတည်းက သည်းခံတတ်သူ မဟုတ်လေရာ…

"ဩော်… ဒီလောက်ထိ ရင်းနှီးခဲ့ကြတာလား၊ ဒါပေမယ့် အခု ရှင်ကြီး သူ့ပါးစပ်ထဲက နှိုက်စားချင်လို့ မရတော့ဘူးလေ၊ ရှင်က သူ့မယားမှ မဟုတ်တာ၊ လူ့စည်း ဘီလူးစည်းဆိုတာ ရှင် နားမလည်ဘူးလား"

"နားလည်တယ်၊ တို့က ရိုးရိုးသားသား၊ ညည်းက မိုက်ရိုင်းနေတာ"

"ရိုင်းတယ်၊ ရိုင်းစရာရှိလို့ ရိုင်းတာ၊ ပြောစရာရှိလို့ ပြောတာ၊ ရှင်တို့ဟာ ရှင်တို့ အစက နှစ်ကိုယ့်တစ်စိတ်ပဲနေနေ၊ အခု မနေသင့်ဘူးဆိုတာ သိရမယ်၊ မသိလို့ အရင်အတိုင်းပဲ

နေချင်သေးတယ်ဆိုရင်တော့ ရှင်တို့ ယူလိုက်ကြပေါ့”

“ဘာ…”

“ချာတိတ်… မင်း… မင်း… ဘာပြောတာလဲ”

“ခင်ဗျားကြီး စီးစီးကို မအော်နဲ့၊ သွား… သွားကြ”

စီးစီး တအားအော်သည်။

“ဟော့… မိုက်ရိုင်းလှချည်လား၊ ဟင်…”

“အေးလေ… လူကြားလို့မှ မကောင်း၊ ဒါ ညည်းနေလာခဲ့တဲ့ ဆင်းရဲသားရပ်ကွက် မဟုတ်ဘူး၊ ထင်တိုင်းစွတ်အော်မနေနဲ့”

ဒေါ်အဲလင်းနဲ့ ဒေါ်ချိုမီသိမ်းတို့ သားအမိတွေ တန်းစီဝင်လာကြသည်။

စီးစီးရှေ့မှာ ဝိုင်းပတ်ရပ်၍ လက်ညှိုးထိုးကြသောအခါ သျှန်က စီးစီးရှေ့မှာ ပိတ်ရပ်လိုက်ပြီး…

“အားလုံး ဒီအခန်းထဲက ထွက်သွားကြပါ”

“မင်းမိန်းမ ပြောနေတာကို ကြည့်ဦးလေ၊ သားရယ် တစ်သက်လုံးက ချစ်ချစ်ခင်ခင် နေလာခဲ့ကြတဲ့ မိသားစု”

“သျှန်ရယ်… သူ ညီမလေးကို ပြောလိုက်တာ ရစရာကို မရှိပါလား”

အားလုံးက သျှန်ဘက်ကိုကျတော့ ငိုတော့မယ့် မျက်နှာ





ငယ်လေးများနှင့် စီးစီးကိုကြည့်တော့ ဘီလူးသရဲလို မျက်နှာများနှင့်…

“ညည်းဟာ လူလေးငယ်သလောက် အာဘော်ကြမ်း၊ လျှာဘော်ကြမ်း”

“နေရိပ် တို့ ပြောနေတာကို ကြားရင် ဘာမှဆက်မပြောပါနဲ့၊ အားလုံး ထွက်သွားကြပါ”

“မဟုတ်ဘူး သျှန်”

“ဒီလိုရှိတယ် သား”

“မပြောနဲ့ဗျာ၊ သွားကြ… သွားဆို သွားကြပါ၊ ဘာမှလာမပြောပါနဲ့”

ဘယ်သူမှ ရုတ်တရက် မသွားဘဲ စီးစီးကိုသာ စူးစူးဝါးဝါး ကြည့်နေကြသဖြင့် စီးစီးက ရှေ့ကိုထွက်၍…

“စီးစီးက လူငယ်ပေမယ့် သိက္ခာနဲ့နေတာ၊ အာဘော်ကြမ်း လျှာဘော်ကြမ်းပေမယ့် မဟုတ်မမှန်တဲ့ တန်ကြေးမဲ့စကားမပြောဘူး၊ ရင်းနှီးတယ်ဆိုတာ အတိုင်းအတာရှိတယ်၊ သတ်မှတ်ချက်ရှိတယ်၊ ကိုယ့်သားသမီး စည်းကမ်းရှိရှိနေတတ်ဖို့ကိုကျတော့ မဆုံးမဘဲ ပြောတဲ့လူကပဲ ရိုင်းသတဲ့”

“ဟဲ့… အတူသွား အတူစားတာလေးနဲ့ ညည်း ဒီလောက်ဖြစ်စရာလား”

"အတူသွားလာတာ ဒီပြင်လူနဲ့ဆို ကျေနပ်တယ်၊ အစတုန်းက မရမကယူဖို့ ငမ်းငမ်းတက် ရူးပိုပျက်ဆင်းပျက်ဖြစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်နဲ့သွားတာကို လုံးဝမကြိုက်ဘူး၊ မရိုးသားဘူးဆိုတဲ့လူက ချိုပေါက်နေတာမှ ဟုတ်တာ"

"ကြည့်စမ်း… ကြည့်စမ်း၊ မိုက်ရိုင်းလိုက်တာ"

"အို… ဒါ ဘာဖြစ်နေကြတာလဲ"

ဖြစ်ပျက်နေရာသို့ ဒေါ်မြတ်တို့တွေ ရောက်လာကြသည်။

"မမေးပါနဲ့တော့ မေမေ၊ ဒီအခန်းထဲမှာ ဆက်ဖြစ်နေကြရင် ကျွန်တော် ထင်ရာထွက်သွားတော့မယ်၊ တောက်… ဘယ်လောက်ရှက်ဖို့ကောင်းသလဲ"

"ဒီလို မြတ်"

"တော်ပြီ… မပြောနဲ့ဗျာ၊ သွားကြတော့"

သျှန် မျက်နှာကြီးနီရဲလျက် စီးစီးလက်ကို ဆတ်ခနဲဆွဲသွာ နေရာမှ ထွက်လာခဲ့သည်။

နောက်မှာ ဖြစ်ကျန်ခဲ့ကြတာ ဘာတွေမှန်း မသိ။

စီးစီးက ရှန်းကန်ပါလာလျက် စာကြည့်ခန်းထဲရောက်တော့ သူ့ကို ထုနှက် ငိုရှိုက်ကာ…

"ခင်ဗျားကို မုန်းတယ် သိလား၊ ခင်ဗျားကြောင့်…"





"အဲဒါ မင်းက စတာပဲ၊ မဟုတ်တာကို ဘာဖြစ်လို့ ပြဿနာရှာတာလဲ"

"မဟုတ်တာ ဟုတ်လား၊ ဘာမဟုတ်တာလဲ၊ ဖောက်ပြန်တယ်ဆိုတာ တစ်ခန်းတည်းအတူနေမှ ဖောက်ပြန်တာလား၊ စိတ်ထဲက နေချင်သလို နေနေတာကို ရိုးသားပါတယ်လို့ ဘာနဲ့တိုင်းတာမလဲ"

သျှန်က စီးစီးကို စူးစိုက်ကြည့်ကာ…

"မင်းက ကိုယ့်ကို သဝန်တိုနေတာလား ချာတိတ်"

"စိတ်ကူးယဉ်မနေစမ်းပါနဲ့၊ ခင်ဗျားကို သဝန်တိုဖို့ လုံးဝစိတ်မဝင်စားဘူး၊ "နင့်ယောက်ျားကို ဘယ်နေရာမှာ ဘယ်မိန်းမနဲ့တွေ့လိုက်တယ်"ဆိုတာမျိုး လက်ညှိုးထိုးမခံနိုင်တာ၊ ခင်ဗျားက စီးစီးကိုထားပြီး နောက်တစ်ယောက်ရှာတယ်ဆိုတာ စီးစီး သိက္ခာကျတာပေါ့၊ အဲဒါကြောင့် ခင်ဗျားက တစ်ယောက်တွဲရင် စီးစီးက ဘယ်တစ်ယောက် ညာတစ်ယောက် နှစ်ယောက်တွဲမယ်၊ ယုံမရှိနဲ့၊ မနက်ဖြန်ကစပြီး ကြည့်နေ"

စီးစီးက စိတ်ဆတ်သည်။

ကလေးဆန်သည်။ ပြောသလိုလုပ်မှာ သေချာနေသည်။

သျှန် ပြောရဆိုရခက်လှသော စီးစီးကို မချင့်မရဲကြည့်ကာ တက်ခေါက်လိုက်၏။

"မင်း ငါ့ကို ရှုကြည့်၊ တစ်ခါတည်း ကျောင်းထုတ်မယ်"

"ထုတ်လေ… စီးစီးက အခြေမဲ့အနေမဲ့မှ မဟုတ်တာ၊ မေမေက စီးစီးကို ကျောင်းတော့ ထားနိုင်ပါသေးတယ်၊ ဟင့်… ခင်ဗျားတို့ အသိုင်းအဝိုင်းကလူတွေ တယ်လည်း ဂုဏ်မောက်ကြပါလား"

"လာပြန်ပြီ… မင်း ဘာဖြစ်လို့ ဘာစကားပြောပြော အကောင်းမထင်တာလဲ၊ အဲဒီ ညီအစ်မကို ကိုယ် လိုချင်ရင် အစောကြီးကတည်းက လက်ထပ်လိုက်လို့ရတယ်၊ ဘာမှမဆိုင်တာကို စွပ်စွဲနေတယ်၊ ဒီအိမ်မှာ ကိုယ့်မေမေ ကိုယ့်အဒေါ် ကိုယ်ကအစ အားလုံး မင်းကို ချစ်ကြ၊ မြတ်နိုးကြလို့ မင်း သိပ်ဆိုးတယ် သိလား၊ ဘာဖြစ်ဖြစ် အမြဲဂျစ်တိုက်တယ်"

"ဟုတ်လား၊ ဆိုးတယ်ဆိုရင် လိမ္မာတာကိုရှာလေ၊ ခင်ဗျား ပြောသမျှ ခေါင်းညိတ်မယ့်ဟာကို ရှာပေါ့"

"ဟ… မင်း ပြောလေ ကဲလေပါလား"

ပြီးပြတ်အောင် ဆွဲထုတ်လာကာမှ ဆက်ဖြစ်နေရသဖြင့် သျှန် ဒေါသဖြစ်ရပြန်သည်။

စီးစီးက တစ်ခွန်းမှ မခံ။

"သမီးလေး"

ဒေါ်မြတ် အခန်းထဲဝင်လိုက်လာသည်။





စီးစီး ပခုံးလေးကို ဖက်၍…

"အခုဖြစ်တဲ့ကိစ္စမှာ သမီး မမှားပါဘူး၊ အဲဒါ မေမြတ် သိတယ်၊ မိန်းမချင်းစိတ်ကို မိန်းမချင်းပဲ သိတယ်"

ဒေါ်မြတ်က သျှန့်ဘက်ကို လှည့်ကြည့်ကာ…

"ညနေက မင်း သွားကြိုမယ်ဆိုလို့ အိမ်ကကား မလွှတ်လိုက်ဘူး သား၊ ဟိုမှာ သမီးတစ်ယောက်တည်း အချိန်အတော်လွန်မှ လိုင်းကားစီးပြီး ပြန်ရောက်လာတာ"

"ကျွန်တော် အိမ်ကို အချိန်မီ ဖုန်းဆက်တယ် မေမေ၊ အန်တီသိမ်း ကိုင်တာပဲ"

"ဘယ်သူမှ မပြောဘူး၊ သား ဆေးရုံကို ဖုန်းဆက်တော့လည်း ပြန်သွားပြီဆိုတော့ ဒီမှာလည်း လရိပ်က သားအမိ စကားများပြီး ထွက်သွားတယ် ပြောရော၊ မေမေတို့ စိတ်ပူပြီး လိုက်ကြဘာ"

ဒေါ်မြတ်က စီးစီးကိုလွှတ်၍ သျှန့်ဘက်ကို ရင်ဘိုင် ၍ကြည့်၏။

"ပြောစမ်းပါဦး၊ ညနေကတည်းက ဘာဖြစ်လို့ ဒီအချိန် ထိ သားက သူနဲ့ လျှောက်သွားနေတာလဲ၊ ဟိုတုန်းကတောင် ဒီလို သွားလာနေထိုင်တာကို မေမေ ခွင့်ပြုခဲ့တာ မဟုတ်ဘူး၊ သားလည်း အရောတဝင်မနေခဲ့ဖူးဘူး"

"သူက ကျွန်တော် လိုက်မပို့ရင် အိမ်ကိုမပြန်တော့ဘူး ပြောလို့ ခဏပဲဆိုပြီး လိုက်ပို့မိတာ မေမေ၊ ဟိုကျမှ ဧယားတွေ ရှုပ်ကုန်တာ၊ သူ့သူငယ်ချင်းတွေ ရောက်လာပြီး တစ်ယောက်စီကို ဟိုလိုက်ပို့ရ၊ ဒီလိုက်ပို့ရ၊ အမျိုးမျိုး ဂျိုကျတာ၊ ပြီးတော့ မိုက်နှာလို့ ကွေးကောက်နေတာပဲ၊ သူငယ်ချင်းရဲ့ ဆေးခန်းကို ဝင်ပြပေးရတယ်"

"ကိုသျှန် စမ်းသပ်ပေးပါနော်" ဟုဆိုကာ ကားထဲမှာပဲ ရင်ခွင်ထဲ အတင်းဝင်တော့မလို ချွဲနွဲ့နေသည့်အဖြစ်ကိုတော့ ပြောမပြရဲတော့ပေ။

လရိပ် အမှုအရာတွေ မှုမမှန်တာကြောင့် သူ လုံးဝ မထိကိုင်ချင်တာနှင့် ဆေးခန်းပဲ ပို့ပေးခဲ့သည်။

ဟိုရောက်တော့ အကြောင်းအမျိုးမျိုးနှင့် ကြန့်ကြာခဲ့ရတဲ့ အဖြစ်။

ဒါတွေကို ပြောမပြပေမယ့် ဒေါ်မြတ်ကတော့ နားလည် သွားသည့်နှယ်။

"ဘယ်သူ့ကိုမှ မယုံနဲ့ သား၊ သူတို့မျက်လုံးတွေ မရိုးသားဘူးဆိုတာ မေမေ သိနေတာ ကြာပြီ၊ ဒါကြောင့် မြွေပွေးခါးပိုက် မပိုက်ချင်လို့ ခွာထုတ်ဖို့ စီစဉ်နေတာ၊ သွေးသားတောင်မှ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မပဲ၊ သူတို့က သွေး





သားတော်ကြတာ မဟုတ်ဘူး၊ ကိုယ့်အပေါ် အနေအထားအမျိုးမျိုးက ဒုက္ခပေးနိုင်တယ်၊ ခုလို ကိုယ့်ကို မခံချင် နာကြည်းပြီး ကြိတ်မနိုင်ခဲမရ ဖြစ်နေတဲ့အချိန်မှာ ပိုသတိထားရမယ်၊ နောက်ကို အားမနာပါနဲ့"

ဒေါ်မြတ်က ခပ်ပြတ်ပြတ်ပဲ ပြောသည်။

"သူတို့မိသားစုကိစ္စ သူတို့ဘာသာ ဘာဖြစ်ဖြစ် မဆိုင် သလိုနေပါ၊ အထူးသဖြင့် သားရဲ့ အိမ်ထောင်ရေးကို သူတို့ ဒုက္ခပေးဖို့ ကြိုးစားမှာပဲ၊ သမီး ပြောတာကို သည်းခံရမယ်၊ ကိုယ်က မှန်ပေမယ့် မှားခဲ့တာကို ဝန်ခံလိုက်ပါ"

ဒေါ်မြတ်က သားဖြစ်သူကို အကြာကြီးစိုက်ကြည့်နေပြီးမှ အခန်းထဲက ထွက်သွားသည်။

စီးစီးကပါ နောက်က လိုက်သွားကာ အခန်းထဲဝင်၍ ခေါင်းအုံးနဲ့ စောင်ကို ဆွဲချသွားပြီး တံခါးဝနားမှာ ရှင်းဘက် ချအိပ်သည်။

သျှန် တံခါးပိတ်၍ အိပ်ရာပေါ်မှာ ခြေရှုံလိုင်ရင်း စီးကရက် ထုတ်သောက်မိသည်။

သူ စီးကရက် မကြိုက်ပါ။ ဒါပေမယ့် စိတ်ရှုပ် ခေါင်းခဲ လာတိုင်း သောက်ဖြစ်ဟာတော့ အမှန်ပင်။

အိပ်ရာထဲ အသာလှဲချ၍ စီးကရက်တို့သွားတဲ့အထိ

ပက်လက်လှန်နေရင်း မျက်လုံးအကြောင်သားနဲ့ ဖြစ်နေမိသည်။

စီးစီးကတော့ အိပ်ပျော်သွားပြီဆိုတာ သူသိနေ၏။

သူ့မှာသာ အိပ်ရာထက်မှာ ဟိုလူး ဒီလိမ့်။

ခွေခွေခေါက်ခေါက်လေး အိပ်ပျော်ကာ စောင်တစ်ဝက်က ကြမ်းပေါ် ပုံကျနေသည့် စီးစီးထံသို့ လှမ်းကြည့်လိုက်မိသည်။

ပြီးတော့ သူ နေရာမှထကာ စီးစီးနားသွား၍ မျက်နှာလေးကို ငုံ့ကြည့်နေမိသည်။

ဆံနွယ်လေးတချို့က ပန်းနုရောင် ပါးမို့လေးပေါ်မှာ မျက်ရည်စများနဲ့ စိုကပ်နေဆဲ။

နီတျာသော နှုတ်ခမ်းလေးအစုံက စေ့ပိတ်လျက် မျက်တောင်ကော့လေးတွေ စင်းကျ ဖြာကျနေသော မျက်နှာလေးကို သူ ကြည့်လို့မဝ။

တမေ့တမော ကြည့်နေပြီးမှ မျက်တောင်နက်နက်လေးတွေကို သူ ဖွဖွသာသာလေး ငုံ့နမ်းကာ စီးစီးကိုယ်လေးကို မနိုးအောင် သိမ်းပွေ့လိုက်သည်။

အိပ်ရာပေါ်မှာ အသာချ၍ ပခုံးအောက်မှာ ဝိနေသည့် သူ့လက်ကို ဆွဲထုတ်တော့မှ စီးစီး နိုးသွားလေသည်။

"အို… ဘာလုပ်တာလဲ၊ ခင်ဗျားကို မုန်းတယ်၊ သွား… သွား…"





စီးစီး အတင်းပြန်ထသဖြင့် သျှန်က ဆွဲဖက်ထားလိုက်ကာ…

"ဘယ်သွားမလို့လဲကွာ၊ ကိုကို တောင်းပန်ပါတယ်၊ ကျေနပ်တဲ့အထိ"

"ဘယ်တော့မှ မကျေနပ်ဘူး၊ လာမတောင်းပန်နဲ့၊ ခင်ဗျား စီးစီးကို လွှတ်နော်"

"မလွှတ်ဘူး၊ ပြောတာကို နားထောင်"

"မထောင်ဘူးလို့ ပြောနေတယ်နော်၊ စီးစီး တအားအော်ပစ်လိုက်မှာ"

"အော်လို့မရအောင် ကိုကို တားနိုင်တယ်နော်၊ စိန်မခေါ်နဲ့၊ ကိုကိုတို့ ရန်မဖြစ်ချင်ဘူးကွာ၊ ခဏလေး ငြိမ်ငြိမ်နေပြီး နားထောင်စမ်းပါ"

သျှန်က စီးစီး တစ်ကိုယ်လုံးကို လှုပ်မရအောင် ဖိချုပ်ထားလျက်…

"မင်းကို ကိုကို သိပ်ချစ်တယ်၊ ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူးတဲ့ ရှိသမျှအချစ်တွေ ပုံအောပြီး ချစ်ခဲ့တာ၊ လရိပ်နဲ့တို့ သွားမိတာကို ကိုကို မှားမှန်းသိတယ်၊ အဲဒါကို တောင်းပန်မလို့ဟာ မင်းက ရွှံ့မယ် တွဲမယ်ပြောတော့ ဘယ်လိုမှကို ဟန်မဆောင်နိုင်အောင် ပေါက်ကွဲသွားတာ၊ အဲဒါကို နားလည်စမ်းပါ ချာတိတ်

ရယ်၊ အစကတည်းက မင်းကို ကိုကို စိတ်မချလို့ ကျောင်းမပြီးသေးဘဲ လက်ထပ်နိုင်ဖို့ အမျိုးမျိုးကြိုးစားခဲ့တာပေါ့"

စီးစီးက မျက်နှာကို တစ်ဖက်လှည့်ထားသဖြင့် ဒီဘက်ဆွဲလှည့်၍ ငုံ့နမ်းတော့ စီးစီးက ရှောင်ပစ်သည်။

သျှန်က မရမက လိုက်နမ်း၏။

"ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ"

"ကိုကို့ကို စိတ်ဆိုးပြေပြီလား"

"ခင်ဗျား စီးစီးနား မကပ်နဲ့၊ ပြေမယ်"

"မကပ်လို့ ကိုကိုက ဘယ်သွားရမှာလဲ"

"ဟိုပေါ်မှာ သွားအိပ်"

"တစ်ယောက်တည်း မအိပ်တတ်ဘူး"

"ဒါဆို ခင်ဗျားက အမြဲတမ်း နှစ်ယောက်အိပ်နေကျလား"

"ဟိတ်... မတည့်အောင် မပြောနဲ့ကွာ၊ မင်းနဲ့ လက်ထပ်ပြီးမှ ရင်ခွင်ထဲမှာ မင်းမရှိရင် မအိပ်တတ်တော့တာ၊ စီးစီး ကိုကို့ကို ချစ်တယ်မဟုတ်လားဟင်"

"အံမယ်... ခင်ဗျားကို ဘယ်ရှေ့နေက လက်ထောက်ခလိုက်တာလဲ"

"ဘယ်ရှေ့နေမှ မလိုပါဘူးကွာ၊ မင်း ကိုကို့ကို ချစ်တာ





ကိုကို ခံစားမိတာပဲ"

"စိတ်ကူးထဲမှာတောင် မချစ်ခဲ့ဖူးဘူး"

သူ ပြုံး၍ စီးစီးပါးလေးကို ဖွဖွလေး လိမ်ဆွဲလိုက်၏။

"မချစ်သေးရင် ရတယ်၊ ချာတိတ် ကိုကို့ကို မရွံနဲ့နော်၊ ကိုကိုကတော့ စိတ်မထင်ရင် မထင်သလိုလုပ်ပစ်မှာပဲ၊ တစ်ကိုယ်ကောင်းဆန်တယ်ပြောပြော တရားတရား မတရား တရားပဲ"

စီးစီးက နှုတ်ခမ်းမဲ့သည်။

"မမဲ့နဲ့၊ တကယ်ပြောတာ၊ ချာတိတ်ကို ကိုကိုက ပိုင်တာ၊ သက်ဆိုင်တာလောက်နဲ့ ဘယ်သူ့ကိုမှ ဆုံးဖြတ်ခွင့်မပေးဘူး၊ အမေဖြစ်ဖြစ် အဖေဖြစ်ဖြစ် အားလုံးပဲ ဘယ်လိုမှ ပြောဆိုမရရင်တော့ မိန်းမ မနိုင်လို့ ငုတ်တုတ်ထိုင်ကြည့်နေမှာ မဟုတ်ဘူး"

"အံမယ်... ခင်ဗျားက ဘာလုပ်ချင်သေးလို့လဲ"

သျှန်က ဟက်ခနဲရယ်၍...

"မင်းကို ဘယ်သူမှ မကြိုက်ရဲအောင် "ဒါ ကျွန်တော့်မိန်းမပါ"လို့ စာရေးပြီး နောက်ကျောမှာ ကပ်လွှတ်လိုက်မလို့"

စီးစီး လှစ်ခနဲ ပြုံးလိုက်မိလျှင် တင်းကျပ်သော ပွေ့ဖက်မှုများနှင့် နွေးသောအနမ်းတို့ ကြာရှည်စွာ ဖြစ်တည်လျက်...

"ချစ်လိုက်တာ ကလေးရယ်"

❑ ❑ ❑

“သဘောကတော့ အဲဒီအတိုင်းပါပဲ”

ဒေါ်မြတ် မျက်နှာ တင်းနေသည်။

ဒေါ်သထန်နေကြသော မျက်နှာအသီးသီးကို ဂရုမစိုက်စွာ ခြေချင်းချိတ်မပျက်ဘဲ စီးကရက်မီးညှိလိုက်သည်။

ပြီးတော့ ဂက်စ်မီးခြစ်ကို စားပွဲပေါ်ပစ်ချလိုက်ကာ···

“ဒီအိမ်ရဲ့ စည်းရုံးသားယာမှု သားရဲ့ အိမ်ထောင်ရေးအနာဂတ်အားလုံးကို ဘာတစ်ခုမှ ထိခိုက်ပွန်းပဲ့ မခံနိုင်ဘူး ကိုကြီး၊ ဒီထက် ပိုမဆိုးလာကြခင် ကာကွယ်ရာလည်း ရောက်တာပေါ့”

“နေပါဦး··· အခု ဘာတွေဖြစ်နေကြလို့လဲ၊ မိန်းကလေးချင်း စိတ်အခန့်မသင့်လို့ ဖြစ်ကြတာကို ညည်းက အဲဒီလို ဘက်လိုက်ပြောသလား မြတ်၊ ကိုကြီးနဲ့ ကိုလေးက ညည်းကို ထမ်းပိုးထိန်းကျောင်းလာခဲ့ရတဲ့ အစ်ကိုတွေပါ”

“ကိုလေးက အိမ်မှာကပ်တာမှ မဟုတ်တာ၊ ဘာမှမသိဘဲ ဝင်မပြောပါနဲ့ ကိုလေးရယ်၊ ခုဖြစ်ကြတဲ့ကိစ္စမှာ နှစ်ဦးနှစ်ဖက်





ဘယ်လိုမှ မျက်နှာချင်းထပ်ဆိုင်လို့ မကောင်းတော့အောင် စကားတွေက လွန်ကျူးကုန်ပြီးပြီ၊ ရှေ့ဆက် အတူနေဖို့ လုံးဝမဖြစ်နိုင်တော့ဘူး။ မသင့်မြတ်ကြတဲ့အချိန်မှာ ထဘီမ,သွားလည်း အပြစ်၊ တံတွေးထွေးလည်း အပြစ်ပဲ၊ တစ်ယောက်နဲ့တစ်ယောက် အကောင်းမြင်ကြတော့မှာမှ မဟုတ်တာ”

“တို့သမီးနဲ့ စီးစီးကိစ္စမှာ တို့သမီးဘက်ကပဲ လွန်တယ်လို့ မင်းက ပြောတာလား မြတ်၊ တို့က ရစရာမရှိအောင် အပြောခံလိုက်ရတာပါ”

ဒေါ်ချိုမီသိမ်း အသံက တုန်ခါနေသည်။

ဒေါ်အဲလင်းကတော့ လက်ပိုက်ကြည့်နေသည့် ပွဲကြည့်ပရိသတ် လင်ညီအစ်မချင်း သင့်မြတ်စည်းလုံးကြပေမယ့် ဒီကိစ္စမှာတော့ ဘာမှဝင်မပြောပေ။

“ဒီကိစ္စကို ဘာမှပြန်မလှန်ပါနဲ့တော့ မသိမ်း၊ ဒါကိုထားလိုက်ပါ၊ တစ်ခုတော့ရှိတယ်၊ သားနဲ့ ပတ်သက်ပြီး စီးစီးက မြတ်ရဲ့သမီးပဲ၊ မြတ် ဘယ်ဘက်က ရပ်သင့်သလဲ ကိုယ်ချင်းစာပေးပါ၊ ပြီးတော့ စီးစီးက ငယ်သေးတယ်၊ မြတ်တို့ကိုယ်တိုင်အစစ သည်းခံပြီး သားအတွက် ဇနီးကောင်းတစ်ယောက်ဖြစ်လာအောင် ကလေးကို မှန်ပေးစာသင်သလို ကြိုးစားနေကြတုန်းပဲ၊ ချွေးမလည်း ဟုတ်၊ သမီးလည်း ဟုတ်တယ်၊ မှန်မှန်မှားမှား

ဘယ်သူလက်ညှိုးထိုးတာမှ မကြိုက်ဘူး"

"ရင့်လှချည်လား မြတ်ရဲ့၊ မင်းတို့ ထင်သလို ဒီကောင်မလေး ယဉ်ကျေးသိမ်မွေ့လာနိုင်ပါ့မလား"

ဒေါ်ဖူး ဆတ်ခနဲ ကိုယ်မတ်သွားလျက်…

"အဲဒါ မသိမ်းတို့ ဝေဖန်ဖို့ မလိုပါဘူး၊ မသိမ်းတို့ လုပ်ရမှာက အခု ဖူးတို့ သတ်မှတ်လိုက်တဲ့ ရက်မလွန်ခင် ဒီက ထွက်သွားဖို့ပဲ"

ဦးနေဟန်ကြည် ဝုန်းခနဲ ထရပ်လိုက်လေသည်။

"စိတ်ချ… မိဖူး၊ ငါတို့ ဆင်းပေးမယ်၊ နင်တို့ အချိုးတွေ ပြောင်းနေကတည်းက တစ်နေ့ ဒီလို့ပဲဖြစ်လာမယ်ဆိုတာ ငါတို့က သိပြီးသား"

ဒေါ်ဖူးက ခပ်မဲ့မဲ့ပြုံးလိုက်ပြီး…

"ဟုတ်လား၊ ဒါကြောင့် ကြိုတင်စုဆောင်းထားတာ သင်တယ်၊ ကမာရွတ်မှာ တိုက်နဲ့ ခြံနဲ့ ကမ်းနားမှာ ပွဲရုံနဲ့နော်"

ဦးနေဟန်ကြည် မျက်နှာ မည်းခနဲဖြစ်သွားသည်။

ဦးလရောင်ကြည်ကပါ စားပွဲကို ဖျန်းခနဲပုတ်ကာ…

"အဲဒါ နင်တို့ပစ္စည်းတွေနဲ့ ဘာမှမဆိုင်ဘူး၊ ငါတို့ဟာ ငါတို့ ကြိုးစားထားတာ"

"ဆိုင်ဆိုင် မဆိုင်ဆိုင် ဖူးတို့က ဂရုမစိုက်ပါဘူး၊ ဖူးတို့





အတွက်က ကမ်းပါးပွဲရုံနဲ့ မြို့ပျက်သွားနိုင်တာမှ မဟုတ်တာ၊ တဖြည်းဖြည်း တိုက်စားမသွားအောင် ကာကွယ်နိုင်ဖို့ပဲ လိုတာပါ၊ ရသလောက်ကဲ့ ကြိုက်သလောက်ယူသွား၊ အဲ… ကိုယ့်အိတ်ထဲကျမှသာ မီးသွေးတုံးတွေ ဖြစ်မနေပါစေနဲ့၊ စီးပွားဉစ္စာဆိုတာ စားထိုက်မှ စားရ.ကာပါ"

"မိဖူး… နင်… နင်…"

ဦးလရောင်ကြည် ရှုံ့ရှုံ့ရှားရှား ရှေ့တိုးလိုက်သည်။

နောက်က တစ်စုံတယောက်က ဖမ်းဆွဲထားလိုက်သည်။

"လက်မပါပါနဲ့ အန်ကယ်၊ ခါးကို ခါးချင်း၊ လက်ကို လက်ချင်းပေါ့၊ သူက ပါးစပ်နဲ့ ပြောရင် အန်ကယ်လည်း ပါးစပ်နဲ့ပြောပါ၊ ခွန်အားမမျှတာကို သိရက်နဲ့ ဟာကျူလီဇလပြပြီး ဒိန်ခေါ်နေတာ ရှက်ဖို့ကောင်းပါတယ်"

သျှန်က လက်ကိုလွှတ်၍ ဘေးမှာ ဝင်ရပ်လိုက်၏။

"အခု မေမေက သွားခိုင်းတယ်၊ အန်ကယ်တို့က သွားမယ်၊ ကိစ္စက ပြီးပြီမဟုတ်လား"

"ငါတို့ဘက်က လျှော့လိုက်လို့ပါ၊ တစ်သက်လုံးက ဆွေမျိုးသားချင်းလို နေလာခဲ့ကြတာ၊ ဆင်းမပေးတော့ ဘာတတ်နိုင်မှာလဲ"

ဒေါ်အဲလင်းက ထိမထင် လှမ်းပြော၏။

သျှန်က ခပ်ပြုံးပြုံး လှည့်ကြည့်၍…

"ဥပဒေဆိုတာ အလုံးမဟုတ်ရင် ပြားမှာပဲ၊ မမှန်ရင်လည်း မှားမှာပဲ အန်တီ၊ ရပ်ကွက်ထဲမှာလို အကြင်နာသံဝေယာဇဉ်တွေနဲ့ လိုလိုတွေကို လက်ညှိုးထိုးပြီး စီရင်ချက်ချမှာ မဟုတ်ဘူး၊ ဖြစ်နိုင်မယ်ထင်သေးရင် နေပါ၊ အမွေစား အမွေခံ မဟုတ်ခဲ့ဘဲ ဘွားဘွား သေဆုံးခါနီးမှာလည်း ခွဲထွက်နေကြဖို့ မှာထားခဲ့တာကို မနာခံခဲ့ဘဲ လုပ်ငန်းအားလုံးကို ချုပ်ကိုင်ခဲ့တဲ့ နှစ်ပေါင်းများစွာထဲက ပျောက်ရှလွှင့်ပါးမှုတွေ စာရင်းအတိအကျ ကျွန်တော်တို့မှာ ရှိတယ်၊ နောက်တော့မှ သက်ဆိုင်ရာကနေ ရှင်းဆိုင်ကြတာပေါ့၊ ရှေ့တိုးပြီးရင်တော့ နောက်ဆုတ်လို့မရဘူး"

ဒေါ်အဲလစ် အသက်ရှုပြင်းလာသည်။

ဦးနေဟန်ကြည် လက်သီးဆုပ်လျက် ဒေါ်ချိုမီသိမ်းက တက်ခေါက်သည်။

"အလုပ်လုပ်တဲ့သူဟာ အမှားရှိတာပဲ သျှန်၊ ဘာမှမလုပ်ရင် ဘာမှမမှားဘူး၊ ဒီအလုပ်တွေကို ကိုနေ တစ်သက်လုံး အုပ်ချုပ်လာခဲ့တာ၊ မြတ်တဲ့အခါ ရှိတယ်၊ ရှုံးတဲ့အခါ ရှိတယ်၊ ဒါကို မင်းက အလွဲသုံးစားလို့ ပြောသလား၊ ထားလိုက်ပါတော့၊ ငါတို့လည်း ဒီလို ဂုဏ်မောက်တဲ့အိမ်မှာ မနေပါဘူး၊ သွားမှာ





ပါ… မင်းတို့မိသားစုသာ ကမ်းပါးပဲ့လို့ မြို့ပျက်တဲ့အထဲ မပါပါစေနဲ့"

ဒေါ်ချိုမီသိမ်း မေ့ဗ္ဗာပို့၍ ကျိန်စာတိုက်နေသည်။

တကယ်ဆို ဟိုနေ့က လရိပ်ကို လွှတ်ခဲ့တာ သျှန်ကို အပိုင်ဖမ်းဖို့ပဲ ဖြစ်သည်။

နောက်ဆုံး သျှန်ကို မလှုပ်နိုင်အောင် အကျပ်ကိုင်၍ စည်းစိမ်တစ်ဝက်ဖြစ်ဖြစ် ရအောင်ချူဖို့ ဖြစ်သည်။

အရှက်သိက္ခာအတွက် သူတို့ ဘာဖြစ်ဖြစ် ချပေးလာတဲ့အထိ ချောင်ပိတ်ဖမ်းဖို့ သားအမိတွေ စီစဉ်ထားခဲ့သည်။

ထို့ကြောင့် ထိုနေ့က လရိပ် အိမ်နဲ့ စိတ်ဆိုးပြီး ထွက်သွားပြီဟု သတင်းလွှင့်လိုက်တာ ဖြစ်သည်။

တစ်ဖက်မှာ လရိပ်က သျှန်ကို လှည့်ပတ်ထိန်းထားကာ နောက်ဆုံး ဆွဲဆောင်သိမ်းသွင်းဖို့ထိ ကြံစည်ခဲ့ကြ၏။

သျှန်က ဘယ်လိုမှ သိမ်းသွင်းလို့မရဘဲ လရိပ်ရဲ့ ဖြားယောင်းမှုများကို ဂရုမစိုက်စွာ ရှောင်ထွက်သွားခဲ့သည်။

နည်းအမျိုးမျိုးနဲ့ ကြိုးပမ်းမှုများက ရေထဲကို ပစ်ချသော မြားတံများလို အသွားမထွက်ဘဲ ပေါလောမျောနေမှ လက်မှိုင်ချ၍ အတူပြန်လာခဲ့ကြခြင်း ဖြစ်သည်။

ခုတော့ ကြိုးစားသမျှ ဘာမှဖြစ်မလာဘဲ ဒီဘူတာပဲ

ပြန်ဆိုက်၍ ဆိုးသထက် ဆိုးလာခဲ့သည်မို့ ရင်ထဲမှာ တနုံ့နုံ့ဖြစ် နေကြသည်။

စားရခါနီးမှ ပုတ်အချခံလိုက်ရတဲ့အဖြစ်။

တကယ်တော့ သမီးတစ်ယောက်နဲ့ သျှန်ကို လက်ထပ် ပေးဖို့က သေချာခဲ့ပြီးသား

စီးစီးဆိုတာ ပေါ်လာတော့မှ ဒီလို ဒီကိစ္စတွေ ဖြစ်လာခဲ့ ရတာ။ မုန်းတီးမှုများက စီးစီးအပေါ်မှာပဲ စုပုံသွားသည်။

သတ်ပစ်ချင်လောက်အောင် မုန်းတီးသွားခဲ့ကြတာ စီးစီး ကိုပဲ ဖြစ်လေသည်။

နောက်ပြန်လှည့်ထွက်ခဲ့ကြရသော ခြေလှမ်းများမှာ နာကြည်းမုန်းတီးမှုများနှင့် ···

❑ ❑ ❑

ဆေးရုံက ပြန်ရောက်တယ်ဆို စီးစီး ကုမ္ပဏီရောက်နေပြီ ဆိုတော့ ရင်ထဲမှာ မောသွားသည်။

ဒီနေ့ နေ့တစ်ဝက်က ဂျူတီအော့ဖ်မို့ စီးစီးလည်း ကျောင်း ဝိတ်တာနှင့် ရုပ်ရှင်သွားကြည့်မည်။ အကောင်းဆုံး ဟိုတယ်မှာ ညစာစားပြီးမှ ပြန်မည်။

အစီအစဉ်များနဲ့ ပြန်လာခဲ့တာ။

ဒေါသမကင်းသော လက်ချောင်းတို့က ဖုန်းခွက်ကိုင် ရင်း နံပါတ်တွေနှိပ်တာ ခပ်ဆောင့်ဆောင့်။

"ဟဲလို··· ဟင်··· ကိုလေးထွန်းလား"

"ဟုတ်တယ်၊ ညီလေးလား··· ကိစ္စရှိလို့လား ညီလေး"

ကိုလေးထွန်းနာမည်က ညီလေးထွန်း ဖြစ်သည်။

သူက ကုမ္ပဏီမှာ မန်နေဂျာ။

ဦးနေဟန်ကြည် လက်အောက်မှာပေမယ့် ဟိုအရင်က တည်းက မေမေ ခန့်ထားခဲ့တဲ့ လူဟောင်းမို့ သျှန်တို့ သိလိုသမျှ

ကုမ္ပဏီက ကောင်းကြောင်း မကောင်းကြောင်း ကိစ္စအဝဝကို အမြဲတမ်း သတင်းပို့နေသူ ဖြစ်သည်။

"ကိုလေးထွန်း အဲဒီမှာ မေမေနဲ့ စီးစီးရှိလား"

"အစ်မကြီး မရှိဘူး ညီလေး၊ ညီမလေး ရှိတယ်၊ စကား ပြောမလား"

"အင်း… သူ့ကို ခေါ်လိုက်စမ်းပါ"

ခဏလေးပဲ စောင့်လိုက်ရကာ စီးစီး ဖုန်းလာကိုင်သည်။

"ဦးသျှန် စီးစီး ပြောနေတယ်"

"မင်း အဲဒီကို ဘာသွားလုပ်တာလဲ ချာတိတ်"

"ကျောင်းပိတ်ရင် စီးစီး သွားနေကျပဲဟာ"

"ဒီနေ့ ကိုကို အိမ်မှာရှိတယ်ကွာ၊ ခုပြန်လာခဲ့"

"ဟာ… မလာချင်ပါဘူး၊ ဒီမှာ အလုပ်လုပ်နေတာ"

"မေမေ မရှိဘဲ ဘာတွေလုပ်နေတာလဲ၊ မေမေ ဘယ် သွားလဲ"

"အထည်စက်ကို လှည့်ဝင်မယ်လို့ ပြောတာပဲ၊ ညနေ ကျ လာပြန်ခေါ်မယ်တဲ့"

"မရဘူးကွာ၊ မင်း ပြန်ခဲ့တော့၊ ကိုကို လာခေါ်ရမလား"

"ဟင့်အင်း… မခေါ်နဲ့ ဦးသျှန်၊ စီးစီး ဒီမှာ စိတ်ဝင်စား နေတာကို ဘာဖြစ်လို့ နှောင့်ယှက်နေရတာလဲ၊ အလကား ပျော်ပွဲ





ရွှင်ပွဲတက်နေတာမှ မဟုတ်တာ၊ စီးပွားရေး လေ့လာနေတာ"

"မင်းကို ဘယ်သူက စီးပွားရှာခိုင်းနေလို့လဲကွ၊ လေ့လာ စရာလည်း မလိုဘူး၊ မှတ်သားဖို့လည်း မလိုဘူး၊ ဒီနေ့ ရုပ်ရှင် သွားကြည့်မယ်၊ အပြင်မှာ ညစာစားပြီးမှ ပြန်မယ်၊ ချာတိတ် ပြန်လာမလား၊ ကိုကို လာခေါ်ရမလား"

"မလာနဲ့… စီးစီးပဲ ပြန်ခဲ့မယ်၊ တစ်နာရီလောက်တော့ စောင့်နော်၊ ဒီမှာ လက်စတွေနဲ့မို့လို့"

"ဟ… တစ်နာရီလောက်ဆို မင်း ပြန်လာမှာ ရေချိုး အဝတ်အစားလဲမှာနဲ့ ကုန်ပြီပေါ့၊ ခုပြန်ခဲ့ကွာ၊ ဒါပဲ… ဆယ့်ငါး မိနစ်အတွင်း"

"ဦးသျှန်…"

စီးစီး ခေါ်သံလေးကို သူ ဂရုမစိုက်ဘဲ ဖုန်းချပစ်လိုက် သည်။ နားမထောင်ဘူးဆိုတာလည်း သိနေသည်။

နောက်တစ်နာရီကျော်ပြီးမှ ရောက်လာမှာက သေချာပါ သည်။

ဒါပေမယ့် သူ မတတ်နိုင်ပါ။

အဓိကက ပြန်ရောက်လာဖို့ပဲ ဖြစ်သည်။

ညနေကျမှ ပြန်လာမယ့်အချိန်ထိတော့ မစောင့်နိုင်ပေ။

လိုက်သွားဖို့ကျတော့လည်း မိဘက ခိုင်းတော့ ကုမ္ပဏီ

ကို မသွားဖြစ်မလာဖြစ်ဘဲ မိန်းမပါသွားမှ လိုက်ခေါ်ဖော်ရတယ် ဖြစ်ဦးမည်။

မေမေ့ကိုတော့ ပြောမှ ဖြစ်တော့မှာပါ။

စီးစီးကို သူ မျက်စိကွယ်ရာမှာ ဘယ်လိုမှ စိတ်မချနိုင်။

နာရီတစ်ချက်ကြည့်၍ ရေချိုး အဝတ်အစားလဲပြီးချိန် အထိ စီးစီး ရောက်မလာပေ။

"တောက်…"

ထိုင်လိုက် ထလိုက်နှင့် နာရီကြည့်တော့ တစ်နာရီကျော် ကျော် အချိန်ကြာနေပြီ။

သူ တယ်လီဖုန်းနား ရောက်သွားပြန်သည်။

ဒီတစ်ခါ ခေါ်လိုက်တော့လည်း အတွင်းရေးမှူးကောင်မ လေးပဲ ကိုင်လေသည်။

"ဟဲလို…"

"မင်း နယ်လီသန်းဆိုတာလား"

"ဟုတ်ကဲ့ရှင့်… လူကြီးမင်း အမိန့်ရှိပါ"

"အနားမှာ စီးစီးရှိလား၊ ခဏလောက် ခေါ်ပေးပါ"

"ရှင်… စီးစီးဆိုတာ နယ်လီတို့ သူဌေးကတော်ကို ပြောတာလား"

"ဟုတ်တယ်"





"ဟုတ်ကဲ့ ဘယ်သူခေါ်တယ်လို့ ပြောပေးရမလဲ"

"စည်းစိမ်သျှန်"

"ဟင်… ရှင်… ဟုတ်… ဟုတ်ကဲ့၊ ခဏလေးစောင့် ပါနော်၊ အနားမှာ သူ မရှိလို့ပါ"

ဒီတစ်ခါ အကြာကြီးစောင့်ပြီးမှ ဖုန်းပြန်ကိုင်သည်။ သို့သော် စီးစီးလည်း မဟုတ်။

"ဟုတ်ကဲ့ ဘော့စ်၊ ခေါ်လျှပ်စီးလင်း ပြန်သွားပြီလို့ ပြောပါတယ်၊ နာရီဝက်ကျော်ကျော် ရှိပါပြီတဲ့"

"ဘယ်သူ ပြောတာလဲ၊ ဘာနဲ့ပြန်သွားတာလဲ၊ မေမေ လာခေါ်သွားတာလား"

"မဟုတ်ပါဘူး၊ သူတစ်ယောက်တည်းပဲ ဒီအတိုင်းထွက် သွားတာလို့ တာဝန်ခံ ကိုမိုးမြတ်က ပြောပါတယ်ရှင့်"

ဒေါသဖြစ်နေသည့်အထဲမှာ စက္ကူထရီကို လေးစားသွား မိလေသည်။

တစ်ချိန်တည်း တစ်ခါတည်းမှာ ထောင့်စေ့ စေ့စပ်တဲ့ မိန်းကလေး။

"ဘော့စ်… တစ်ခုခုညွှန်ကြားစရာများ ရှိပါသလားရှင်"

"မရှိဘူး၊ သင့်ခ်ယူ"

သူ ဖုန်းချပစ်လိုက်သည်။

ကုမ္ပဏီမှာ ဘော့စ်အဖြစ် ဦးနေဟန်ကြည် ရှိနေခဲ့သော်လည်း အပြောင်းအလဲတွေ ဖြစ်ကုန်ကြတာကို သိလျက် ဝန်ထမ်းအားလုံးက ရုံးမှာ ဘယ်သူထိုင်မယ်မှန်း မသိသည်မို့ ဒေါ်မြတ်တို့ကိုရော သူ့ကိုပါ မိသားစုအားလုံးကို ဘော့စ်ပဲခေါ်ကြတာဖြစ်သည်။

သျှန် နာရီကြည့်၍ တံခါးဝထိ လျှောက်လာခဲ့သည်။

စီးစီး ဘာဖြစ်လို့ ပြန်ရောက်မလာသေးတာလဲ။

ကုမ္ပဏီမှာ ကားရှိသည်။

သူ ပြန်မယ်ဆို ကိုလေးထွန်းကို ပြောလိုက်ရုံပဲဖြစ်သည်။ သူ ဖုန်းကို တတိယအကြိမ် ထပ်ဆက်မိပြန်သည်။

ဒီတစ်ခါ ကိုလေးထွန်းကို ခေါ်နိုင်း၍…

"သူပြန်တာ ဘာမှပြောမသွားဘူးလား ကိုလေးထွန်း၊ ဘာဖြစ်လို့ လိုက်မပို့လိုက်တာလဲ"

"သူ ပြန်မယ်လို့ ပြောတယ် ညီလေး၊ အစ်ကို လိုက်ပို့မလို့ ပစ္စည်းတင်မယ့်စာရင်းကို ကိုကိုလင်းလက်ထဲ သွားပေးနေတုန်း ပြန်ကြည့်တော့ သူ မရှိတော့ဘူး၊ ငမိုး လာပြောမှ ပြန်သွားမှန်း ကိုယ်သိတာ"

သတင်းက ဒါပဲဖြစ်သည်။

သူ ဘယ်ကိုလိုက်ရမှန်း မသိ။





ဘာကြောင့်ပြန်မရောက်တာကို တွေးလို့မရ။

စီးစီးက ဒီမြို့ခံ မဟုတ်ပေ။

ကျောင်းက သူငယ်ချင်းတွေအပြင် အပြင်မှာ သူစိမ်းမိတ်ဆွေ မရှိ။ ဒီပြင် ဝင်စရာ သွားစရာလည်း သူ ပြန်ခေါ်နေမှတော့ တမင်လှည့်ဝင်စရာ အကြောင်းမရှိပါ။

တွေးရင်း စိတ်ပူလာကာ မေမေ့ကို ဖုန်းဆက်ဖို့ သတိရလာ၏။ အထည်စက်မှာ မေမေရှိမလား။

စက်ရုံပိတ်ထားတာ ဆယ်ရက်ကျော်သွားပြီ ဖြစ်သည်။

မေမေ လောလောဆယ် သွားဖို့ အကြောင်းမရှိသေးပါ။

ဒါပေမယ့် ကိစ္စရှိလို့သာ လှည့်ဝင်မယ်ပြောသွားတာဖြစ်မှာပေါ့။

အထည်စက်ကို ဖုန်းဆက်ဖို့ စိတ်ကူးမိပြီးမှ စိန်ကုန်သည်ဒေါ်မာရီနဲ့ တွေ့ဆုံဖို့ရှိတယ်လို့ မနက်က လက်ဖက်ရည်ဝိုင်းမှာ ပြောတာကို သတိရလိုက်သဖြင့် ဒေါ်သီတာလွင် ဖုန်းနံပါတ်ကိုပဲ နှိပ်ဖြစ်လေသည်။

❑ ❑ ❑

"မေမြတ်က ဘယ်မှာလဲရှင့်"

အထည်စက်ရုံဆိုတာကို အသံကြားဖူးပေမယ့် စီးစီး တစ်ခါမှ မရောက်ဖူးခဲ့ပေ။

ကုမ္ပဏီက တစ်ယောက်တည်းထွက်လာပြီး ကားငှားဖို့ ရပ်နေတုန်း အိမ်ကကား ရောက်လာကာ…

"စီးစီး မဟုတ်လား၊ အန်တီမြတ် ခေါ်ခိုင်းလိုက်လို့ပါ"

ကားက မေမြတ်စီးနေကျကားပေမယ့် မောင်းလာသူကို တစ်ခါမှ မမြင်ဖူးသဖြင့် စီးစီး မျက်မှောင်လေးကုတ်သွားမိသည်။

"အန်တီမြတ်က ကျွန်တော့်မာမိနဲ့ အထည်စက်ကို သွားနှင့်ပြီ၊ အဲဒါ ခင်ဗျားကို သွားခေါ်ပေးပါဆိုလို့ သူ့ကားနဲ့ လွှတ်လိုက်တာ"

အထည်စက်ကို မေမြတ် လှည့်ဝင်မည်ပြောသော်လည်း သူမကို ခေါ်ဖို့တော့ မပြောခဲ့ပါ။





ဒါပေမယ့် စီးစီးရှေ့မှာ မေမြတ်ရဲ့ကားနဲ့ ရောက်လာသည့်အဖြစ်ကို သံသယကင်းစွာ တက်လိုက်လာခဲ့ခြင်း ဖြစ်၏။

စက်ရုံကြီးက အပြာရောင် သံတံခါးချပ်ကြီးနှစ်ချပ်နဲ့ ပိတ်ထားလျက် ဘေးဘက်တံတိုင်းနံရံမှာ မိုးနှင်းစက်ဟူသော ဆိုင်းဘုတ်လေး ချိတ်ထားသည်။

ကုမ္ပဏီမှာလည်း မိုးနှင်းစက်နာမည်နဲ့ပဲမို့ စီးစီး ဘဝင်ကျသွား၏။ တံခါးရှေ့မှာ ကားရပ်ပြီး ဟွန်းသံပေးလိုက်သည်နှင့် အောက်ခြေမှာ ဘီးတပ်ထားသော တံခါးကြီးအား လျှောခနဲ ဘေးတိုက်ပွင့်ထွက်သွားသည်။

စက်ရုံကြီးက ခြံတံခါးနဲ့ ဝေးဝေးမှာ တံခါးချပ်ကြီးတွေ အလုံပိတ်လျက် စက်ရုံပိတ်ထားပေမယ့် စက်ရုံနှင့် အလုပ်သမား တချို့ကို ဝင်းထဲမှာ မြင်ရ၏။

သူမကို ခေါ်လာသူက စက်ရုံရဲ့အနောက်ကို ပတ်ဝင်ကာ နောက်ဘက် သံလှေကားအတိုင်း အပေါ်ထပ်ကို ခေါ်သွားခဲ့သည်။

မေမြတ်တို့ ရှိတယ်ဆို လူသံသူသံလည်း မကြားရ။

ခြံထဲမှာ ကားလည်း တစ်စီးမှရှိမနေပေ။

စက်ရုံကြီးကို မေမြတ်တို့ပိုင်ဆိုတာ ယုံကြည်ပေမယ့် စီးစီး စိုးရိမ်စိတ်ဝင်လာမိလေသည်။

မေမြတ်ကို မေးတော့ သူက အခန်းတစ်ခန်းထဲသို့ ညွှန်ပြကာ…

"အဲဒီအခန်းထဲမှာ ခဏထိုင်စောင့်၊ သူတို့ နောက်ဘက်စက်ထဲမှာ ခဏဆွေးနွေးနေကြလို့ ဖြစ်မယ်"

ညွှန်ပြသည့်အခန်းထဲကို ဘုမသိ ဘမသိ ဝင်လိုက်မိစဉ် အပြင်ဘက်က တံခါးပြန်ပိတ်သွားတာကို သတိထားလိုက်မိကာ…

"ဒီမှာဗျ"

စီးစီး တံခါးနားပြေးသွားကာ တွန်းကြည့်သည်။ ဆွဲကြည့်၊ လှုပ်ကြည့်၊ သေချာပြီ။

တံခါးကို အပြင်က လော့ချသွားပါပြီ။

"ဒီမှာ ဟိုလူ ခင်ဗျား ဘာလို့တံခါးပိတ်သွားတာလဲ၊ ဖွင့်ပေး၊ ဖွင့်ပေး"

စီးစီး တံခါးကိုထုနက်ရင်း ကြောက်စိတ်တွေ ဝင်လာသည်။ စက်ရုံကြီးက အဆောင်ဆောင်အခန်းခန်းနှင့် ရှေးဟောင်းစာအုပ်သေတ္တာကြီးတစ်လုံးထဲ ဝင်နေရသလို ဆေးနံ့တွေ စက်နံ့တွေနဲ့ မွန်နေသည်။

သူမကို အပေါ်ထပ် အလယ်တည့်တည့်လောက်အထိ ခေါ်လာပြီးမှ သော့ခတ်ပစ်ခဲ့တာ ဘာလုပ်တာလဲ။





"ဘယ်သူ့ကိုမှ မယုံနဲ့ သား၊ သူတို့မှာ ရိုးသားမှုမရှိတော့ဘူး၊ မေမေတို့ကို အချိန်မရွေး ဒုက္ခပေးနိုင်တယ်"

စီးစီး သတိရလာသည်။

ဒါ. ဒေါ်ချိုမီသိမ်းတို့ လက်ချက်လား။

ဒါဆို စီးစီးကို သူတို့ ဘာလုပ်ကြမှာလဲ။

သူမ ဒီကိုပါလာတာ မေမြတ် မသိဘူးဆိုလျှင် ဦးသျှန်လည်း သိမည်မဟုတ်။

ဒါဆို မေမြတ် စီးသွားသည့်ကားကို သူတို့ ဘယ်လိုရအောင် ယူလာခဲ့တာလဲ။

ဒီကားကြောင့် သူမ ယုံကြည်စွာ လိုက်လာခဲ့မိခြင်းဖြစ်သည်။

အတွေးများနှင့် စီးစီး ကြောက်လန့်ကာ ချွေးတွေပြန်လာသည်။

ထိုစဉ် ရယ်သံသဲ့သဲ့နှင့်အတူ…

"ဘယ့်နှယ်လဲ စီးစီး၊ ချွေးပြန်နေပြီလား"

"ဟင်…"

လရိပ်အသံမှန်း သူမ သိလိုက်၏။

"ညည်းကို ဝမ်းသာစရာ ထပ်ပြောမလို့လေ၊ နားထောင်ဦး၊ အခု ညည်းကို ဘာလုပ်မှာလဲ သိလား"

စီးစီး နားထောင်နေမိသည်။

“ဟောဒီ စက်ရုံကြီးကိုရော ညည်းကိုရော တစ်ခါတည်း မီးသဂြိုဟ်ပစ်မှာ”

စီးစီး ဆတ်ခနဲတုန်သွားသည်။

“အဲဒါ ညည်း ငါတို့ကို စော်ကားခဲ့တဲ့အတွက် လျော်ကြေးပဲ”

“ဘာဆိုင်လဲ၊ ဒါကို့ ဒီလောက် ယုတ်မာစရာလား၊ လရိပ်ချို ခင်ဗျား စီးစီးကို တံခါးဖွင့်ပေးပါ၊ ခင်ဗျားတို့ လိုချင်တာ ဦးသျှန်ဆီက စီးစီး တောင်းပေးမယ်”

“ဘာပြောတယ်၊ ညည်းက ငါတို့ကို ပေးစာကမ်းစာ မျှော်ကိုးနေတဲ့ သူတောင်းစားမှတ်နေလို့လား၊ ငါတို့ လိုချင်တာကို ညည်းကြောင့် ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူး၊ အဲဒီအတွက် ညည်းကို ငါ သတ်ပစ်ချင်လောက်အောင် မုန်းတယ် နားလည်လား၊ ဒါကြောင့် ညည်း အသက်ကို ခုနေ စိန်တွေ ရွှေတွေနဲ့ စက်ဝယ်တာတောင် ငါ မလဲနိုင်ဘူး၊ ဟင်း… ဟင်း… ဟင်း…”

“လရိပ်ချို”

စီးစီး ဒေါသဖြစ်ဖြစ်နှင့် တံခါးကို တအားထုပစ်လိုက်မိသည်။



ကြောက်စိတ်အစား ဒေါသတွေ တရှိန်ရှိန်တက်လာသည်။ သူတို့ တကယ်လုပ်မယ်ဆိုတာ အကြွင်းမဲ့ သေချာနေသည်။ ဒီလိုလုပ်တိုင်း လည်စင်းခံနေရမှာလား။

မာနက ခေါင်းထောင်လာသည်။

အခန်းကျယ်ကြီးထဲမှာ ဟိုဒီလှည့်ပတ်ပြေးရင်း ထွက်ပေါက်ရှာသည်။ ထိုစဉ် သူမနင်းထားသည့် ကြမ်းခင်းက ပူနွေးလာသည်။

အတော်ဆိုးဝါးသော အီတီတီချော်နံ့ကြီးက လှိုက်တက်လာ၏။

စီးစီး ရင်တွေဆောင့်ခုန်ကာ မျက်ကလဲဆန်ပြာ ဖြစ်သွား၏။ ဘုရား… ဘုရား… သူမ သေရတော့မည်လား။

မသေဘူး။ လူယုတ်မာတွေ ကြံစည်သမျှ ဘယ်တော့မှ မအောင်မြင်စေရဘူး။

စိတ်ကိုတင်း၍ ခေါင်မိုးပေါ် မော့ကြည့်လိုက်မိသည်။

အပေါ်က သံခွဆန်ခါကွက်က ပါးပါးလေးပဲ မြင်၏။

သို့သော် ခေါင်မိုးပေါ်တက်ပြေးလို့တော့ အောက်က မီးမြိုက်ခံရမည့် ဝေဒနာကို ရှောင်နိုင်မှာမဟုတ်ပေ။

ပြတင်းတံခါးဆီ ပြေးတော့ မှန်တံခါးအပြင်မှာ သံပန်းတစ်ထပ်ကာလျက်…

စီးစီး မှန်တံခါးကို ဆွဲဖွင့်ကာ စားပွဲခုံအောက်က သံချေးတက်နေသော ကျိုးပဲ့နေသည့် ဒလက်ဟောင်းကြီးတစ်ခုကို အားစိုက် မ,ယူလိုက်၏။

ထို့နောက် ထိပ်ဝကို သံပန်းတွေကြားထဲ ဆောင့်ထိုးထည့်ကာ အားရှိပါးရှိ နိုစီးချလိုက်သည်။

သွားကြိမ်းလောက်ဖွယ် အသံကြီးတစ်ခု ပွတ်ကြိတ်ထွက်ပေးလာကာ သံပန်းတွေက တွန့်ကွေးလန်သွားသည်။

ခြေထောက်အောက်က ပူနွေးခြင်းက တစ်စတစ်စ ပိုလာ၏။ စီးစီး သံပန်းအကာကို ပြေးရိုက်လိုက်၊ ကန့်လန့်ဖွင့်လိုက်နှင့် လက်ဖဝါးတွေ စုတ်ပြတ်၊ သွေးထွက်တဲ့အထိ ချွေးဒီးဒီးကျအောင် ကြိုးစားခဲ့သည်။

လူတစ်ကိုယ်စာ ထွက်နိုင်သည့် အနေအထားအထိ သံပန်းအကာ စုတ်ပွဲ လိမ်ကောက်သွားသောအခါ သူမ အောက်ဘက်ကို ငုံ့ကြည့်လိုက်မိ၏။

အောက်ဘက် ဝါးတစ်ရိုက်သာသာ မရှိတရှိလောက်မှာ သွပ်တန်းကျရှည်တစ်ခု ရှိသည်။

သူ့ရဲ့ ဘေးဘက်ယှဉ်လျက်မှာ ရေစင်ကြီးရှိနေ၏။

ရေစင်မှာ လှေကားရှိသည်။

စီးစီး ဘာမှစဉ်းစားမနေတော့ဘဲ ခြေဖဝါးတွေ နီရဲ





လာတဲ့အထိ ပူခြစ်နေပြီဖြစ်သော အခန်းထဲမှ လွတ်မြောက်ရေးအတွက် တံခါးပေါင်ပေါ်ကို ခွတက်ကာ ဟနေသော သံပန်းအကာကြားထဲက မရအရ တိုးထွက်လိုက်၏။

ဘယ်ကမှန်းမသိဘဲ အူထွက်နေသော မီးခိုးတွေက စက်ရုံကြီးရဲ့ နံဘေးမှာ အငွေ့တလွှန့်လွှန့်။

စက်ရုံအောက်ထပ် ဝမ်းထဲမှာ တကယ်မီးလောင်နေပြီဖြစ်သည်။ စီးစီး ထိတ်လန့်ကာ သွပ်တန်းကျပေါ်ကို မဆင်မခြင် ခုန်ချလိုက်မိရာ…

"ဝုန်း…"

"အား…"

မီးဟပ်ထားသလို ပူခြစ်နေသော သွပ်တန်းကြောင့် တစ်ကိုယ်လုံး ထွန့်ထွန့်လူးသွားသည်။

နေရာမှဆတ်ခနဲကုန်းထကာ ရေစင်ကြီးဆီသို့ ခြေထောက်က ပူပူ၊ ထိတ်ထိတ်လန့်လန့်နှင့် တအားပြေး၍ ခုန်ကူးပစ်လိုက်၏။

ဒီနေရာမှာ ဘောင်းဘီရှည်ဝတ်ထားခဲ့မိသောကြောင့် အတော်ကြီးအဆင်ပြေသွားတာ ဖြစ်သည်။

စီးစီး ရေစင်ကြီးကို တွယ်လိုက်မိတော့ စက်ရုံကြီးပတ်လည်မှာ မီးခိုးမည်းတွေ လိုက်တက်ကာ ညှိုမှိုင်းသော မီးညွှန့်

မီးစွယ်တချို့က မကောင်းဆိုးဝါးလျှာကြီးတွေလို လှစ်ခနဲ ရဲခနဲ မြင်လာရ၏။

စက်ရုံရှေ့မှာ ရှိနေကြသည့် အလုပ်သမားတွေ ဖုန်းရုံထဲ ပြေးဝင်၊ အပြင်ကို ပြေးထွက်နှင့် ဟိုပြေး ဒီပြေး ဖြစ်နေကြသော်လည်း တံခါးအသေပိတ်ထားသော စက်ရုံကြီးထဲကို နောက်ဘက်က ပတ်ဝင်ဖို့လည်း မသိကြပေ။

စီးစီး ကြောက်စိတ်နှင့် မောပန်းခြင်းတို့ ရောထွေးကာ အသားလေးတွေ တုန်နေသည်။

ပြုတ်ကျမသွားအောင် ထိန်းရင်း အောက်ဘက်က ပြေးလွှားနေကြသည်များကို အငေးသားကြည့်၍ အသက်ကို ဝအောင် ရှူရှိုက်နေရ၏။

ထိုစဉ် ကိုယ်မရှိုက်ခဲ့ပါဘဲ မျက်ရည်စက်တို့က ပိုးပိုး ပေါက်ပေါက် ကျလာကြလေသည်။

ဒုက္ခဖြစ်ပြီဆိုတော့မှ နေရာတကာ စိတ်မချနိုင်လွန်းသည့် သျှန် မျက်နှာကိုမြင်ကာ ဝမ်းပန်းတနည်း ဖြစ်လာသည်။

ဦးသျှန်ရယ်… အဟင့်…

စီးစီး ငိုလေပြီ။

❑ ❑ ❑



“မေမေ တကယ်မသိလိုက်ပါဘူး သားရယ်၊ အပေါ်ထပ်မှာတက်ပြီး မာရီနဲ့ ပစ္စည်းကြည့်နေတုန်း ကား ဘယ်လိုယူထုတ်သွားမှန်း မသိဘူး၊ ပြန်မယ်လုပ်တော့လည်း ကားက အခွင့်သင့်ပဲ၊ မာရီတို့ဒရိုင်ဘာက ခုနက ကားကို စက်ရုံက စက်ပြင် နောင်အေး ယူထုတ်သွားတယ်လို့ လာပြောတော့မှ သိရတာ”

“နောင်အေးဆိုတာ သူက ဘယ်လိုလုပ်သိတာလဲ မေမေ”

“သြော်… သူက မာရီဒရိုင်ဘာပဲဥစ္စာ၊ မာရီနဲ့ မေမေ စက်ရုံကိုရောက်တိုင်း သူပါတာပဲ၊ နောင်အေးကို သူ သိတာပေါ့၊ နောင်အေးကလည်း ဒီအိမ်နဲ့သူ ခင်ခင်မင်မင်ရှိခဲ့ဖူးတာကို ခုတုံးလုပ်ပြီး ကားကို ခပ်ပြောင်ပြောင်ဝင်ယူသွားတာပေါ့”

ကားယူသွားတာက မရိုးသားတာပဲဖြစ်သည်။

စီးစီး ပျောက်နေလို့ ရှာနေသည့် သျှန်က ကားပျောက်လို့ လှမ်းပြောသည့် မေမေ့စကားကြောင့် ဘာမှန်းမသိသေးသော်

လည်း မရိုးသားမှုတွေကို ဆက်စပ်မိကာ တရကြမ်း လိုက်ချလာခဲ့ခြင်း ဖြစ်သည်။

"ကျွီ…"

"အမလေး…"

ကားက ချက်ချင်း ဘရိတ်ဆောင့်အုပ်ပစ်လိုက်သဖြင့် နှစ်ယောက်လုံး ယိမ်းထိုးသွားကြသည်။

"ဖြည်းဖြည်းမောင်းပါ သားရယ်၊ အန္တရာယ်ရှိတယ်၊ သတိလက်လွတ် ဘာမှမဖြစ်ပါစေနဲ့"

နောင်အေးကို ခြေရာခံကာ အထည်စက်ကိုပဲ အမြန်ဆုံးရောက်အောင် မောင်းလာခဲ့မိသည်။

"သား… အမလေး… ဟို… ဟိုမှာ မီးခိုးတွေပါလား၊ စက်ရုံမီးလောင်နေပြီ"

ကားက စက်ရုံရှေ့မှာ ဝေါခနဲထိုးရပ်သွားသည်။

သျှန် ကားပေါ်က ပြေးဆင်းလိုက်သည်နှင့် နောက်ဘက်က မီးသတ်ကားသံတွေ ဆူညံပွက်လာ၏။

"အန်တီ… မီး… မီး…"

အလုပ်သမားတွေ ပြေးလွှားရောက်လာကြသည်။

"ဟဲ့… သမီး၊ ငါ့သမီးလေးရော နောင်အေးနဲ့ ဒီကိုရောက်လာသလား"





"ပါလာတယ်၊ ထွက်လာတာ မတွေ့ဘူးဗျ"

"ဟင်…"

"စီးစီး"

သျှန် မီးလောင်နေသည့် စက်ရုံကြီးဆီ ပြေးသွားသည်။

"သား… မသွားနဲ့၊ မသွားနဲ့ဦး၊ မီးတွေ တအားများနေပြီ"

ဒေါ်မြတ် တားပေမယ့် မရတော့ပေ။

ရှေ့က ဝင်မရတော့ သျှန် စက်ရုံနောက်ဘက်ကို လှည့်ပြေးသွား၏။

"သားရေ… အမလေး… လုပ်ကြပါဦး"

"ဆရာလေး… ဆရာလေး မသွားနဲ့ဗျ၊ မသွားပါနဲ့"

သျှန် ပျောက်ကွယ်သွားသည်။

ဒေါ်မြတ် ခြေမကိုင်မိလက်မကိုင်မိဖြစ်နေဆဲမှာ တစ်ဖက်ဆီမှ အရိပ်ကလေးတစ်ခု ပြေးထွက်လာသည်။

"မေမြတ်"

"ဟယ်… သမီး… အမလေး… ဟိုမှာ သားက သမီးအထဲမှာရှိတယ်ဆိုပြီး ပြေးဝင်သွားပြီ၊ လုပ်ကြပါဦး"

"ဟင်… ဦးသျှန် ဝင်သွားပြီ၊ ဟုတ်လား"

စီးစီး မေးခြင်းနှင့်အတူ ချာခနဲပြန်လှည့်ပြေးသွားလေသည်။

"ဟဲ့… ဟဲ့… စီးစီး ဒုက္ခပါပဲ၊ ထပ်ဝင်သွားပြန်ပြီ"

စီးစီး နောက်ကို တစ်ချက်လှည့်မကြည့်တော့ဘဲ သျှန်ကို လိုက်ရှာရင်း နောက်ဘက်လှေကားမှ တက်လာခဲ့သည်။

လှေကားသံတန်းတွေပင် ပူခြစ်နေပြီဖြစ်၏။

"ဦးသျှန်… ဦးသျှန်ရေ"

"ဝုန်း…"

"အမလေး…"

စီးစီး အထဲလှမ်းဝင်လိုက်သည်နှင့် နောက်ဘက်မှာ ဆယ်ပေပတ်လည်ခန့် ကြမ်းခင်းကြီး ဝုန်းခနဲ ပြိုကျသွားလေသည်။ ရှေ့က အခန်းနံရံကို ဆွဲထားလိုက်မိ၍သာ မီးတွေထဲ ကျမသွားခြင်းဖြစ်သည်။

စီးစီး ပူပြင်းလောင်မြိုက်ခြင်းကိုခံရကာ သျှန်ကို ရှာသည်။

"အား…"

အသားတွေ အက်ကွဲမတတ် ပူလာသည်။

မီးရှိန်ကြောင့် အားလုံးတ ကျွတ်ရွတက်ကာ အချိန်မရွေး ပြိုကျသွားတော့မည့် အနေအထားများ ရှိလာသည်။

နားနေခန်းများနှင့် ရှေ့မှာခင်းထားသည့် ကော်ဇောများပေါ် ခုန်လွှားလိုက်နင်းကာ…





"ဦးသျှန်ရေ… စီးစီး ဒီမှာ ဦးသျှန်"

"ဟာ… စီးစီး"

"ဦးသျှန်…"

"မလာနဲ့၊ မလာခဲ့နဲ့"

"နောက်မှာလည်း ပြိုကျကုန်ပြီ၊ ဆုတ်လို့မရတော ဘူး"

လိုင်လိုင်ထနေသော မီးခိုးတွေထဲမှာ တစ်ယောက်ကို တစ်ယောက် မမြင်ရဘဲ အသံသာ ကြားနေရသည်။

"စီးစီး"

"ဦးသျှန်"

"ကိုကို့အသံကြားတဲ့ဆီ ညာဘက်က ကပ်ပြေးလာခဲ့"

"လာပြီ၊ အဟွတ်… အဟွတ်…"

စီးစီး ရှေ့ကို မမြင်မစမ်း တိုးသွားနေဆဲ သျှန် ရောက် လာကာ စီးစီး လက်ကလေးကို ဆုပ်ကိုင်လိုက်၏။

ထိုစဉ်…

"ဖြောင်း… ဝုန်း…"

"အမလေး…"

"စီးစီး…"

စီးစီး တန်းလန်းကြီးဖြစ်သွားသည်။

သျှန်က စီးစီးလက်ကို အသေဆွဲထားကာ မရအရ ပြန်ဆွဲတင်၏။

"အမလေး… ပူလိုက်တာ၊ အား… ဦး… ဦးသျှန် စီးစီး သေတော့မယ်ထင်တယ်၊ အဟင့်… ဟင့်…"

"မငိုနဲ့ စီးစီး၊ ဒီဘက်ကိုလာ"

နိုင်မြဲမည်ထင်သည့် နံရံအခြေတွေကို လက်က မြဲမည့်တစ်နေရာမှာ ဆုပ်ထားရင်း ကပ်လျှောက်လာခဲ့သည်။

"စီးစီး မကြောက်နဲ့နော်၊ ကိုကို့ခါးကို ဖက်ထား၊ တအားဆုပ်ဖက်ထား"

"ဟုတ်ကဲ့"

မီးညွန့်တွေက ပြိုကျသော ကြမ်းခင်းနေရာများမှ ထိုးတက်လာကြသည်။

သူတို့အင်္ကျီတွေ ကျွတ်ကျွတ်ရွရွဖြစ်ကုန်ကာ မီးထတောက်တော့မတတ် ပူပြင်းလျက် အရောင်တွေပြောင်းလာသည်။

ရေချိုးချလိုက်သလို တသောသော စီးကျနေသော ချွေးတို့က အင်္ကျီကိုမစိုစွတ်စေနိုင်ဘဲ မီးကင်ထားသည့် သံပြားပေါ် ရေပေါက်ကျသလို ရှိနေတော့သည်။

"စီးစီး သတိထားနော်"

"ပူတယ်၊ ဟီး… ဟီး…"





သူ့ခါးကို ဖက်ထားရင်း စီးစီး ရှိုက်ငိုသည်။

သူလိုယောကျ်ားရင့်မာကြီးတောင်မှ မီးဒဏ်ကို မခံနိုင်တော့ဘဲ စီးစီးကို သူ နောက်ပြန်လှည့်၍ ကျစ်နေအောင်ဖက်ထားလိုက်သည်။

"ဝုန်း…"

"အမလေး…"

သူတို့ နောက်ပြန်လှည့်စရာ နင်းဖို့ကြမ်းခင်း မရှိတော့ပါ။

လက်ရှိ ရပ်နေကြရသည့် ရှစ်ပေသာသာ ကြမ်းခင်းက ဘယ်လောက်ခံမှာတဲ့လဲ။

သူ စီးစီးကို အားပေးသလို ထွေးဖက်၍ အနီးဆုံး ပြတင်းတံခါးတစ်ခုဆီ ရောက်အောင်သွားလိုက်သည်။

"သား… သားလေး"

"ဟင်…"

မထင်မှတ်ဘဲ အောက်ကလူတွေက သူတို့ကို လှမ်းမြင်သွားကြ၏။

ခုကျမှ ဆူညံနေသော မီးသတ်ကားသံများနှင့် လူတွေကို သူတို့ သတိထားမိကြသည်။

"ဟိုအပေါ်မှာ လူတွေဟေ့၊ မြန်မြန်လုပ်"

"ကျွန်မ သားနဲ့ သမီးပါရှင်၊ ကယ်ကြပါဦး၊ လုပ်ကြပါဦး၊ သားလေး သမီးကို မြဲမြဲကိုင်ထား"

"ပိုက်တန်းဟော့… မြန်မြန်လုပ်"

မီးသတ်ရဲဘော်တွေက အမြန်ဆုံးလှုပ်ရှားကြသည်။ မီးသတ်ပိုက်တွေက ရေလုံးကြီးတွေ ထောင်တက်လာသလို သူတို့ရှိနေသည့် တံခါးပေါက်တည့်တည့်မှာ ပိုက်ခံထားပြီး ဖြစ်လေသည်။

"ဟေ့ လူတွေ၊ ဒီကို တည့်တည့်ခုန်ချလိုက်"

"သားရေ… ဒီကို ခုန်ချ၊ ရဲရဲခုန်ချ"

"ဟေ့… မြန်မြန်လုပ်၊ ပြိုကျကုန်မယ်"

အောက်ဘက်က ပြောသမျှ အားလုံးကို ကြားတစ်ချက် မကြားတစ်ချက်။

စီးစီးက သူ့ရင်ခွင်ထဲမှာ မျော့မျော့လေးရှိတော့ကာ သူလွှတ်ချလိုက်လျှင် ပုံကျသွားတော့မည် ဖြစ်လေသည်။

"စီးစီး ချာတိတ်"

"ဟင်…"

"ကိုကို့ကို ဖက်ထားနော်၊ အသေ ချာကိုင်ပြီး ဖက်ထား၊ ကိုကို ဒီကနေ ခုန်ချလိုက်တော့မယ်"

"ဟင်… ခုန်ချမယ်"





စီးစီး မျက်လုံးလေးဖွင့်လာကာ အောက်ကို ငုံ့ကြည့်မယ်လုပ်တော့ သူက အကြည့်မခံဘဲ ကိုယ်နဲ့ကွယ်၍…

"ကဲ… မျက်လုံးမှိတ်ထားလိုက်"

"ဦးသျှန် စီးစီး ကြောက်တယ်"

ထိုစဉ် သူတို့ ရပ်နေသည့် ကြမ်းခင်း ဖျင်းခနဲလှုပ်ခတ်သွားသဖြင့် သျှန် စီးစီးကို ပြတင်းပေါက်ပေါင်ပေါ် အရင်ပွေ့တင်ကာ သူပါ လွှားတက်လိုက်၏။

"ဦးသျှန် စီးစီး ကြောက်တယ်"

စီးစီး အောက်ကိုငုံ့ကြည့်ကာ သူ့ရင်ခွင်ထဲ တအားတိုးဝင်သည်။

"ကြောက်လို့မရဘူး ချာတိတ်၊ ဒီကြမ်းခင်း ပြိုသွားရင် အောက်က မီးဟပ်ပြီး တို့ကို ပျော်ကျသွားတော့မှာ၊ ကဲ… မျက်စိမှိတ်ထား"

"ဟင့်အင်း… ဟင့်အင်း… အမလေး…"

သျှန် စီးစီးကို တင်းနေအောင်ဖက်၍ ပိုက်ပေါ်တည့်တည့်ကို ခုန်ချပစ်လိုက်သည်။

ရင်ထဲမှာ လှပ်ခနဲအေးသွားကာ ယောက်ျားတန်မဲ့နှင့် ကျင်ခဲအေးစက်သွားသည်။

ထို့နောက် ပိုက်ခံထားသည့် အပေါ်ကို အိခနဲဆင်းသွား

ကာ အရှိန်နှင့် အထက်သို့ နှစ်ခါမျှ ခုန်တက်နေသေးသည်။

"သားလေး"

ဒေါ်မြတ် ပြေးလာသည်။

"ဝှန်း… ဖြောင်း…"

အရှိန်မြင့်လာသော မီးလောင်ပြိုကျသံများနှင့် နောက်ထပ် ရောက်လာကြသော မီးသတ်ကားများက မီးကို ကြိုးစားငြိမ်းသတ်နေကြလေသည်။

"မေမေ စီးစီးကို ကြည့်ပါဦး"

"ဟင်… သမီးလေး ဘာဖြစ်သွားတာလဲ"

ရုတ်တရက် ထမရသော သူ့ရင်ခွင်ထဲကနေ စီးစီးကို မေမေက ဆွဲထုတ်သည်။

စီးစီး သတိလစ်နေပြီ ဖြစ်လေသည်။

"သမီးလေး… အမလေး… ဒီကောင်မလေး သူ လွှတ်လာပြီးမှ သား ဝင်သွားတယ်ဆိုလို့ ပြန်လိုက်သွားတာ သားရဲ့ ဖြစ်ရလေကွယ်"

သျှန် နေရာမှ ကြိုးစားထရပ်ကာ စီးစီးကို ပြန်ပွေ့ယူလိုက်သည်။

"စီးစီး ချာတိတ်"





သူ စီးစီးကို ပါးလေးနှစ်ဖက်ကို ခပ်ဆတ်ဆတ်ပုတ်၍ လှုပ်နိုးသည်။

"အင်း…"

စီးစီး လူးလွန့်လာသည်။

သျှန် နေရာမှ ကြိုးစားထရပ်ကာ စီးစီးကို ကားပေါ်တင် လိုက်၏။ သတိရလာတဲ့အခါ စီးစီးကို သူ မီးလောင်နေသည့် မြင်ကွင်းအား မမြင်စေလိုတော့ပါ။

ဒေါ်မြတ်ကတော့ ကိုယ့်ပစ္စည်း ကိုယ့်ခြံဝင်းမှာ အခင်း ဖြစ်နေသည်မို့ ရပ်ကျန်ခဲ့ရသည်။

သူ အတော်ဝေးဝေးထိ ကားကို မောင်းလာခဲ့ပြီးမှ ရပ် ပစ်လိုက်သည်။

"ချာတိတ်"

စီးစီး သူ့ပခုံးစွန်းမှာ ခေါင်းလေးမှေးနေရင်း မျက်လုံး တွေ ပွင့်လာသည်။

"ချာတိတ် သတိရပြီလား"

စီးစီး ခေါင်းထောင်လာကာ ပတ်ဝန်းကျင်ကို ဟိုဒီ လိုက် ကြည့်၏။

"စောစောက ဆောင်းအိပ်မက်ပါကွာ၊ အခု ဘာမှမရှိ တော့ဘူး"

သူမဘက်ကို လှည့်ပြုံးပြနေသော ဆောင်းအိပ်မက်ဆိုသည့် သျှန် မျက်နှာချောချောမှာ မီးသင့်ထားသည့် မှိုင်းငွေ့တွေ ရိုက်ထားမှုကြောင့် ညိုညစ်ညစ် နွမ်းယဲ့စွာနဲ့ပါ။

စီးစီး သျှန်ကို ငေးငေးလေး မော့ကြည့်နေလျက်မှ မျက်ရည်တွေ တစ်ရစ်ချင်း ဝေ့တက်လာသည်။

စည်းစိမ်သျှန်ဆိုသော ဒီယောက်ျားကို သူမ သည်းသည်းလှုပ်မျှ မြတ်နိုးအားကိုး ချစ်ခင်မိခဲ့လေပြီပဲ။

"ကိုကို"

"ဟင်… ချာတိတ်…"

"ကိုကိုရယ်… ဟင့်…"

စီးစီး သျှန့်ရင်ခွင်ထဲ တိုးဝင်ကာ တဟင့်ဟင့် ရှိုက်ငိုမိသည်။ ဒီမျက်ရည်များဟာ အန္တရာယ်က လွတ်မြောက်ကျော်လွှားနိုင်ခဲ့လျက် ချစ်ရသူကို အထင်ကြီးမက်မောတတ်ခဲ့သော ကြည်နူးခြင်းများနဲ့ ဖြစ်လေသည်။

"မငိုနဲ့ ချာတိတ်၊ မင်း ငိုရင် ကိုကိုက ပွေ့ဖိုက်ယုယပြီး ချော့ချင်တာ၊ လမ်းပေါ်မှာ မကောင်းဘူးကွ၊ မျက်ရည်တွေ ချန်ထားဦး၊ အိမ်ကျမှ ငို"

သျှန်က စီးစီး လက်ဖဝါးလေးကို တစ်ချက်ဖျစ်၍ မျက်ရည်သုတ်ပေးသည်။





"မီးတွေငြိမ်းသွားပြီလား ကိုကို"

"ငြိမ်းသွားပြီ၊ ကိုကို့ရင်ထဲက မီး"

စီးစီးက သျှန်လက်မောင်းမှာ ပါးလေးပွတ်တိုက်၍…

"စီးစီးကိုလေ… လ… လရိပ်"

"အဲဒါတွေ သူတို့ဇယားနဲ့ သူတို့ ရှင်းသွားမှာပါကွာ၊ ခေါင်းထဲထည့်မနေနဲ့"

"ကိုကို"

"ပြောလေ"

"ကိုကိုသာ တစ်ခုခုဖြစ်သွားရင်…"

"ဘာလဲ နောက်ထပ်ရည်းစားထားမလို့လား"

"ကိုကိုနော်"

စီးစီး မျက်ရည် ဝေ့ခနဲတက်လာပြန်ကာ နှုတ်ခမ်းစူသွား၏။

"ဟာ… မငိုနဲ့တော့နော်၊ ဒီတစ်ခါဆို ကားပေါ်မှာလည်း ထိန်းတော့မှာ မဟုတ်ဘူး"

"ကိုကိုက ရယ်နေတာပဲ"

"မရယ်လို့ ငိုရမှာလား၊ ကိုကိုက မင်းလေးအနားမှာ ရှိနေရင် တစ်လောကလုံးမှာ ရှိသမျှလူတွေ ရယ်နေနေ ငိုနေနေ ဂရုမစိုက်ဘူး၊ ယုံလား"

"အင်း…"

သျှန်က ကားကို ပြန်မောင်း၍ လမ်းပေါ်ရောက်လာ ပြန်သော်…

"အိမ်ရောက်ရင် ကိုကို မေးမယ်၊ ဖြေမှာလား"

"ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"ကိုကို့ကို"

"မမေးရသေးဘူးလေ"

"ဖြေချင်နေပြီဟာကို"

"ဟား… ဟား… ဟား…"

စီးစီးက ကိုကို့လက်မောင်းကို မသိမသာလေး နိုးနမ်းကာ ခပ်ယဲ့ယဲ့လေး ရယ်သည်။

အိမ်ရောက်တော့လည်း ဖြေမှာပေါ့။

ကိုကို့ကို သိပ်ချစ်တယ်လို့။

သျှင်မ